


The VOICE Daily




Vol. 4 / No. 218 | Established in 2004 | ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇) ရက်၊ (Wednesday, December 21, 2016)

# ငြိမ်းချမ်းရေးရန်ပုံငွေ တိုင်းရင်းသားလက်နက်ကိုင်များ ပါဝင်ဆုံးဖြတ်ခွင့်ရ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် နိုင်ငံတကာကပေးအပ်မည့် ရန်ပုံငွေများကို စီမံခန့်ခွဲရာတွင် မျှတမှုရရှိစေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များ ပါဝင်ဆုံးဖြတ်နိုင်စေရန် ကော်မတီတစ်ရပ်ကို ပထမဆုံးဖွဲ့စည်းလိုက်သည်။

ယင်းကော်မတီကို အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များ စုပေါင်း၍ ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

အဆိုပါကော်မတီကို နေပြည်တော်တွင် ဒီဇင်ဘာလ ၂၀ ရက်က တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အစိုးရဘက်က ကော်မတီဝင်ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်က ရှစ်ဦး၊ စုစုပေါင်း ၁၆ ဦးနှင့် အကြံပေးနှစ်ဦး ပါဝင်မည်ဖြစ်ကြောင်း၊ အပစ်ရပ်စာချုပ်လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်များလည်း ပါဝင်ကြောင်း ယင်းကော်မတီထံမှ သိရသည်။ စာ 28

## ရုရှားသံအမတ်ကို တူရကီရဲ ပစ်သတ်


စာ 32
Photo by AFP

ဆီးရီးယားအရေး၌ ရုရှားပါဝင်ပတ်သတ်သည်ကို မကျေနပ်သည့် တူရကီရဲတစ်ဦးက ရုရှားသံအမတ်ကို တူရကီနိုင်ငံ အန်ကာရာမြို့ရှိ ပန်းချီပြခန်းတွင် ပစ်သတ်ခဲ့သည်

## ရှန်းရင်းဆန်ခတ်ဖြစ်၍ ကားပါမစ်ထုတ်ပေးခြင်း လုံးဝရပ်ဆိုင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ယခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒအဟောင်းဖြင့် တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် နောက်ဆုံးလျှောက်ထားရမည့်ရက်မှာ ဒီဇင်ဘာလ ၂၃ ရက်နေ့ဟု သတ်မှတ်ထားသော်လည်း အတုအယောင်လျှောက်ထားသူ များပြားခြင်းနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ခြင်းတို့ကြောင့် ပါမစ်ထုတ်ပေးခြင်းကို ဒီဇင်ဘာလ ၂၀ ရက်နေ့၌ လုံးဝရပ်ဆိုင်း လိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောကြားသည်။

"အတုအယောင်တွေ အရမ်းများတယ်။ ပြီးတော့ စာ 28

## မုံရွာသတင်းထောက် အသတ်ခံရမှု သံသယရှိသူနှစ်ဦးကို ဖမ်းဆီး

**မုံရွာ၊ ဒီဇင်ဘာ ၂၀**

မုံရွာမြို့ ပြည်ထောင်စုလမ်းမတွင် ဒီဇင်ဘာလ ၁၂ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် မုံရွာအခြေစိုက်သတင်းထောက် ကိုစိုးမိုးထွန်းသေဆုံးမှုတွင် သံသယရှိသူနှစ်ဦးကို ဒီဇင်ဘာလ ၁၉ ရက်နေ့ ညနေက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ အထူးစုံစမ်းရေးနှင့် စစ်ဆေးရေးအဖွဲ့ကို တိုင်းရဲတပ်ဖွဲ့မှူးအမိန့်ဖြင့်ဖွဲ့စည်းခဲ့ပြီး ရက်တစ်ပတ်ကျော်ကြာ စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ သံသယဖြစ်ဖွယ်တွေ့ရှိချက်များ စာ 28

## မြန်မာ - အမေရိကန် စစ်ဘက်ဆက်ဆံရေး နောက်တစ်ဆင့် ပုံဖော်ကြည့်ခြင်း

စာ 4



# NEWS

## ဆော့လော်တွင် ဆန်စျေးကြီး၍ သစ်ဥ၊ သစ်ဖု စားနေရဟုဆို

**နေပြည်တော်၊ ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ် မြောက်ပိုင်းရှိ ဆော့လော်မြို့နယ်တွင် ဆန်တစ်အိတ် ကျပ် ငါးသောင်းကျော်နှုန်းရှိနေသဖြင့် ငွေကြေးချို့တဲ့သူများမှာ သစ်ဥ၊ သစ်ဖု များသာ စားသုံးနေရသည်ဟု ဆော့လော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလာမာလေးက ပြောကြားသည်။

"မြစ်ကြီးနား၊ ချီဖွေတို့ကနေ ဆန် ဝယ်စားမယ်ဆိုရင် ဆော့လော်မြို့နယ် အရောက် သယ်ယူစရိတ်အပါအဝင် ဆန် တစ်အိတ်ကို ငါးသောင်းကျော် ပေးဝယ် စားနေရတယ်၊ ဆင်းရဲသား ပြည်သူတွေ ဟာ အခုဆိုရင် သေမထူး နေမထူးဘဝကို ရောက်နေပါတယ်။ အခုဆိုရင် သစ်ဥ၊ သစ်ဖု တွေသာ စားသုံးနေရတယ်"ဟု ၎င်းက ပြောသည်။

ယနေ့(ဒီဇင်ဘာလ ၂၀ ရက်)ကျင်းပ သော ပြည်သူ့လွှတ်တော် အစည်းအဝေး တွင် ချီဖွေ-ဆော့လော် လမ်းဟောင်း (ဇနောင်ယန်-ဖလ-ဆော့လော်) လမ်း ၃၄ မိုင်သည် ၂၀၁၂ ခုနှစ်မှစ၍ နိုင်ငံရေး မတည်ငြိမ်မှုကြောင့် ပြည်သူများ ကျန်းမာ ရေး၊ ပညာရေးနှင့် စားဝတ်နေရေးအဆင် မပြေဖြစ်နေခြင်းကြောင့် အမြန်ဆုံးဖွင့် လှစ်ပေးရန် အစီအစဉ်ရှိ မရှိမေးမြန်းမှုအပြီး တင် ၎င်းကမီဒီယာများကို ပြောကြားခြင်း ဖြစ်သည်။

မိုးများစွာ ရွာသွန်းခြင်းကြောင့် တောင်ယာမီးမရှို့နိုင်ခြင်း၊ တောင်ယာ စပါး များ မစိုက်ပျိုးနိုင်သောကြောင့် ဆန်ကို အခြားဒေသမှ ဝယ်စားနေရခြင်းကြောင့် လမ်းဆက်သွယ်ရေးကို ဦးစားပေးလုပ်စေ လိုကြောင်း ၎င်းကပြောသည်။

၃၄ မိုင်ရှည်သောကားလမ်းသည် ၂၀၁၂ ခုနှစ်တွင် တပ်မတော်နှင့် ကေအိုင် အေတို့တိုက်ပွဲကြောင့် ပိတ်လိုက်ခြင်း ဖြစ်ပြီး လက်ရှိအချိန်တွင်ကားလမ်းမဟုတ် သည့် တောင်တက်တောင်ဆင်း အကွေ့ အကောက်များပြီး ၇၅မိုင်ရှည်လျားသည့် ချီဖွေ - လန်းယန်(တောင်သုံးလုံး၊ စုစည်း လမ်း)ကိုသာ အသုံးပြုနေရကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

"ဆိုင်ကယ် ကယ်ရီခကလည်း တစ်သောင်းခွဲ၊ ကားအော်ဒါငှားမယ်ဆိုရင် ခုနစ်သိန်းကနေ ရှစ်သိန်းအထိပေးနေရ တယ်။ ကုန်ကျစရိတ်က လမ်းဟောင်း ထက်နှစ်ဆ သုံးဆလောက်ပိုပေးနေရ တယ်"ဟု ဦးလာမာလေးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဆောက် လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က "ဒီလမ်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လုံးဝ ချဉ်းကပ်လို့ မရဘူး ၊ ဒါကြောင့် ဆောင်ရွက် မပေးနိုင်တာကို ဝမ်းနည်းစွာပြောကြား လိုပါတယ်၊ နယ်မြေလုံခြုံရေးကောင်းလာရင် ရာသီမရွေး သွားလာလို့ရအောင် ဆောင်ရွက် ပေးသွားမှာပါ"ဟု ဖြေကြားခဲ့သည်။

ဆော့လော် မြို့နယ်သည် မြို့နယ်ဖြစ် သည်မှာ နှစ်ပေါင်း ၄၀ ကျော်ကြာပြီဖြစ် သော်လည်း လက်ရှိအချိန် အထိ ကတ္တရာ လမ်းမရှိသေးကြောင်း ဦးလာမာလေးက ပြောဆိုသည်။ ■ S-01

## ပညာရေးကွန်ရက်က မြန်မာရွှေ့ပြောင်း ကျောင်းများအတွက် ကျပ်သိန်းတစ်ရာလှူဒါန်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ငွေကြေးထောက်ပံ့မှု နည်းလာ သောကြောင့် ကျောင်းဆက်ဖွင့်ရန်အခက် အခဲတွေကြုံနေရသည့် ထိုင်းနိုင်ငံအတွင်း ရှိ မြန်မာရွှေ့ပြောင်း ကျောင်းများအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီ ပညာရေးကွန်ရက်က ကျပ်သိန်း တစ်ရာနှင့် စာရေးကိရိယာများလှူဒါန်း ခဲ့ကြောင်း မဲဆောက်အခြေစိုက် မြန်မာ့ ရွှေ့ပြောင်းဒေသ ဆရာ၊ ဆရာမများ အစည်းအရုံး အထွေထွေအတွင်းရေးမှူး ဦးနိုင်နိုင်ထွန်းက ပြောကြားသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမား များ ပညာရေးကော်မတီ(BMWEC) အဖွဲ့ဝင်ကျောင်းများအတွက် ကျပ်သိန်း လေးဆယ်၊ မြန်မာရွှေ့ပြောင်း ဒေသဆရာ၊ ဆရာမများအစည်းအရုံး(BMTA) အဖွဲ့ ဝင်ကျောင်းများအတွက် ကျပ်သိန်း ခြောက်ဆယ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး BMWEC အဖွဲ့ဝင် ကျောင်းပေါင်း ၂၄ ကျောင်း၊ BMTA အဖွဲ့ဝင်ကျောင်းပေါင်း ၅၂ ကျောင်းရှိကြောင်း အဆိုပါအစည်း အရုံးထံမှ သိရှိရသည်။

"ကျွန်တော်တို့ဘက်ကတော့ လုပ်ခ လစာမရရှိတဲ့ကျောင်းတွေက ဆရာ၊ ဆရာမ တွေကို ပြန်လှူပါတယ်။ နောက်ဘာ အထောက်အပံ့မှမရဘဲ မြန်မာပြည် လေး တန်း၊ ရှစ်တန်းဖြေနေတဲ့ ကျွန်တော်တို့ အဖွဲ့ဝင်ကျောင်းတွေကို ပြန်လှူပေးပါ တယ်။ အရင်တုန်းကတော့ လစာမရတဲ့ ဆရာ၊ ဆရာမတွေပဲ သီးသန့်လှူပါတယ်။ အခုတစ်ကြိမ်ကတော့ မြန်မာ့ပညာရေးနဲ့ ဆက်စပ်ဆောင်ရွက်နေတဲ့ ကျောင်းတွေ ကို စတင်ကူညီတာလည်း ဖြစ်ပါတယ်" ဟု ဦးနိုင်နိုင်ထွန်းက ပြောကြားသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီ ပညာရေးကွန်ရက်အနေနှင့် ထိုင်း-မြန်မာနယ်စပ်ဒေသ ရွှေ့ပြောင်း မိသားစုများ၏ ကလေးငယ်များ ပညာ ရေးအတွက် ၂၀၁၃ ခုနှစ်ကတည်းက စတင်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ကျပ်သိန်းလေးရာနှင့် ဆယ်တန်းဖြေဆို မည့် ကျောင်းသားများအတွက် ထောက်ပံ့ စရိတ် ၃၅ သိန်း လှူဒါန်းထားပြီးဖြစ် ကြောင်း ယင်းကွန်ရက်ထံမှ သိရှိရသည်။

ယင်းကွန်ရက်ညှိနှိုင်းရေးမှူး ဒေါ်စိုးစိုး (ရုံးအဖွဲ့)က "သူတို့ဆီမှာ ဘာအခက်အခဲ ရှိလဲဆိုတော့ ယခင်တုန်းက ဘဏ္ဍာငွေ ထောက်ပံ့မှုအဆင်ပြေတယ်။ အခုမှာ တော့ ထောက်ပံ့မှုနည်းလာတာကြောင့် ဆက်ပြီးရပ်တည်ဖို့ အခက်အခဲရှိတယ် လို့ပြောတယ်။ တခြားအနေနဲ့ သူတို့စိုးရိမ် တာက ပြည်တွင်းထောက်ပံ့မှုရှိတာ ကြောင့် ပုံမှန်ထောက်ပံ့မှုရတယ်ထင်နေ ပြီး တခြားအဖွဲ့အစည်းတွေက ထောက်ပံ့ မှုရပ်သွားမှာပါပဲ" ဟု ပြောကြားသည်။

ထိုင်းနိုင်ငံအတွင်း မြန်မာနိုင်ငံမှ စစ်ဘေးဒုက္ခသည်ကလေးများနှင့် ရွှေ့ ပြောင်းမိသားစုများ၏ ကလေးငယ်စုစု ပေါင်း လေးသိန်းကျော်ရှိသည့်အနက် ၂၂,၀၀၀ ခန့်ကျောင်းပြင်ပရောက်ရှိနေ ကြောင်း ကလေးငယ်များပညာရေးလုပ် ဆောင်နေသည့် ချင်းမိုင်အခြေစိုက် BEAM Education ဒါရိုက်တာ ဦးကျော်ကျော်မင်းထွဋ်က ဇူလိုင်လ အတွင်းကပြုလုပ်သည့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ နှီးနှောပွဲ တွင် ပြောကြားထားသည်။ ■

## အမေရိကန်ဒေါ်လာစျေး ကျပ် ၂၀ ခန့် ပြန်တက်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**



ဓာတ်ပုံ- ရဲပြည့်ဇာနည်

အမေရိကန်ဒေါ်လာ ပြင်ပပေါက် စျေးမှာ တနင်္လာနေ့ (ဒီဇင်ဘာ ၁၉) တွင် စျေးကျလာခဲ့ရာမှ ဒီဇင်ဘာလ ၂၀ ရက် နေ့အရောက်၌ တစ်ရက်တာကာလ အတွင်း ကျပ် ၂၀ ခန့် စျေးပြန်လည်တက် သွားကြောင်း ငွေကြေးစျေးကွက်အတွင်း မှ သိရသည်။

ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် စျေး ပြန်ကျချိန်က ပြင်ပဒေါ်လာပေါက်စျေးမှာ တစ်ဒေါ်လာကို ၁၃၇၅ ကျပ်သာရှိခဲ့ပြီး ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ၁၃၉၅ ကျပ် သို့ပြန်တက်သွားကြောင်း ယင်းစျေးကွက် အတွင်းမှ သိရသည်။

"ကားတင်သွင်းတာတွေ ရပ်လိုက် လို့ စျေးကနည်းနည်းပြန်ကျသွားပေမယ့် ကုန်ပစ္စည်းတင်သွင်းတဲ့သူတွေအတွက် ဒေါ်လာက လိုနေဦးမယ်။ အဝယ်လိုက် လာလို့ ဒေါ်လာစျေးပြန်တက်လာတာ။ ဒီထဲမှာတော့ စျေးကစားသူတွေ ရှိနေဦး မှာ။ စျေးဝင်ကစားရင် စျေးတွေအတက် အကျ ကြမ်းကုန်လိမ့်မယ်" ဟု ကမ္ဘောဇ ဘဏ်မှ အကြီးတန်းအကြံပေးအရာရှိ ဦးသန်းလွင်က ပြောကြားသည်။

တစ်ဒေါ်လာကို ၁၃၇၅ ကျပ် နီးပါး စျေးကျဆင်းချိန်တွင် ဒီဇင်ဘာလ ၂၀ ရက်နေ့၌ ဗဟိုဘဏ်က တစ်ဒေါ်လာကို ၁၃၇၅ ကျပ်ဟု သတ်မှတ်လိုက်ခြင်းကြောင့် ပြင်ပစျေးကွက်တွင်ပါ စျေးပြန်တက်လာ ခြင်းဖြစ်ကြောင်း ပုဂ္ဂလိကငွေလွှဲကောင်တာ များထံမှ သိရသည်။

ဒေါ်လာစျေး အတက်အကျကြမ်း သောကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် များအနေနှင့် အခက်အခဲများဖြစ်ပေါ်နေ ပြီး တည်ငြိမ်သော စျေးကွက်တစ်ခု လုပ် ဆောင်ပေးရန်လိုအပ်ကြောင်း ရေထွက်ပို့ ကုန်လုပ်ငန်းရှင် ဒေါ်တိုးနန္ဒာတင်က ပြော ဆိုသည်။

အောက်တိုဘာလလယ်မှစ၍ တရိပ်ရိပ်တက်လာသော ဒေါ်လာစျေး သည် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် တစ် ဒေါ်လာ ၁၄၃၈ ကျပ်သို့ မြင့်တက်သွားပြီး ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ၁၃၇၅ ကျပ် အထိ စျေးပြန်ကျခဲ့သည်။ ■ J-13

## လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးလှဆွေနှင့် မင်းရွာအုပ်စု အုပ်ချုပ်ရေးမှူး အပြန်အလှန်အမှုဖွင့်

**ကလေး၊ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ နယ်၊ မင်းကျေးရွာတွင် စုန်းအတတ် တစ်ဖက် ကမ်းခပ်တတ်သူများရှိသည်ဟု လူမှုကွန်ရက် တွင် စွပ်စွဲရေးသားမှုနှင့် ပတ်သက်၍ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဟောင်း ဦးလှဆွေနှင့် မင်းကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးတို့ ဆက်သွယ်ရေးပုဒ်မ ဖြင့် အပြန်အလှန် အမှုဖွင့်ထားကြောင်း ယင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်မြတ်ထံမှ သိရသည်။

မင်းကျေးရွာတွင် စုန်းအတတ် တစ်ဖက်ကမ်းခပ်တတ်သူများရှိကြောင်း ဦးလှဆွေက လူမှုကွန်ရက်တွင် ရေးသား ခဲ့မှုနှင့် ပတ်သက်၍ ပြန်လည်ချေပပြောဆို ရေးသားခဲ့သော မင်းရွာသူ မဇင်မာကြည် ကို ဒီဇင်ဘာလ ၁၇ရက်နေ့က နေပြည်တော် ကောင်စီနယ်မြေ ထုံးဘိုရဲစခန်းတွင် ဆက် သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့်ဦးလှဆွေက အမှုဖွင့်ခဲ့ပြီး ယင်းအမျိုးသမီးကို ဒီဇင်ဘာလ ၁၈ ရက်နေ့က ကျေးရွာမှ ဖမ်းဆီးသွား ကြောင်း ဦးလှဆွေကို ပြန်လည်အမှုဖွင့်ခဲ့ သူ မင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်မြတ်က ပြောကြားသည်။

စုန်းအတတ်တစ်ဖက်ကမ်း ခပ်တတ် သူဟု စွပ်စွဲရေးသားမှုမှာ ရွာသူ ရွာသား များ၏ ဂုဏ်သိက္ခာ ထိခိုက်စေသော ကြောင့် ဦးလှဆွေကို ဒီဇင်ဘာလ ၁၉ ရက် နေ့တွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ဂန့်ဂေါမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်း ဖြစ်ကြောင်း ဦးတင်မြတ်က ပြောဆိုသည်။

မင်းရွာတွင် စုန်းအတတ် တစ်ဖက် ကမ်းခပ်တတ်သူများရှိကြောင်း စုန်းအတတ် ပညာဖြင့် အာဖရိကနိုင်ငံတွင် အလုပ် လျှောက်၍ရကြောင်း ဦးလှဆွေ၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာတွင် စက်တင်ဘာ ၂၀ ရက်နေ့ က ရေးသားခဲ့မှုမှာ ယောဒေသကို ကောင်း ကျိုးအဖြစ် မမြင်ပေးဘဲ မင်းရွာသူ ရွာသား များ၏ ဂုဏ်သိက္ခာကျဆင်းအောင် ရေးသား သဖြင့် ရဲစခန်းတွင် တိုင်ကြားရခြင်းဖြစ် ကြောင်း ၎င်းက ပြောဆိုသည်။

"ကျွန်တော်တို့ ယောသူယော သားဆိုတာ အမှုကိုမလိုပါဘူးဗျ၊ ဖေ့စ်ဘွတ်ခ် ပေါ်မှာ မင်းရွာဂုဏ်သိက္ခာကျအောင် သူရေး ရေးချင်း ကျွန်တော်တို့ ဘာမှမလုပ်ဘူး၊ ကျွန်တော်တို့ရွာက မဇင်မာကြည်က ယောဒေသမှာ ပရဟိတတွေ လုပ်နေကြတယ်။ ဘုရားဟော အသိပညာတွေနဲ့ ပတ်သက် ပြီး ကျယ်ပြန့်အောင် ဆောင်ရွက်နေတဲ့ အကြောင်း ဦးလှဆွေအနေနဲ့ ဒီလို မရေး ဖို့သူ့ရဲ့ဖေ့စ်ဘွတ်ခ်စာမျက်နှာကနေ ပြန်တင် တဲ့အခါကျတော့ ကျွန်တော်တို့ ရွာသူလေး ကို တရားစွဲတယ်၊ ယောဒေသက သာမန် မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့် ခေါ်သွားတယ်ဆိုရင် ယောဒေသက လည်း ဘာဖြစ်လို့ ခံနေရမှာလဲဆိုပြီး အရေး ယူပေးဖို့ ရဲစခန်းမှာ သွားတိုင်ခဲ့တာဗျ" ဟု ဦးတင်မြတ် က ပြောဆိုသည်။

ဦးလှဆွေ၏ ရေးသားမှုကို မင်းရွာ သူ မဇင်မာကြည်က ဦးလှဆွေ၏ လက်ကျန် အချိန်နည်းနေသဖြင့် ကိုယ့်စိတ်နှင့် နှုတ်ကို ထိန်းရန်၊ ရွာသူရွာသားများက ဘာသာသနာအတွက် စည်ပင်အောင် လုပ်ဆောင်နေကြောင်း၊ ရပ်ကျိုးရွာကျိုးများ ဆောင်ရွက်နေကြောင်း၊ ယောနယ်သူ ယောနယ်သားများ၏ မကောင်းကြောင်း များကို ချိုးဖဲ့မပြောဘဲ စေတနာအမှန်ကို ချပြရန်၊ မင်းရွာတွင် ရွှေသီတာဘုရားပွဲ အကြောင်းပြုကာ အကြိမ်များစွာ စားဝါးခဲ့ သည်ကို ပြန်ကျေးဇူးဆပ်နေသည်လောဟု မေးခွန်းထုတ်ကာ လူမှုကွန်ရက်တွင် ပြန်လည်ရေးသားခဲ့သဖြင့် မင်းကျေးရွာ သူကို ဆက်သွယ်ရေးဥပဒေပုဒ်မဖြင့် အမှုဖွင့်ခံရခြင်း ဖြစ်သည်။

ဦးလှဆွေကို အမှုဖွင့်လှစ်မှုနှင့် ပတ်သက်၍ တိုင်ကြားသူကို စစ်ဆေးခဲ့ပြီး ဦးလှဆွေကိုမစစ်ရသေးကြောင်း၊ ဦးလှဆွေကို စစ်ဆေးရန်အတွက် ဆောင်ရွက်လျက် ရှိရာ ဂန့်ဂေါမြို့မရဲစခန်းမှ စခန်းမဒုရဲမှူး စိုးစိုး ကပြောကြားသည်။

ဆက်သွယ်ရေး ပုဒ်မ ဖြင့် တရား စွဲခံရမှုနှင့် ပတ်သက်၍ ဦးလှဆွေကို ဖုန်း ဖြင့် ဆက်သွယ်မေးမြန်းရာတွင် "ဦးလှဆွေ ကို တရားစွဲတယ်ဆိုရင် ခင်ဗျားတို့က ထည့် ချင်တယ်လေ၊ မဖြေဘူးဗျ ဒါပဲ" ဟု ပြန်လည် ပြောကြားသည်။

မင်းကျေးရွာသူကို ဆက်သွယ်ရေး ပုဒ်မဖြင့် အမှုဖွင့်လှစ်ထားမှုနှင့် ပတ်သက် ၍ နေပြည်တော် ကောင်စီနယ်မြေ ထုံးဘို ရဲစခန်းသို့ The Voice က ဆက်သွယ် မေးမြန်းရာတွင် ဖြေဆိုခြင်း မရှိချေ။ ■

အောင်ပြည့်စုံ
မြို့တွင်း/နယ်ဝေးများအတွက်
10',14',16'-ဒိုင်း
09-421041338,
09-73224763,09-250095114

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ အရိုး၊ အကြော
09 - 73121554
(ဗီဝက ဆေးခန်း)
ရန်ကုန်မြို့ 09 - 73038158, 09 - 43088215

# ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အချို့ သတိပေးခံရ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုဟု ကိုယ်စားလှယ်အချို့ ဝေဖန်

**နေပြည်တော်၊ ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏ ဒီဇင်ဘာလ ၂၀ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးများတွင် ကိုယ်စားလှယ်အချို့ကို ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က သတိပေးမှုပြုလုပ်ခဲ့ရာ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုဟု ကိုယ်စားလှယ်အချို့က ပြန်လည်ဝေဖန်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော် လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်း ဂျာနယ်ဖတ်နေသော ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်ကို စည်းမဲ့ကမ်းမဲ့ မလုပ်ရန်နှင့် ယင်းသို့ပြုလုပ်နေပါက လွှတ်တော်အစည်းအဝေးအတွင်း ဝင်မလာရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သတိပေးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရခိုင်ပြည်နယ်မြောက်ဦး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးလှစောနှင့် ရှမ်းပြည်နယ် နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူးတို့က အရေးကြီးအဆိုနှင့် ပတ်သက်၍ The Voice သတင်းစာသို့ ပြောကြားခဲ့သော သတင်းအချက်အလက်များသည် လွှတ်တော်၏ ဂုဏ်သိက္ခာကို ကျဆင်းစေပြီး ပြည်သူလူထုအနေနှင့်လည်း အထင်အမြင်လွဲမှားစေသည်ဟုဆိုကာ လွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ သတိပေးမှု ခံခဲ့ရသည်။

ဒီဇင်ဘာ ၁၅ ရက်ထုတ် The Voice သတင်းစာတွင် ဦးဝင်းထူးတင်သွင်းရန် ပြုလုပ်သည့် လက်နက်ကိုင် တိုင်းရင်းသားများအနေနှင့် NCA လက်မှတ်ရေးထိုးရန်နှင့် မကြာမီထပ်မံကျင်းပတော့မည့် ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်နိုင်ရန် NRPC နှင့် ပြည်ထောင်စုအစိုးရအနေနှင့် ခက်ခဲသောကိစ္စများကို ဖြေလျှော့ပေးရေးအရေးကြီးအဆိုကို လွှတ်တော်နာယကထံတင်ပြချက်ကို ပယ်ချခဲ့သည်ဟု ပြောဆိုမှုများကြောင့် ဥက္ကဋ္ဌက အထက်ပါအတိုင်း သတိပေးခဲ့ခြင်း ဖြစ်သည်။

ယင်းသတင်းအ ချက်အလက်တွင် ဦးဦးလှစောအနေနှင့် တိုင်းရင်းသားပါတီများ၏အခွင့်အရေးကို ပိတ်ပင်သည်ဟု မှတ်ချက်ပြုပြောဆိုခြင်းကြောင့် နောက်နောင်တွင် လူကြီးလူကောင်းဆန်စွာပြောဆိုရန်နှင့် ထပ်မံပြောဆိုမှုများရှိလာပါက တူထု၍ သတိပေးသည်အထိပြုလုပ်မည်ဖြစ်ကြောင်းကို "နောက်ဆို ဒီလိုဖြစ်လာရင် နာယကအနေနဲ့ တူထုဖို့ လက်မနှေးပါဘူး" ဟု မန်းဝင်းခိုင်သန်းက ကြိုတင်သတိပေးလိုက်သည်။

ယင်းအဆိုသည် အစိုးရနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေနှင့် ဆက်တိုက်ပြုလုပ်နေသည့်ကိစ္စဖြစ်ခြင်း၊ လတ်တလောဖြစ်ပေါ်လာသည့်ကိစ္စ မဟုတ်ခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ကိုယ်စားလှယ်များအနေနှင့် ဥပဒေများကို ကျေလည်အောင်ဖတ်စေလိုပြီး လိုအပ်ပါက ဥပဒေ နားလည်သူများကို မေးမြန်းဆွေးနွေးစေလိုကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ဆိုသည်။

ယင်းကဲ့သို့ သတိပေးပြောဆိုမှုနှင့် ပတ်သက်၍ ဦးဦးလှစောက "ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ မီဒီယာမှာ ပြောဆိုခွင့် မရှိဘူးလား။ လွှတ်တော်ထဲမှာမို့ အပြင်မှာဆိုရင် ဥက္ကဋ္ဌတွေကို ကျော်ဟိန်းစကားနဲ့ပြောရရင် ပျင်းတယ်" ဟု မီဒီယာများကို ပြောကြားသည်။

နိုင်ငံရေးအတွေ့အကြုံအရ ၎င်းအနေဖြင့် ကြာမြင့်စွာ လုပ်ကိုင်ခဲ့သောကြောင့် လွှတ်တော်အတွင်းမဟုတ်ဘဲ ဒီဘိတ်ကဲ့သို့ ရင်ဆိုင်ဆွေးနွေးမည်ဆိုပါက အပြန်အလှန် ဆွေးနွေးလိုသည့် Issue အတွက် အဆင်သင့်ရှိနေကြောင်း ဦးဦးလှစောက ဆိုသည်။

ဦးဦးလှစောအပေါ် လွှတ်တော်နာယက သတိပေးပြောကြားချက်သည် ပုဂ္ဂိုလ်ရေးတိုက်ခိုက်သည့် အခြေအနေဖြစ်ကြောင်း၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများသည် ကိုယ်စားလှယ်များသာမက အကြီးအကဲ(ဥက္ကဋ္ဌ) များသည်လည်း လိုက်နာရန် လိုအပ်ချက်ရှိ မရှိကို ရှင်းပြရန်လိုကြောင်း ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က The Voice သို့ မှတ်ချက်ပေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သတိပေးခံရသော NLD ပါတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်ကမူ လွှတ်တော်ဥက္ကဋ္ဌအနေနှင့် ယင်းကဲ့သို့ပြောဆိုခြင်းသည် လွှတ်တော်အတွင်း စည်းကမ်းလိုက်နာရန် ထိန်းညှိပေးခြင်းဖြစ်ပြီး ၎င်းအနေနှင့်လည်း ဆင်ခြင်ရမည့် အပိုင်းဖြစ်ကြောင်း၊ အခြားမြို့နယ်ဒေသအတွက် မေးခွန်းမေးမြန်းသည့်အချိန်တွင် အချိန်ကို အကျိုးရှိအောင် အသုံးချခြင်းဖြစ်သော်လည်း ပြည်သူများအနေနှင့် အထင်အမြင်လွဲမှားမှုရှိပါကလည်း တောင်းပန်လိုကြောင်း The Voice သို့ ပြောသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေကို ကြည့်ရတာ မိထွေးအိမ်မှာ ကပ်နေရတဲ့ မိတဆိုးသားသမီးတွေ ကျနေတာပဲ၊ ဟိုလူကြောက်ရ ဒီလူကြောက်ရနဲ့၊ နိုင်ငံတကာ လွှတ်တော်တွေမှာ သားကလေးကိုခေါ်သွားပြီး နို့တိုက်လို့ရတယ်၊ ကိုယ် မကျွမ်းကျင်တဲ့အပိုင်း စိတ်မဝင်စားတဲ့အပိုင်း မဆွေးနွေးလို့ရတယ်၊ လွှတ်တော် အစည်းအဝေးကို အချိန်ပြည့် တက်နေစရာ မလိုဘူး။ ဟိုအရောင်မဝတ်ရ ဒီအရောင် မဝတ်ရဆိုတာတွေ မရှိဘူး။ လွှတ်တော်ရေးရာကော်မတီက အဓိက လုပ်ရတယ်" ဟု DVB Debate အစီအစဉ်မှ ကိုသာလွန်ဇော်ထက်က မှတ်ချက်ပြုသည်။ ■ S-01

# ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန စိန်ရတုသဘင် အမှတ်တရ လေးရက်ကြာကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန စိန်ရတုသဘင်(၇၅နှစ်ပြည့်) အမှတ်တရ လေးရက်ကြာကျင်းပမည်ဖြစ်ပြီး မြန်မာစာပေဆိုင်ရာစာတမ်း ၂၂ စောင် ဖတ်ကြားခြင်းနှင့် စာအုပ်ဈေးရောင်းပွဲတော်ပါဝင်မည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခ ဒေါက်တာညိမ်းညိမ်းက ပြောကြားသည်။

စာတမ်း ၂၂ စောင်တွင် ဆရာကြီး ဦးဖေမောင်တင်၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့အကြောင်း၊ ရုပ်သံလွှင့်မီဒီယာနှင့် မြန်မာစကား၊ မြန်မာစာပေဌာနနှင့် ပြင်ပစာပေလောက၊ ထိုင်းနိုင်ငံတွင် မြန်မာစာပေသင်ကြားရေး၊ တရုတ်ပညာရှင်များ၏ မြန်မာ့ယဉ်ကျေးမှုလေ့လာရေး စသည့် စာတမ်းများ ဖတ်ကြားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

စိန်ရတုသဘင်အမှတ်တရ ဒီဇင်ဘာလ ၂၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များဓမ္မာရုံ၌ သံဃာတော် ၇၅ ပါးကို ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပြီး ဒီဇင်ဘာလ ၂၂ ရက်မှ ၂၃ ရက်အထိ နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ၌ စာတမ်းဖတ်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာစာဌာနထံမှ သိရှိရသည်။

ဒီဇင်ဘာလ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များ ဓမ္မာရုံ၌ မြန်မာစာဌာနတွင် တာဝန် ထမ်းဆောင်ခဲ့သော အသက် ၇၀ နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့မည်ဖြစ်ပြီး ညနေပိုင်းတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ညစာစားပွဲနှင့် ဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရှိရသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၇၀ ကျော်နှင့် အထက် ဆရာကြီး၊ ဆရာမကြီး ၁၀၀ ကျော်ရှိပြီး လက်ရှိတွင် မြန်မာစာဌာန၌ ဆရာ၊ ဆရာမ ၆၇ ဦး တာဝန် ထမ်းဆောင်နေကြောင်း၊ စိန်ရတုသဘင် အမှတ်တရစာတမ်းဖတ်ပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့် တက်ရောက်မည်ဖြစ်ကြောင်း မြန်မာစာပါမောက္ခ ဒေါက်တာ ညိမ်းညိမ်းက ရှင်းပြသည်။ ■


ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂





# မြန်မာ-အမေရိကန် စစ်ဘက်ဆက်ဆံရေး နောက်တစ်ဆင့်ကို ပုံဖော်ကြည့်ခြင်း

**သမ္မတ** အိုဘားမား သက်တမ်းနှစ်ခုစာအတွင်း အမေရိကန်နှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးမှာ သမိုင်းဝင်နှင်းခဲပျော်ချိန် ရောက်သွားခဲ့သော်ငြားလည်း ကာကွယ်ရေးနှင့် ပတ်သက်သည့် ပူးတွဲလုပ်ရှားမှုများသည် နှေးကွေးလွန်းလှပါသည်။ တနင်္လာနေ့၌ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် ဦးအောင်လင်းက ဂျော့ရှ်ဝါရှင်တန်တက္ကသိုလ်တွင် မိန့်ခွန်းပြောကြားခဲ့ပြီးနောက် ကျွန်တော်က သူ့ကို "အာရှရေးရာမူဝါဒ၌ သေချာရေရာမှုမရှိသော ဒေါ်နယ်ထရမ့် အုပ်ချုပ်ရေးတွင် တပ်မတော်အချင်းချင်းအကြား ဆက်ဆံရေးနှင့် ပတ်သက်လို့ မြန်မာနိုင်ငံအနေနှင့် ဘယ်လိုများတွေ့မြင်ချင်ပါသလဲ" ဟု မေးခဲ့ပါသည်။

အိုဘားမားအစိုးရသည် ရာစုနှစ်ပေါင်းများစွာ အထီးကျန်နေရသည့်နိုင်ငံကို သံတမန်ဆက်ဆံရေးများ ပြုလုပ်ခဲ့ခြင်း၊ စီးပွားရေးအရေးယူပိတ်ဆို့မှုများ ဖယ်ရှားခြင်းနှင့် ၂၀၁၁ တွင် စတင်ပြုလုပ်ခဲ့သည့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအားထုတ်မှုများတွင် အကူအညီများ ပေးအပ်ခြင်းတို့အား ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် သိသာထင်ရှားစွာ ထိတွေ့မှုများ ပြုလုပ်ခဲ့သည်။ ယင်းပြုပြင်ပြောင်းလဲမှုများကြောင့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ၂၀၁၅ နိုဝင်ဘာတွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲ၌ သမိုင်းဝင် တောင်ပြိုကမ်းပြိုအောင်မြင်မှုရလဒ်မျိုး ထွက်ပေါ်လာစေခဲ့ပါသည်။

နှစ်နိုင်ငံကြားဆက်ဆံရေးမှာ နွေးထွေးသည့်အခြေအနေမျိုး ဆက်လက်ဖြစ်ပေါ်လျက်ရှိသော်လည်း ကာကွယ်ရေးဘက်ခြမ်း၌ လှုပ်ရှားမှုသည် တော်သင့်ရုံသာ ဖြစ်ထွန်းတိုးတက်မှုရှိကာ ဘယ်လို ရှေ့ဆက်အကောင်အထည်ဖော်ရမည်လဲဆိုတာ နှစ်ဖက်စလုံးက ချန်ထားလျက်ရှိနေဆဲဖြစ်သည်။ အမေရိကန်အနေနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ လူ့အခွင့်အရေးနှင့် အရပ်ဘက် စစ်ဘက်ဆက်ဆံရေးတို့တွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှာ ပါဝင်ရမည့် တပ်မတော်(မြန်မာနိုင်ငံတွင် အင်အားအရှိဆုံး အင်စတီကျူးရှင်းဖြစ်နေဆဲ) နှင့် ထိတွေ့ဆက်ဆံရခြင်းသည် အဓိကကျပါသည်။ မြန်မာတပ်မတော်အနေနှင့်လည်း တရုတ်ကဲ့သို့ တည်ဆဲမိတ်ဖက်နိုင်ငံများအပေါ် မှီခိုလွန်းနေမည့်အစား အနောက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံဖို့အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မြန်မာနိုင်ငံရှိ တပ်မတော်အရာရှိများသည်လည်း ယင်းအယူအဆကို လက်သင့်ခံလာကြပါသည်။

> “
>
> **နိုင်ငံတကာ တပ်မတော် ပညာရေးနှင့် လေ့ကျင့်မှု (IMET) အစီအစဉ်တွင် မြန်မာနိုင်ငံအား ပြန်လည်ပါဝင်ခွင့်ပေးရန် ဖြစ်သည်။**
>
> ”


ဓာတ်ပုံ- မြင့်မိုးညို

လက်ရှိအားထုတ်မှုများကိုကြည့်လျှင် တပ်မတော်အချင်းချင်းအကြား အပြန်အလှန်လေ့လာရေးခရီးစဉ်များနှင့် ဘက်ပေါင်းစုံထိတွေ့ဆက်ဆံမှုတွင် ပူးပေါင်းပါဝင်ခြင်းကို အားပေးခြင်းမျိုး အစရှိသည့် ကိစ္စရပ်များကို အလေးထားဆောင်ရွက်လာသည်။ ထိုင်းနိုင်ငံတွင် နှစ်စဉ်ကျင်းပသည့် အာရှ၏ အကြီးမားဆုံးသော နိုင်ငံပေါင်းစုံပါဝင်သည့် ရွှေမြွေဟောက် စစ်ရေးလေ့ကျင့်မှုတွင် လေ့လာသူများအဖြစ် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်လာခြင်းနှင့် လူ့အခွင့်အရေးကဲ့သို့သော အလုပ်ရုံဆွေးနွေးပွဲများ၌ တပ်မတော်နှင့် အရပ်ဘက်အရာရှိများ ပါဝင်လာခြင်း အစရှိသည့် တိုးတက်မှုများ ရှိခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံတွင် တပ်မတော်က အရပ်ဘက်ဆန္ဒပြမှုများကို အကြမ်းဖက် နှိမ်နင်းမှုပြုလုပ်ခဲ့သည့် ၁၉၈၈ နောက်ပိုင်းတွင် ယခင်လို အမေရိကန်တပ်မတော်၏ အထောက်အပံ့များရရှိဖို့နှင့် တပ်မတော်အချင်းချင်းအကြား ဆက်ဆံရေးပြန်လည်ကောင်းမွန်ဖို့မှာ အချိန်အတော်ကြာအောင် ဆောင်ရွက်ရဦးမည်ဖြစ်သည်။ ၁၉၈၈ မတိုင်ခင် နှစ်များစွာက မြန်မာနိုင်ငံသည် အမေရိကန်တပ်မတော်၏ ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များတွင် ပါဝင်ခဲ့ဖူးပြီး ဘိန်းဆန့်ကျင်ရေးကဲ့သို့သော ကိစ္စရပ်များတွင် နှစ်နိုင်ငံစစ်တပ်အကြား နှစ်ဖက်သဘောတူ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါသည်။

အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် ဦးအောင်လင်းအား နှစ်ဖက်သဘောတူ ကာကွယ်ရေးဆောင်ရွက်မှုကို သင့်အနေနှင့် မြင်တွေ့လိုပါသလားဟု ကျွန်တော်က မေးကြည့်သည့်အခါ သူက ကိစ္စနှစ်ရပ်ကို အလေးထား ဖြေကြားသွားခဲ့သည်။ ပထမတစ်ခုမှာ ပရော်ဖက်ရှင်နယ်ပီသမှု၊ အရပ်ဘက် စစ်ဘက်ဆက်ဆံရေးနှင့် ဒီမိုကရေစီကဲ့သို့သော နယ်ပယ်များတွင် နိုင်ငံခြားတပ်မတော်များအား သင်ကြားပေးခြင်းနှင့် ထိတွေ့ဆက်ဆံခြင်းတို့ကို ကူညီရာတွင် ဝါရှင်တန်အတွက် အဓိကနည်းလမ်းတစ်ခုဖြစ်သည့် နိုင်ငံတကာ တပ်မတော်ပညာရေးနှင့် လေ့ကျင့်မှု (IMET) အစီအစဉ်တွင် မြန်မာနိုင်ငံအား ပြန်လည်ပါဝင်ခွင့်ပေးရန် ဖြစ်သည်။ "ဒီလိုအစီအစဉ်မျိုးကို ကျွန်တော်တို့ ပိုမိုတွေ့မြင်လိုပါတယ်" ဟု သူက ဆိုသည်။

မြန်မာတပ်မတော်က လူ့အခွင့်အရေးချိုးဖောက်မှုတွင် ပါဝင်နေသည်ဆိုသော စိုးရိမ်ချက်များရှိသလို IMET ကိုယ်တိုင်က ဘဏ္ဍာငွေအကုန်အကျများသည့် အစီအစဉ်မျိုးကို အလေးထား သုံးသပ်ချက်များ ရှိနေသည့်အတွက်ကြောင့် IMET ကဲ့သို့သော အစီအစဉ်မျိုးတွင် မြန်မာတပ်မတော်အား ပြန်လည်ပါဝင်ခွင့်ပေးခြင်းကိစ္စအပေါ် တရားဝင်မှုရှုထောင့်မှ စိုးရိမ်မှုများရှိနေပါသည်။ သို့သော် မြန်မာ့တပ်မတော်နှင့် ထိတွေ့ဆက်ဆံခြင်းကို မဟာဗျူဟာအရ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ကြည့်လျှင် IMET သည် အကျိုးကျေးဇူးလွယ်လင့်တကူဖြစ်ထွန်းလာနိုင်သည့် ကိစ္စရပ်မျိုးဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။

ဦးအောင်လင်း အလေးထားပြောကြားသည့် ဒုတိယနယ်ပယ်သည် အမေရိကန် ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ၏ ပါဝင်မှု မြင့်မားလာရေးဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန် ပစိဖိတ်တပ်မတော်၏ စီစဉ်ကြီးကြပ်မှုဖြင့် နှစ်စဉ် လေးရက်တာဆောင်ရွက်သည့် လူသားချင်းစာနာ ထောက်ထားရေးနှင့် သဘာဝဘေးအန္တရာယ်မှ ကယ်ဆယ်ရေး အလုပ်ရုံဆွေးနွေးပွဲလိုမျိုးဖြစ်သည်။ အောက်ပိုင်းမဲခေါင်ဒေသ ပဏာမလှုပ်ရှားမှုနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်မှု လေ့ကျင့်ခန်းများနှင့် အပြန်အလှန်လေ့လာရေး (DREE) ကို မြန်မာနိုင်ငံတွင် ဒီဇင်ဘာ ၆ ရက်နေ့၌ စတင်ကျင်းပခဲ့သည်။ ယင်းသည် အမေရိကန် ဦးဆောင်သည့် အောက်ပိုင်းမဲခေါင်ဒေသ ပဏာမလှုပ်ရှားမှုအောက်တွင်ရှိသော ကုန်းတွင်းပိုင်း အရှေ့တောင်အာရှနိုင်ငံများအကြား ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လည်းဖြစ်သည်။

"ဒါဟာ အစကောင်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အနာဂတ်မှာ ဒါမျိုးတွေ ပိုမိုလုပ်သွားနိုင်မှာပါ" ဟု သူက ဆိုသည်။

ထိုကဲ့သို့သော ထိတွေ့ဆက်ဆံမှုများတွင် နေပြည်တော်၏ ပူးပေါင်းပါဝင်မှုအား ဖြည့်ဆည်းပေးခြင်းသည် အမေရိကန်မူဝါဒအတွက် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် အမေရိကန် ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ပြောကြားသည့် အာရှပစိဖိတ်ဒေသအတွင်း မူရှိပြီး ဘက်စုံလွှမ်းခြုံသည့် လုံခြုံရေးကွန်ရက်အတွင်း မြန်မာနိုင်ငံ ပူးပေါင်းပါဝင်မှုကို ဖြည့်ဆည်းပေးခြင်းကြောင့် ဖြစ်သည်။ အမေရိကန်နှင့် မြန်မာနိုင်ငံအတွက် ကောင်းမွန်သည့်အပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးနှင့် သဘာဝဘေးအန္တရာယ်မှ ကယ်ဆယ်ရေးကဲ့သို့ နယ်ပယ်များတွင် နိုင်ငံများအား ပို၍တက်ကြွမှုရှိပြီး အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ စိန်ခေါ်မှုများမျှဝေ ရင်ဆိုင်နိုင်အောင် ဦးတည်သွားစဉ်ကတည်းက ဒေသတွင်းတွင်လည်း ယေဘုယျအားဖြင့် အပေါင်းလက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေပါသည်။

သေချာအောင်ဆိုရလျှင် မြန်မာတပ်မတော်က အမေရိကန်စစ်ရေးလေ့ကျင့်မှုများတွင် ပူးပေါင်းပါဝင်ခြင်းမှသည် ရေကြောင်းလုံခြုံရေးကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်သည့်အထိ ကာကွယ်ရေးလုပ်ငန်းများစွာကို အမေရိကန်နှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံးက ပူးတွဲဆောင်ရွက်လို့ရပါသည်။ ယင်းကိစ္စရပ်အများစုသည် ထရမ့်အစိုးရ၏ အာရှဦးစားပေးအရာများ၌ မြန်မာနိုင်ငံက မည်သည့်နေရာတွင် ရှိနေမလဲဆိုခြင်းနှင့် အစိုးရ၊ လွှတ်တော်နှင့် အခြားသော ဩဇာကြီးမားသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဒီမိုကရေစီအဖွဲ့များအကြား ဆက်ဆံရေးတို့ အပါအဝင် အမေရိကန်ဘက်မှ မည်သို့သောအရာများ ဖြစ်ထွန်းလာမည်လဲဆိုခြင်းအပေါ်တွင် တည်မှီနေပါသည်။ သို့သော် ၎င်းလားရာများသည် အားနည်းလာသည့်အခါမှာတော့ အမေရိကန်-မြန်မာ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် နောက်အဆင့်များသည် ပိုမိုပူးပေါင်းဆောင်ရွက်မှုကို မြင်တွေ့လိုသူများအတွက် ရှင်းရှင်းလင်းလင်းရှိလာတော့မည်ဖြစ်သည်။

**Ref: What's Next for US-Myanmar Military Relation? By The Diplomat**

**■ F-06**

# မသန်စွမ်းသူများအတွက် သွားရလွယ်ကူသော မဲရုံများပေါ်ပေါက်ရေး ကော်မရှင်ထံ တောင်းဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ လွယ်ကူစွာ မဲသွားရောက်ပေးနိုင်မည့် မဲရုံများ တည်ဆောက်ပေးရန်နှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်း လမ်းညွှန်ချက်ပါအချက်များကို လက်တွေ့ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြတောင်းဆိုထားကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သည် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်နှင့်တွေ့ဆုံကာ မဲရုံမှူးလက်စွဲ လမ်းညွှန်စာအုပ်တွင် ပြဋ္ဌာန်းထားသည့်အချက်အလက်များအတိုင်း လက်တွေ့ ကွင်းဆင်းဆောင်ရွက်နိုင်ရန်နှင့် မသန်စွမ်းသူများမဲပေးရာ၌ မဲရုံအနေအထားနှင့် ဆန္ဒမဲပေးရာတွင် လွယ်ကူအဆင်ပြေစွာပေးနိုင်ရေး စသည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း MILI မှ မသန်စွမ်းသူများ၏ ရွေးကောက်ပွဲမဲပေးခွင့်ရရှိရေးနှင့် လူမှုနယ်ပယ်များ၌ ပါဝင်မှုတိုးမြှင့်ရေးလုပ်ငန်း စီမံချက်တာဝန်ခံမသိမ့်သိမ့်ဖူးက ပြောသည်။

"အရင် ၂၀၁၅ ကထုတ်တဲ့ မဲရုံမှူး လမ်းညွှန်စာအုပ်မှာ မသန်စွမ်းသူတွေအတွက် လမ်းညွှန်ချက်စာမျက်နှာတွေ ပါတယ်၊ ဒါပေမဲ့မပြည့်စုံဘူး၊ အဲဒီဟာကိုအသေးစိတ် ပြန်လည်စိစစ်ပြီး မသန်စွမ်းသူတွေကို အဆင်ပြေစွာ မဲပေးနိုင်ဖို့ ကော်မရှင်ကို တိုက်တွန်းရတာပါ" ဟု ၎င်းက ရှင်းပြသည်။

ကော်မရှင်အနေနှင့် ၂၀၁၇ ဧပြီတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲရက် မတိုင်မီ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ တင်ပြထားသည့် အချက်အလက်များကို မဲရုံမှူးလက်စွဲစာအုပ်တွင် လမ်းညွှန်ချက်တစ်ရပ်အနေဖြင့် သတ်မှတ်ထုတ်ပြန်သွားမည်ဟု တုံ့ပြန်ပြောဆိုခဲ့ကြောင်း ၎င်းက ဆိုသည်။

မသန်စွမ်းသူများသည် ရွေးကောက်ပွဲကာလများတွင် ကြိုတင်မဲသာပေးရသည့် အခြေအနေများရှိခဲ့ပြီး မဲစာရင်းများသည် ဝှီးချဲအသုံးပြုသူများကြည့်ရှုရန် အဆင်မပြေဖြစ်ရပြီး အမြင်အာရုံအားနည်းသူများအတွက်လည်း မဲစာရင်းကြည့်ရှုရန် အခက်အခဲများရှိခဲ့ကြောင်း၊ အချို့သောအထပ်မြင့်မဲရုံများသည် ဝှီးချဲအသုံးပြုသူများအနေနှင့် တက်ရောက်ရန် အဆင်မပြေခြင်းများကို ယခင်ရွေးကောက်ပွဲကာလများတွင် မသန်စွမ်းသူများ ကြုံတွေ့ခဲ့ရကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ထံမှ သိရသည်။

**■ J-09**




ဓာတ်ပုံ-နေလင်း

Golden Night ရှိုးပွဲနှင့်ပတ်သက်၍ ဟိုတယ်ရွှေပြည်သာ၌ ဒီဇင်ဘာလ ၂၀ ရက်နေ့က တေးသံရှင် R ဇာနည် ၊ နီနီခင်ဇော်နှင့် Regional Director ဒေါ်ဖြူဖြူခိုင်တို့ ရှင်းလင်းပြောကြားနေစဉ်။

# နှစ်သစ်ကူးညတွင်ကျင်းပမည့် ရှိုးပွဲအတွက် လုံခြုံရေးဝန်ထမ်း ၅၀ ဦးထားမည်

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာတွင် ကျင်းပမည့် နှစ်သစ်ကူးအကြိုရှိုးပွဲအတွက် လုံခြုံရေးဝန်ထမ်း ၅၀ ဦး ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း အဆိုပါ ဟိုတယ်၏ ဒေသဆိုင်ရာဒါရိုက်တာ ဒေါ်ဖြူဖြူခိုင်က ပြောကြားသည်။

ငှားရမ်းထားသည့်လုံခြုံရေးဝန်ထမ်းများနှင့်အတူ ဟိုတယ်လုံခြုံရေးအဖွဲ့က ပရိသတ်များ၏ လုံခြုံရေးကို အပြည့်အဝတာဝန်ယူမည်ဟု ၎င်းကပြောဆိုသည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုကြိုဆိုသည့် အဆိုပါရှိုးပွဲတွင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် R ဇာနည်၊ လင်းလင်း၊ နီနီခင်ဇော်နှင့် ဝိုင်းစုခိုင်သိန်းတို့က ဖျော်ဖြေမည်ဖြစ်ကြောင်း၊ ရှိုးပွဲသို့ လာရောက်ကြမည့် ဧည့်သည်များ၏ လုံခြုံရေးအတွက် ပြင်ဆင်ထားသည့်အပြင် ယာဉ်ရပ်နားရန်အတွက်လည်း စီမံထားကြောင်း ဒေါ်ဖြူဖြူခိုင်က ရှင်းပြသည်။

‘နှစ်သစ်ကိုကြိုတဲ့ပွဲဆိုတော့ အားလုံးပျော်ပျော်ရွှင်ရွှင်နဲ့ ကြိုဆိုနိုင်ဖို့ စီစဉ်ထားပါတယ်။ မန္တလေးတိုင်း ဝန်ကြီးချုပ်နဲ့ မြို့တော်ဝန်ကိုလည်း ဖိတ်ထားတယ်။ လုံခြုံရေးပိုင်းအတွက် အကောင်းဆုံးလုပ်ပေးမယ်။ ပရိသတ်တွေကိုလည်း ဒေါ်လာ ၁၀၀ ကနေ ၆၅၀ ကြားရှိတဲ့ လက်ဆောင်ပစ္စည်းတွေ မဲဖောက်ပေးမယ်’’ ဟု၎င်းကဆက်လက်ပြောဆိုသည်။

ယခင်ကလည်း မန္တလေး မြို့တော်ရှိ ဟိုတယ်ရွှေပြည်သာတွင် သီဆိုဖျော်ဖြေခဲ့ဖူးကြောင်း၊ ယခုအကြိမ်တွင် ပရိသတ်အခိုင်အမာရှိထားသည့် တေးသံရှင်သုံးဦးနှင့်ဖျော်ဖြေမည်ဖြစ်၍ ပရိသတ်များ စိတ်ကျေနပ်စေမည်ဟု ယုံကြည်ကြောင်း၊ နှစ်သစ်ကိုကြိုဆိုသည့်ပွဲတွင် အထူးအစီအစဉ်များ တင်ဆက်သွားရန်ရှိကြောင်း တေးသံရှင် နီနီခင်ဇော်က ပြောကြားသည်။

နှစ်သစ်ကြိုဆိုမည့် Golden Night ရှိုးပွဲအတွက် ရိုးရိုးတန်းလက်မှတ်တစ်စောင်လျှင် ကျပ် ၇၀,၀၀၀ နှင့် VIP လက်မှတ်တစ်စောင်လျှင် ကျပ်တစ်သိန်းသတ်မှတ်ထားကြောင်း၊ လက်မှတ်များကို ဟိုတယ်ရွှေပြည်သာနှင့် နိဘယ်မင်္ဂလာဟိုတယ်တို့တွင် ဝယ်ယူနိုင်မည်ဖြစ်ကာ ရှိုးပွဲကို ဒီဇင်ဘာ ၃၁ ရက်နေ့ ည ၇ နာရီအချိန်တွင် စတင်မည်ဖြစ်ပြီး ည ၁၂ အချိန်တွင် နှစ်သစ်ကို ကြိုဆိုကာအဆုံးသတ်မည်ဖြစ်ကြောင်း ဟိုတယ်ရွှေပြည်သာထံမှ သိရသည်။ ■

M-03

# ကဗျာဝကမ်းခြေတွင် ညအိပ်ဧည့်သည်လက်မခံ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ယခုနှစ်ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားဧည့်သည် များပြားလာသည့် မွန်ပြည်နယ် ရေးမြို့နယ်၊ ခေါဇာမြို့ ကဗျာဝကျေးရွာအနီးရှိ ကဗျာဝကမ်းခြေတွင် ညအိပ်ဧည့်သည်လက်မခံသေးကြောင်း မွန်ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။

“အဲဒီမှာ ဟိုတယ်ဆောက်ဖို့ အဆိုပြုထားတာ တစ်ဦးရှိပါတယ်။ လက်ရှိတော့ ဒေသခံတွေထဲက တစ်ပိုင် တစ်နိုင် ဆောက်နေကြတယ်။ ခုထိတော့ ညအိပ်လက်မခံသေးပါဘူး’’ ဟု အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူက ဆိုသည်။

လက်ရှိတွင် အဆိုပါကမ်းခြေတွင် တစ်ပိုင်တစ်နိုင်ဆောက်နေသော်လည်း ဟိုတယ်ခရီးက လိုင်စင်မရပါက နိုင်ငံခြားသား တည်းခွင့်မပြုကြောင်း၊ ညအိပ်လိုပါက ရေးမြို့ပေါ်တွင်သာ ညအိပ်ခွင့်ပြုကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

လွန်ခဲ့သည့် နှစ်အနည်းခန့်က နယ်မြေဒေသ အခြေအနေကြောင့် ခရီးသွားပြည်သူများ သိရှိမှုနည်းပါးပြီး အရောက်အပေါက်နည်းပါးခဲ့သော်လည်း ယခုနှစ်တွင် ပြည်တွင်းခရီးသည်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိသောကြောင့် ကဗျာဝကမ်းခြေခရီးစဉ်ကို Travels & Tours ကုမ္ပဏီများက အပတ်စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း ယင်းကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

“ကဗျာဝကမ်းခြေကို အပတ်စဉ် စနေနေ့ညတိုင်း ခရီးစဉ်ပြေးဆွဲပါတယ်။ မနှစ်ကတော့ သွားလာမှု သိပ်မရှိဘူး။ ဒီနှစ် လူမှုကွန်ရက်စာမျက်နှာကနေ ကြော်ငြာအားကောင်းလာတော့ လူသိများလာပြီး သွားလာမှုများလာတဲ့အတွက် ခရီးသွားကုမ္ပဏီအနေနဲ့ ခရီးစဉ်သစ်တစ်ခုအနေနဲ့ ပြေးဆွဲနေပါတယ်’’ ဟု Precious Time Travels & Tours ကုမ္ပဏီမန်နေဂျာဦးဇော်မင်းမင်းက ဆိုသည်။

ရေးမြို့နယ်ရှိ ကဗျာဝကမ်းခြေကို လာရောက်လည်ပတ်မှု များပြားလာသောကြောင့် ယခုလက်ရှိညအိပ် တည်းခိုနိုင်ရန် အဆောက်အအုံအချို့ ဆောက်လျက်ရှိကြောင်း ၎င်းကဆိုသည်။

“ဒီနှစ်မှာ ကဗျာဝကမ်းခြေကို သွားလာမှုများလို့ နေ့ချင်းပြန်နဲ့ တစ်ညအိပ်ခရီးစဉ်တွေ ပြေးဆွဲနေပါတယ်။ လမ်းတွေက အခုလက်ရှိကဗျာဝကမ်းခြေသွားတဲ့ လမ်းက သိပ်မကောင်းသေးပေမယ့် အခုလမ်းတွေခင်းနေတယ်။ အရင်နှစ်ကထက်တော့ လူစိတ်ဝင်စားမှုများပြီး သွားလာမှုများလာပါတယ်’’ ဟု Sunday Plus Travels & Tours ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒီဝိုင်းက ဆိုသည်။

ကဗျာဝကမ်းခြေကို ချောင်းသာ၊ ငွေဆောင်ကဲ့သို့ ကမ်းခြေမျိုးဖြစ်စေရန် တစ်နိုင်တစ်ပိုင်ကြိုးစားဆဲအဆင့်သာ ရှိသေးကြောင်း၊ အဓိကအကောင်အထည်ဖော်ရာတွင် အစိုးရအဖွဲ့ပါဝင်သင့်ပြီး နယ်မြေလုံခြုံရေးပြည့်စုံမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်) ဥက္ကဋ္ဌက ပြောကြားသည်။

“တစ်ချိန်ကျ သီးသန့်ကမ်းခြေဖြစ်လာရင် နေရာကောင်းကောင်းလေးရအောင် တစ်နိုင်တစ်ပိုင်ဆောက်နေကြတာ ရှိပါတယ်။ အစိုးရအနေနဲ့ စီမံကိန်းတစ်ခုအနေနဲ့ ဆောင်ရွက်ပေးတာ မရှိသေးပါဘူး။ အခုလက်ရှိ လုံခြုံရေးအရအာမခံမပေးသေးတဲ့အတွက် ကမ်းခြေမှာ ညအိပ်တာကို ခွင့်မပြုသေးပါဘူး’’ ဟု ၎င်းက ဆိုသည်။

သဘာဝအတိုင်းရှိနေသေးသည့် ကဗျာဝကမ်းခြေသို့ လည်ပတ်ရင်း ရန်ကုန်-ရေးလမ်းမတစ်လျှောက်ရှိ ရေးမြို့ဆံတော်ရှင်စေတီ၊ လေးမျက်နှာဘုရား၊ သေမင်းတမန်ရထားလမ်းနှင့်ပြတိုက်၊ ဘင်လိုင်ဆံတော်ရှင်ဘုရားကြီး၊ မုဒုံကန်ကြီး၊ ဝင်းစိန်တောရလျောင်းတော်မူဘုရားကြီး၊ ဘုရားရှင်ဆံတော်ပေးအပ်ရာတောင်၊ ကျိုက်သလံဘုရားတို့ကိုလည်း ဖူးမြော်နိုင်မည်ဖြစ်သည်။

ရန်ကုန်မှရေးမြို့နယ်ရှိ ကဗျာဝကမ်းခြေသို့ မိုင် ၂၀၀ ကျော်၊ ၈ နာရီကျော်ခန့် မောင်းနှင်ကာ သွားရောက်လည်ပတ်နိုင်ပြီး ခရီးသွားကုမ္ပဏီများမှ နေ့ချင်းပြန်ခရီးစဉ်များကို တစ်ဦးလျှင် ကျပ်လေးသောင်းမှ ကျပ်ခြောက်သောင်းဝန်းကျင်ဖြင့် ရောင်းချလျက်ရှိသည်။ ■

J-10

# တောင်သာတွင် စာသင်ကျောင်း ၁၀ ခုကို အကြီးစားပြင်ဆင်မည်

**မိတ္ထီလာ၊ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) အတွင်းရှိ စာသင်ကျောင်း ၁၀ ကျောင်းကို ကျပ်သိန်း ၈၀၀ ကျော် အကုန်အကျခံ၍ အကြီးစားပြင်ဆင်မည်ဖြစ်ကြောင်း အဆိုပါမဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်က ပြောကြားသည်။

“ပညာရေးဝန်ကြီးဌာနရဲ့ အကြီးစား ပြင်ဆင်စရိတ်ဆိုတဲ့ ဘတ်ဂျက်နဲ့သွားတာပါ။ ခွင့်ပြုချက်ကကျပြီ’’ ဟု ၎င်းကဆိုသည်။

ပြီးခဲ့သည့် တတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တောင်သာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၏ ဆရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးရာတွင် လာမည့်စာသင်နှစ်အတွက် မူလတန်းကျောင်းများတွင် ဆရာ၊ ဆရာမအသစ် ခန့်ထားပေးခြင်းနှင့် အထက်တန်းကျောင်းများတွင် နေ့စား၊ လပေး ကန်ထရိုက်စနစ်ဖြင့် ဆရာ၊ ဆရာမအသစ်များ ခန့်အပ်သွားရန်အစီအစဉ်ရှိကြောင်း ဝန်ကြီးချုပ်က ဖြေကြားထားကြောင်း ဦးဝိုင်းချစ်အောင်က ရှင်းပြသည်။

တောင်သာရှိ ရပ်ကွက်ကျေးရွာများတွင် အကြီးစားပြင်ဆင်ရမည့် ကျောင်းများမှာ ရွှေဘုန်းပွင့် ကျောင်းဆောင်၊ မြို့မကျောင်း၊ ထန်းတောကျောင်း၊ အမှတ် (၄) ကျောင်း၊ အင်းတဲ အုတ်ညှပ်ကျောင်း၊ ပုဒတ်စာကုန်းအုတ်ညှပ်ကျောင်း၊ မာလာကျောင်း၊ ငါးပင်စင်ကျောင်း၊ ဘိန်းနွယ်ကုန်းကျောင်းနှင့် မင်းကြိုကျောင်းတို့ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ စုံစမ်းသိရှိရသည်။

R-01



# E D I T O R I A L

# အာဆီယံ၊ ရခိုင်ပြဿနာနှင့် ငြိမ်းချမ်းပြေလည်ရေး လမ်းစ

ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တော်တွင် ကျင်းပခဲ့သော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ရခိုင်ပြည်နယ် ပဋိပက္ခများအပေါ် ကူညီရန်နည်းလမ်းရှာမည်ဟု အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ပြောဆိုခြင်းမှာ များစွာအပြုသဘောဆောင်ပေသည်။

အကျင့်ပျက်ခြစားမှုများ၊ နိုင်ငံတော်ဘဏ္ဍာငွေ အလွဲသုံးစားမှုများနှင့် နိုင်ငံရေးအကျပ်အတည်းများ ရှိနေသောကြောင့် လူထုထောက်ခံမှု ကျဆင်းနေသော မလေးရှားဝန်ကြီးချုပ်၏ ရခိုင်ပြည်နယ်ကိစ္စအပေါ် လူကြီးလူကောင်းမဆန်သော ဘာသာရေးလှုံ့ဆော်ဟောပြောမှုကို မြန်မာနိုင်ငံက သံတမန်နည်းလမ်းအရ ပထမအဆင့် တုံ့ပြန်ခဲ့ပြီးနောက် ယခုအစည်းအဝေးမှာ ဒုတိယအဆင့် ဖြေရှင်းခြင်းဖြစ်သည်။

မလေးရှားဝန်ကြီးချုပ်၏ မြန်မာနိုင်ငံအပေါ် အာဆီယံပဋိညာဉ်ကို ချိုးဖောက်ရာရောက်သည့် ဘာသာရေးရောယှက် စွပ်စွဲချက်များကို အာဆီယံအဖွဲ့ကြီးက မည်သို့သော သတိပေးမှုမျိုးမျှ ထွက်ပေါ်မလာသေးသော်လည်း မြန်မာနိုင်ငံဘက်မှ ယခုကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြဿနာကို ချဉ်းကပ်ဖြေရှင်းခြင်းမှာ နည်းလမ်းတကျ ရှိလှပေသည်။

မလေးရှား နိုင်ငံခြားရေးဝန်ကြီးမှလွဲ၍ ကျန်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တုံ့ပြန်မှုမှာလည်း ရခိုင်ပြဿနာကို မည်သို့ ကူညီဆောင်ရွက်ဖြေရှင်းပေးရမည်နည်းဟူသော ရှုထောင့်မျိုးမှ ချဉ်းကပ်ကြသည့်အတွက် များစွာအပြုသဘောဆောင်ပေသည်။

ရခိုင်ပြဿနာသည် ဒေါ်အောင်ဆန်းစုကြည်က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ရှင်းပြသကဲ့သို့ပင် များစွာ ရှုပ်ထွေးနက်နဲသော အခြေအနေများဖြစ်သည့်အတွက် အစိုးရက အထူးသတိကြီးစွာထား၍ ဖြေရှင်းနေရခြင်းဖြစ်ရာ မလေးရှားနိုင်ငံနှင့် ကပ်လျက်တည်ရှိသော ထိုင်းနိုင်ငံတောင်ပိုင်းတွင် ယင်းအခြေအနေထက် ပိုမိုဆိုးရွားသည့်အနေအထားမျိုး ရင်ဆိုင်နေရသည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက အခြားနိုင်ငံများထက် မြန်မာနိုင်ငံအပေါ် ပို၍ နားလည်သဘောပေါက်သည်ကို တွေ့ရသည်။

ထိုင်းတောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့အကြား မတူညီသော အချက်မှာ ရခိုင်ပြဿနာ၏နောက်ကွယ်တွင် ဘာသာရေး၊ လူမျိုးရေးခွဲခြားမှု၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူ့အခွင့်အရေး ခေါင်းစဉ်တပ်ကာ ဒေါ်လာငွေသန်းနှင့်ချီ အကုန်အကျခံပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကို လုပ်ကြံဖန်တီးထားသော သတင်းအချက်အလက်၊ ဓာတ်ပုံ၊ ဗီဒီယိုဖိုင်များဖြင့် နားသွင်းစည်းရုံးလှုံ့ဆော်ထားနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မြန်မာနိုင်ငံတွင် အစည်းအဝေးကျင်းပနေချိန်နှင့် တိုက်ဆိုင်စွာ ပြည်ပမီဒီယာအချို့နှင့် လူ့အခွင့်အရေးအဖွဲ့အချို့က ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ လွန်စွာအနုတ်လက္ခဏာဆောင်ကာ၊ များစွာ ဘက်လိုက်သော သတင်းများ၊ စစ်တမ်းများ ရေးသား၊ ဖော်ပြခဲ့ကြသည်။

စစ်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်များသည် ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့အသိုင်းအဝိုင်းနှင့် နိုင်ငံရေးသိပ္ပံလောကကိုပါ အထူးရိုက်ခတ်သွားခဲ့သောကြောင့် မုဒိတာပွားသူအများအပြားရှိသကဲ့သို့ စိုးရိမ်သောကဖြစ်သွားသူအချို့လည်း ရှိနိုင်ပေသည်။

ယနေ့ ခေတ်သစ်ကမ္ဘာကြီး၏ ပြောင်းနေသော တူရှုချက်များစွာအရ ပထဝီနိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ စစ်ရေးဗျူဟာအမြင်များအရသော်လည်းကောင်း မြန်မာနိုင်ငံသည် မဟာဗျူဟာကျသော နေရာတွင်ရှိနေခြင်းသည် မြန်မာ့အပြောင်းအလဲအပေါ် ဝမ်းနည်း၊ ဝမ်းသာဖြစ်သွားစေနိုင်ပေသည်။

သာမန်အားဖြင့်ကြည့်လျှင် မြန်မာနိုင်ငံ၏ လက်ရှိ ရခိုင်ဒေသပြဿနာ၊ ယင်းနှင့် အချိန်မရွေးမနှောင်းဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း တိုက်ပွဲများသည် မမျှော်လင့်ဘဲ ရှေ့ဆင့်နောက်ဆင့် ဖြစ်ပေါ်ခဲ့ခြင်းဟု ဆိုနိုင်သော်လည်း အခြားတစ်ဖက်တွင်လည်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပတ်သက်မှု ရှိကောင်းရှိနိုင်ကြောင်း ဆင်ခြင်သုံးသပ်ဖွယ်ရာ ရှိပေသည်။

ယင်းအခြေအနေများကို စနစ်တကျ ပြင်ဆင်ထားသော အချိန်မဆိုင်း၊ ပွင့်လင်းမြင်သာ သတင်းထုတ်ပြန်မှုများ၊ ပဋိပက္ခဖြစ်ပွားရာဒေသခံများအပေါ် မျှတစွာ ကူညီထောက်ပံ့မှုဖြစ်စေမည့် ကြိုးကြပ်မှုများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဒေသတွင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများ ကျေနပ်စွာလက်ခံလာစေမည့် သံတမန်ပညာရပ်တို့ဖြင့် ပါးနပ်လိမ္မာစွာ ချဉ်းကပ်တုံ့ပြန်ဖြေရှင်းခြင်းဖြင့် ပြေလည်ငြိမ်းချမ်းမှု၊ နားလည်လက်ခံမှု ရရှိနိုင်စေကြောင်း အထူးဖော်ပြလိုပေသည်။

**အယ်ဒီတာ ( ၂၀ - ၁၂ - ၂၀၁၆ )**

# ကျူးကျော်စာရင်းကို မြို့နယ် ၁၂ခုထိတိုးချဲ့ကောက်ယူမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့တွင်း ကျူးကျော်စာရင်းကောက်ယူမှုကို ကနဦးစီမံချက်အဖြစ် ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှု ရှိသောကြောင့် မြို့နယ် ၁၂ ခုထိ တိုးကောက်မည်ဖြစ်ဖြစ်ကြောင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ပြောကြားသည်။

ပထမဦးစွာ ရန်ကုန်တိုင်းရှိ ခရိုင်လေးခုမှ မြို့နယ်လေးခုကို ကောက်ယူရန် စီစဉ်ခဲ့သော်လည်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ကို စာရင်းကောက်ယူခဲ့ရာတွင် အောင်မြင်ခဲ့သောကြောင့် ထိုသို့ မြို့နယ်တိုးချဲ့ကောက်ယူခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျူးကျော်စာရင်းကို ကနဦးစီမံချက် (Pilot Project) အရ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ကို စတင်ဆောင်ရွက်ခဲ့တယ်။ Pilot Project အောင်မြင်သွားတဲ့အတွက် အားသာမှု၊အားနည်းမှုတွေကို ပြင်ဆင်ခဲ့ပြီး စီမံချက် ၁၂ မြို့နယ်ကို ကျူးကျော်စာရင်းကောက်ယူရာမှာ အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ စီစဉ်ထားပါတယ်" ဟု ဦးညီညီက ဆိုသည်။

ကျူးကျော်စာရင်းကောက်ယူမည့် စီမံချက်တွင်ပါဝင်သည့် မြို့နယ် ၁၂ မြို့မှာ အရှေ့ပိုင်းခရိုင်တွင် ဒဂုံဆိပ်ကမ်း၊ သာကေတ၊ ဒဂုံမြောက်ပိုင်း၊ ဒဂုံအရှေ့ပိုင်း၊ မြောက်ဥက္ကလာပ၊ အနောက်ပိုင်းခရိုင်တွင် အလုံ၊ မရမ်းကုန်း၊ တောင်ပိုင်းခရိုင်တွင် သန်လျင်၊ ကျောက်တန်း၊ ဒလနှင့်မြောက်ပိုင်းခရိုင်တွင် လှိုင်သာယာတို့ ဖြစ်ပြီး စာရင်းကောက်ယူကာ အသိအမှတ်ပြု စမတ်ကတ်များကိုထုတ်ပေးသွားမည်ဖြစ်သည်။

ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဒီဇင်ဘာလ ၁၂ ရက်မှစ၍ ကျူးကျော်အသိအမှတ်ပြု ကတ်ပြားများထုတ်ပေးခဲ့ပြီး အဆိုပါမြို့နယ်ကောက်ယူပြီးပါက ကျန်ရှိသည့် မြို့နယ်များမှ ကျူးကျော်များကိုစာရင်းကောက်ယူကာ စမစ်ကတ် များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ကျူးကျော်များကို စမတ်ကတ်များ ထုတ်ပေးရာတွင် မြို့နယ် ၁၂ မြို့နယ်ရှိ ကျူးကျော်နေထိုင်သူများစာရင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကြိုတင်ကောက်ယူထားပြီး စာရင်းတွင်ပါရှိသည့် ကျူးကျော်များကို အိမ်ထောင်စုတစ်စုလျှင် အသိအမှတ်ပြု စမတ်ကတ် တစ်ကတ်သာ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကျူးကျော်စာရင်းများ ကောက်ယူရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် ပြုလုပ်ခဲ့သော Pilot Project အရ ကျူးကျော်နေထိုင်သူ အိမ်ထောင်စုပေါင်း ၅၅၉၁စုတွင် လူဦးရေ ၂၂,၀၀၀ ကျော်ရှိပြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လက်ရှိကောက်ယူထားသည့် စာရင်းအရ အိမ်ထောင်စုပေါင်း ၁၅,၄၀၀ ကျော်ရှိကြောင်း ကျူးကျော်စာရင်းများကောက်ယူရေးအဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုအတွင်း တရားမဝင်နေထိုင်သည့် ကျူးကျော်အိမ်ခြေ ၁၀၅,၄၄၉ ရှိပြီး အိမ်ထောင်စု ၁၆၇,၇၃၈ ရှိကာ ကျူးကျော်နေထိုင်သူဦးရေ ၄၃၁,၀၅၀ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။ ■ J-10

The VOICE Daily

CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min ,
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe, Si Si Thin Hlaing.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# အမြန်လမ်းတစ်လျှောက်ရှိ အခြေခံပညာကျောင်းများတွင် တာဝန်ကျဆရာမများကို သီးသန့်ယာဉ်ဖြင့် ကြိုပို့

တောင်ငူ၊ ဒီဇင်ဘာ ၂၀


ဓာတ်ပုံ- KNMZ

ရန်ကုန် - မန္တလေး အမြန်လမ်းတစ်လျှောက်ရှိ အခြေခံပညာကျောင်းများတွင် တာဝန် ထမ်းဆောင် နေသော ဆရာ၊ ဆရာမများကို သီးသန့် ခရီးသည်တင်ယာဉ်ဖြင့် နေ့စဉ်ကြိုပို့ပေးနေကြောင်း မြန်မာ့လူမှုဘဝ တိုးတက်မြင့်မားရေးအသင်းမှ အတွင်းရေးမှူး ဦးနေမျိုးဇင်က ပြောကြားသည်။

ဆရာ၊ ဆရာမများကို ကြိုပို့ပေးသည့် အစီအစဉ်ကို ဒီဇင်ဘာလ ၁၉ ရက်နေ့က စတင်ခဲ့ပြီး နေ့စဉ် ကျောင်းရောက်ရှိရန် ခက်ခဲသော ဆရာ၊ ဆရာမများ၏ အခက်အခဲများ အထိုက်အလျောက် ပြေလည်နိုင်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံထုတ် ၃၆ယောက်စီး ခရီးသည်တင်ယာဉ်ဖြင့် နံနက် ၆ နာရီမှ အသင်းတည်ရှိရာ တောင်ဒဂုံမြို့နယ်မှ ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ ဆရာ၊ဆရာမများကို တင်ဆောင်ကာ အမှတ် ၃ လမ်းဆုံတွင် မိနစ် ၃၀ ခန့် စောင့်ဆိုင်းပြီး အမြန်လမ်း မိုင်တိုင် ၂၃ အထိ အခြေခံပညာ မူလတန်းကျောင်းများကို ပို့ဆောင်ပေးနေကြောင်း ၎င်းထံမှ သိရသည်။

“ပထမနေ့မှာ ကျောင်းဆရာ၊ ဆရာမ ၄၀ ကျော်စီးပါတယ်၊ ယနေ့မှာတော့ ၃၀ ကျော်စီးပါတယ်၊ စာမေးပွဲတွေရှိတာလည်းပါတော့ ဒီနေ့လိုက်စီးတဲ့သူနည်းတယ်” ဟု ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်သူတစ်ဦးက ပြောဆိုသည်။

တောင်ဒဂုံမြို့နယ် ၇၈ လမ်းဆုံမှ နံနက် ၆နာရီခွဲမှစတင်ကာ မော်တော်ယာဉ် အဆင့်ဆင့် စီးနင်းပြီး လှည်းကူးမြို့ အမြန်လမ်းပေါ်ရှိ ကြို့ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို လာရောက်ရကြောင်း၊ ယခု အခမဲ့ ပို့ဆောင်ပေးသော ခရီးသည်တင်ယာဉ်ကို စောင့်ဆိုင်းကာ စီးနင်းရသောကြောင့် အသွားအပြန်ခရီးမှာ အဆင်ပြေကြောင်း ယင်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ရီမွန်မြင့်က ပြောကြားသည်။

အမြန်လမ်းတစ်လျှောက် တာဝန်ထမ်းနေရသည့် ပညာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စေရန် ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်းတွင်သာမက ရန်ကုန် - ပဲခူးလမ်းဟောင်း၊ ရန်ကုန်-ပြည် လမ်းဟောင်းများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့လူမှုဘဝ တိုးတက်မြင့်မားရေးအသင်း တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

■ R-15

## ယခုနှစ်အတွင်း စိတ်ကြွဆေးပြား သန်း ၉၀ကျော်အထိ စံချိန်တင် ဖမ်းမိ

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

နိုင်ငံအနှံ့မှ ယခုနှစ်ဇန်နဝါရီလမှ ဒီဇင်ဘာလဆန်းအထိ စိတ်ကြွရူးသွပ်ဆေးပြားပမာဏ သန်းပေါင်း ၉၀ကျော်ကို စံချိန်တင် သိမ်းဆည်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံမူးယစ်(ဗဟို)ထံမှ သိရှိရသည်။

အဆိုပါ စိတ်ကြွဆေးပြားပမာဏမှာယခုနှစ် ဇန်နဝါရီလ ၁ရက်မှ ဒီဇင်ဘာလ ၁၇ရက်အတွင်း အရေးယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃မှ ၂၀၁၅အထိ ဖမ်းမိခဲ့သော သုံးနှစ်ပေါင်း စိတ်ကြွဆေးပြား အရေအတွက် ၇၁သန်းထက် ကျော်လွန်ရရှိခဲ့ကြောင်း မူးယစ်တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ အကြီးတန်းရဲအရာရှိတစ်ဦးကပြောကြားသည်။

“ဟုတ်ပါတယ်၊ ဒီနှစ်ထဲမှာစိတ်ကြွဆေးသိမ်း ဆည်းဖမ်းမိတာ စံချိန်တင် တယ်ပြောလို့ရတယ်၊ စိတ်ကြွဆေးရဲ့ အခြေခံပေါင်းစပ်ထုတ်လုပ်မှုကအရမ်းကျယ်ပြန့်နေတယ်၊ နှစ်ကုန်ခါနီးမှာသိုလှောင်ရာကနေဈေးကွက်ထဲလိမ့်ဝင်လာတဲ့အခြေအနေမျိုးရှိပါတယ်”ဟု ၎င်းက ပြောကြားသည်။

ယင်းအပြင် ယခုနှစ် မူးယစ်တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်က ဖော်ထုတ်ဖမ်းမိခဲ့သောအမှုပေါင်းရှစ်ထောင် နီးပါးမှ ကျူးလွန်သူပေါင်း ၁၃၀၀ ကျော်ရှိကြောင်း၊ ၎င်းတွင် ရှမ်းပြည်နယ်မှ စိတ်ကြွဆေးပြား သန်း ၂၀ကျော်၊ ပဲခူးတိုင်းဒေသကြီး (အနောက်) မှ စိတ်ကြွဆေးပြား ၁၄ သန်းကျော် အပါအဝင် တနင်္သာရီတိုင်းဒေသကြီးမှ စိတ်ကြွဆေးပြား၁၁သန်းကျော်၊ ရခိုင်ပြည်နယ်မှ စိတ်ကြွဆေးပြား ၁၀ သန်းခန့်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ စိတ်ကြွဆေးပြား ၄ သန်းကျော်တို့ဖြင့် အသီးသီး အရေးယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ယင်း မူးယစ် ရဲတပ်ဖွဲ့ထံမှ ထပ်မံသိရှိရသည်။

မြန်မာနိုင်ငံအနှံ့တွင် ယခင်နှစ်က မူးယစ်အမှုပေါင်း ၆၄၁၄ မှ ဖော်ထုတ်အရေးယူခဲ့ပြီး ကျူးလွန်သူပေါင်း ၉၄၂၅ ဦးမှ စိတ်ကြွဆေးပြားပမာဏ ၄၉သန်းကျော် သိမ်းဆည်းရရှိခဲ့သော်လည်း ယခုနှစ်မှာ ၁၁ လကျော်အတွင်း စံချိန်တင်မြင့်တက်လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မူးယစ်( ဗဟို)အဖွဲ့ထံမှ သိရှိရသည်။

■ J - 17

## ကွန်တိန်နာအလွတ်များ နေ့ပိုင်း သွားခွင့်ပြု

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များဝင်ထွက်ခွင့်ကို ကန့်သတ်လိုက်ပြီးနောက်တွင် ဝန်မပါသည့်ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို နံနက် ၁၁ နာရီမှ ညနေ ၃နာရီထိ သွားလာခွင့်ပြုလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးထံမှ သိရသည်။

အဆိုပါယာဉ်များ သွားလာရေးအတွက် ကန့်သတ်သည့်စီမံချက်ကို ဒီဇင်ဘာလ ၇ ရက်က စတင်ခဲ့ပြီး ည ၉နာရီမှ နောက်တစ်နေ့ နံနက် ၆နာရီထိသာ ဝင်ထွက်သွားလာခွင့် ပြုခဲ့ခြင်းဖြစ်သည်။

ယင်းစီမံချက်အရ ဗိုလ်တထောင်ကမ်းနားလမ်းကွန်ကရစ်လမ်းထိပ်မှ မဟာဗန္ဓုလတံတားကိုဖြတ်ကာ သာကေတ ရှုခင်းသာလမ်း၊ ရတနာလမ်း၊ ရှောဝဏ်လမ်းမှတစ်ဆင့် ပဲခူးမြစ်အထိလမ်းကြောကို နံနက် ၁၁နာရီမှ ညနေ ၃ နာရီ ဖြတ်သန်းခွင့်ပြုရန် တိုင်းအစိုးရအဖွဲ့ထံ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က တင်ပြခဲ့ခြင်းဖြစ်သည်။

“မှန်ပါတယ်။ အစည်းအဝေးကနေခွင့်ပြုပေးလိုက်တာပါ။ ကန့်သတ်တဲ့ စီမံချက်နဲ့တော့ မဆိုင်ပါဘူး”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ဆိုသည်။

ထိုသို့ တင်ပြလာမှုအပေါ် တိုင်းအစိုးရအဖွဲ့ ၃၅/၂၀၁၆ အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ခရီးအစ/အဆုံး ထိပ်နှစ်ဖက်မှ နံနက် ၁၁ နာရီတွင် စေလွှတ်ပေးရန် ရန်ကုန်တိုင်းကုန်တင်မော်တော်ယာဉ်များကြီးကြပ်မှုကော်မတီသို့ ဒီဇင်ဘာလ ၁၉ ရက်တွင် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က လက်မှတ်ထိုးကာ အကြောင်းကြားခဲ့သည်။

“ပြန်ပြီးတော့ အချက်အလက်တွေကောက်ပြီး မနက် ၁၁နာရီနဲ့ ၃ နာရီကြား လွှတ်လို့ရတယ်။ လမ်းတွေက လက်ခံနိုင်တဲ့ အဆင့်ရှိသေးတယ်။ အကုန်လုံးမဟုတ်ဘူး။ တချို့နေရာလေးတွေကိုပါ။ Fine Tune လုပ်တဲ့သဘောပါပဲ။ နည်းပညာ သဘောအရ လုပ်ကိုလုပ်ရတယ်။ လှေနံဓားထစ် ဝုန်းခနဲလုပ်ပြီး မပြောင်းတော့ဘူးဆိုတာ လုပ်လို့မရဘူး။ သွားတဲ့ လမ်းကြောင်းကို လွဲပစ်တာမဟုတ်ဘူး။ ပိုပြီးချောမွေ့အောင် စေတနာထားပြီး လုပ်ပေးတာပါ။ အဆင်ပြေအောင် လုပ်ပေးတာပါ”ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဦးသန်းဝင်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ရန် ကုန်သေတ္တာတင်ယာဉ်များ ညဘက်သီးသန့်ပြေးဆွဲသည့်စီမံချက်ကို နိုဝင်ဘာလ ၁ရက်တွင် စတင်မည်ဟု ကြေညာခဲ့ပြီး ယင်းနေ့တွင် စီမံချက်စရန် အဆင်မပြေသောကြောင့် နိုဝင်ဘာလ ၁၅ ရက်၊ ထိုမှ နိုဝင်ဘာလကုန်ပိုင်း၊ ယင်းနောက် ဒီဇင်ဘာလ ၁ ရက်စသဖြင့် ဆက်တိုက်ရက်ရွှေ့ခဲ့ပြီး ဒီဇင်ဘာလ ၇ရက်တွင် စီမံချက်ကို စတင်ခဲ့သည်။

အဆိုပါစီမံချက်ကို တုံ့ပြန်သည့် အနေနှင့် ဒီဇင်ဘာလ ၈ ရက်၊ နံနက်၆ နာရီမှစ၍ ကွန်တိန်နာယာဉ်များမှာ ယာဉ်ကြောအပြည့် လမ်းပိတ်ရပ်နားခဲ့သည့်ဖြစ်စဉ်သည် ရန်ကုန်မြို့ ကမ်းနားလမ်းတွင် ဖြစ်ပွားခဲ့သည်။

■ E-04

## တိုးမြစ်တွင် လျှပ်ပြေးရေယာဉ်နှင့် ကုန်တင်ရေယာဉ်တိုက်မိရာမှ ရေယာဉ်တစ်စီး နစ်မြုပ်

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၊ ကျိုက်ထော်ကျေးရွာအနီး တိုးမြစ်ရှိ ဝဲကြီးကွေ့အနီးတွင် ဒီဇင်ဘာလ ၁၉ ရက် ည ၈ နာရီက ခရီးသည် ဦးရေ ၃၀၀ ခန့် လိုက်ပါလာသည့် လျှပ်ပြေးရေယာဉ် တစ်စီးနှင့် ကုန်တင်ရေယာဉ် တစ်စီး မျက်နှာချင်းဆိုင် ဝင်တိုက်မိရာမှ ကုန်တင်ရေယာဉ် နစ်မြုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရန်ကုန်-မော်ကျွန်း-ပုသိမ် ခရီးစဉ် ပြေးဆွဲနေသော ပုသိမ်သူ လျှပ်ပြေးရေယာဉ်မှာ ခရီးသည်ဦးရေ ၃၀၀ ခန့်တင်ဆောင်ပြီး ရန်ကုန်မှ မော်ကျွန်းဘက်သို့ မောင်းလာစဉ် ဝဲကြီးကွေ့အရောက် ရေဝဲကိုရှောင်ကွင်း မောင်းနှင်ရာမှ ကျိုက်လတ်မှ ရန်ကုန်သို့ မောင်းလာသည့် ဆန်အိတ်များ တင်ဆောင်လာသော ချမ်းမြေ့ထွန်း ကုန်တင်ရေယာဉ်နှင့် မျက်နှာချင်းဆိုင် ဝင်တိုက်မိခဲ့သည်။

“ရေယာဉ်နှစ်စီးလုံး ဝဲကို ရှောင်မောင်းရာက ဝင်တိုက်မိတာပါ၊ ခရီးသည်တွေ ပါလာတဲ့ လျှပ်ပြေးရေယာဉ်က ဘာမှမဖြစ်သွားတာ အတော်ကံကောင်းတယ်၊ ကုန်တင်ရေယာဉ် နစ်မြုပ်ခဲ့ပေမယ့် လူသေဆုံးမှု လူပျောက်မှု တစ်ခုမှမဖြစ်ခဲ့ဘူး၊ ကယ်ဆယ်ရေးအဖွဲ့တွေက အချိန်မီသွားရောက်ကူညီပေးခဲ့ပါတယ်” ဟု ရေကြောင်း ရဲတပ်ဖွဲ့မှ ရဲအရာရှိ တစ်ဦးက ပြောသည်။

ချမ်းမြေ့ထွန်း ရေယာဉ် နစ်မြုပ်ခဲ့သောကြောင့် ရေယာဉ်နှင့် ဆန်အိတ်တန်ဖိုး စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆုံးရှုံးခဲ့ပြီး ရေယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး ဦးခေါင်းပေါက်ပြဲ ဒဏ်ရာအနည်းငယ်ရခဲ့ကြောင်း၊ ရေယာဉ် နှစ်စီးဝင်တိုက်မှုကြောင့် ချမ်းမြေ့ထွန်း ကုန်တင်ရေယာဉ်မှူး ဦးစိုးစိုးနှင့် ပုသိမ်သူရေယာဉ်မှူး ဦးတင်မြင့်တို့ကို ကော့မှူး မြို့နယ်၊ ကျိုက်ထော်နယ်မြေ ရဲစခန်းက (ပ)၁၄၀/၂၀၁၆၊ ရာဇသတ်ကြီး ပုဒ်မ-၂၈၀/၃၃၈ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

## FMI လေကြောင်းလိုင်း ခရီးစဉ်လေးခု တိုးချဲ့ပျံသန်း

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

နေပြည်တော်အခြေစိုက် FMI Air သည် ယခုနှစ်ဒီဇင်ဘာလမှစ၍ ပြည်တွင်း ခရီးစဉ်သစ် လေးခုကို တိုးချဲ့ပျံသန်းနေပြီဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းထံမှသိရသည်။

ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို ပုံမှန်ခရီးစဉ်အဖြစ် နေ့စဉ်ပြေးဆွဲနေပြီး ယခုအခါ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး နှင့် သံတွဲသို့ နေ့စဉ် ATR72 အမျိုးအစား လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းထံမှ ဆက်လက်သိရသည်။

FMI Air အနေနှင့် ခရီးသည်များကို နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများပေးအပ်လျက်ရှိပြီး အဓိကမြို့များတွင်လည်း သီးသန့်လေဆိပ်နား နေခန်းများထားရှိကြောင်း၊ အသစ်ရောက်ရှိလာမည့် ATR 72-600 ဖြင့် လုပ်ငန်းတိုးချဲ့မှုအပေါ် အသင့်ဖြစ်နေပြီဖြစ်ကြောင်း FMI Air ၏လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်ဖြစ်သူ Jeremy Kingston က ပြောကြားသည်။

FMI Air သည် မြန်မာနိုင်ငံအခြေစိုက် ပြည်တွင်းလေကြောင်းလိုင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် FMI Air Charter Ltd. အနေနှင့် စတင်ပျံသန်းပြေးဆွဲခဲ့ပြီး ကနဦးတွင် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်ကိုသာ နေ့စဉ်ပြေးဆွဲခဲ့သော်လည်း ၂၀၁၅ ခုနှစ်မှစတင်ကာ FMI Air အဖြစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီး ခရီးစဉ်များကို ကိုယ်ပိုင်လေယာဉ် CRJ-200 ဖြင့် ပြေးဆွဲပျံသန်းခဲ့သည်။

■ E-04






## NEWS IN BRIEF

### တယ်လီနောလူငယ်ဖိုရမ်အတွက် ၂၀၁၇ ဇွန်တွင် လျှောက်လွှာခေါ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ပြုလုပ်မည့် နိုဘယ်လ်ငြိမ်းချမ်းရေးစင်တာနှင့် ပူးပေါင်းကျင်းပသည့် တယ်လီနောလူငယ်ဖိုရမ်နှင့် နိုဘယ်လ်ငြိမ်းချမ်းရေးဆု အစီအစဉ်အတွက် ၂၀၁၇ ခုနှစ်ဇွန်လတွင် ပြည်တွင်းမှ လူငယ်များကို လျှောက်လွှာခေါ်ယူမည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။

ဇွန်လတွင် လျှောက်လွှာခေါ်ယူကာ ဇူလိုင်လတွင် စိစစ်ရွေးချယ်ခြင်း ပြုလုပ်ပြီး ၂၀ ဦးထဲမှ နှစ်ဦးကိုသာ ပြန်လည်ရွေးချယ်စေလွှတ်မည်ဖြစ်ကြောင်း၊ အော်စလိုမြို့တွင် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် တယ်လီနော၏ လူငယ်ဖိုရမ်များကို မြန်မာနိုင်ငံမှ လူငယ်ကိုယ်စားလှယ် လေးဦး တက်ရောက်ခဲ့ကြောင်း တယ်လီနောထံမှ သိရသည်။ ■ J-11

### YKKO ဆိုင်ခွဲ ၄၇ လမ်းတွင်ဖွင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့တော်တွင် ၂၈ နှစ်ကြာ ရပ်တည်ခဲ့သည့် ကြေးအိုးဆိုင် YKKO ၏ ၃၇ ဆိုင်မြောက် ဆိုင်ခွဲကို ၄၇ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် ဒီဇင်ဘာလ ၁၉ ရက်နေ့က ထပ်မံဖွင့်လှစ်ခဲ့သည်။

အဆိုပါဆိုင်ခွဲသည် Service Area နှစ်လွှာပါပြီး စားသုံးသူဦးရေ ၈၀ ဝန်းကျင်ဆံ့ကြောင်း၊ ယင်းဆိုင်ခွဲတွင် ကြေးအိုး၊ အကင်မျိုးစုံ အအေး၊ အသီးဖျော်ရည်၊ တရုတ်အစားအစာ၊ ယိုးဒယားအစားအစာအပြင် ကော်ဖီနှင့် ကိတ်တို့ကိုပါ ရောင်းချလျက်ရှိကြောင်း ယင်းဆိုင်ထံမှ သိရသည်။ ■ J-O5

### ပရိဘောဂပစ္စည်းများ ပြသရောင်းချမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

မြန်မာ့ ကြိမ်၊ ဝါးနှင့် ပရိဘောဂပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ပရိဘောဂပစ္စည်း အမျိုးအစားပေါင်း ၁၀၀ ကျော်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည်ဖြစ်ကြောင်း သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ဆိုင်ခန်းပေါင်း ၂၀၀ ကျော်ဖြင့် ပစ္စည်းအမျိုးအစားပေါင်း ၁၀၀ ကျော်ကို ပါဝင်ပြသမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် မေလတွင်ကျင်းပမည့် စင်ကာပူပရိဘောဂပြပွဲနှင့် မေလတွင်ကျင်းပမည့် တရုတ်-အာဆီယံ ပရိဘောဂပြပွဲတွင်လည်း မြန်မာ့ပရိဘောဂပစ္စည်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■ J-11

### ဒီဇင်ဘာလ ၂၀ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

FMI ကုမ္ပဏီက ကျပ် ၅၀၀ ဈေးကျကာ ကျပ် ၁၅၅၀၀ သို့ ရောက်ရှိခဲ့ပြီး MTSH က ကျပ် ၂၀၀ ဈေးတက်ကာ ကျပ် ၄၈၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

MCB က ကျပ် ၂၀၀ ဈေးထပ်ကျကာ ကျပ် ၉၂၀၀ သို့ ရောက်ရှိသည်။

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 16000 | 15500 | 15500 | -500 | 1821 | 28,255,500 |
| MTSH | 4600 | 4700 | 4800 | +200 | 16,024 | 75,885,400 |
| MCB | 9400 | 9200 | 9400 | -200 | 55 | 506,000 |

| နိုင်ငံခြားငွေလဲလှယ်နှုန်း | Source: KBZ Bank | | |
|---|---|---|---|
| 20.12.2016 | USD | EURO | SGD |
| ဝယ်ဈေး(ကျပ်) | ၁၃၆၄ | ၁၄၁၉ | ၉၄၂ |
| ရောင်းဈေး(ကျပ်) | ၁၃၈၀ | ၁၄၂၀ | ၉၄၇ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 20.12.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၈၄၈,၀၀၀ (ဖွင့်) | ၈၅၅,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၁၃၈ (ဖွင့်) | ၁၁၃၃ (ပိတ်) |

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး ပြန်ဖွင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နှစ်လကျော်ကြာ ရပ်နားထားရသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းကို ဒီဇင်ဘာလအကုန်တွင် ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သည်ကြီးများအသင်းထံမှ သိရသည်။

“နယ်စပ်ကုန်သွယ်ရေး အမြန်ဆုံးဖွင့်လှစ်နိုင်ဖို့ ကျွန်တော်တို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီးကြိုးစားနေပါတယ်။ နယ်မြေလုံခြုံရေးအရဆိုရင် အရင်လိုဖြစ်ဖို့တော့ မလွယ်သေးဘူး။ အရင်လို ထွက်ချင်တိုင်းထွက်၊ ဝင်ချင်တိုင်းဝင် ဆိုတာမျိုးမဟုတ်ဘူး။ စည်းကမ်းတင်းကျပ်မှုလေးတွေတော့ရှိမယ်” ဟု မောင်တောနယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောကြားသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးဂိတ် ရပ်နားထားသည့်အတွက် အလွယ်တကူသယ်ယူနိုင်သည့် ကုန်ပစ္စည်းအချို့ကို စစ်တွေနယ်စပ် ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် ပြောင်းရွှေ့တင်ပို့ခဲ့ပြီး အဓိကဆုံးရှုံးနစ်နာသည့် စီးပွားရေးလုပ်ငန်းများမှာ ဝါးတင်ပို့မှုလုပ်ငန်းနှင့် ဒေသတွင်း ပုစွန်မွေးမြူတင်ပို့သူများဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

“နယ်စပ်ဂိတ်ပိတ်ထားတဲ့အတွက် ပုစွန်တို့၊ ငါးခြောက်တို့ဆိုလည်း စစ်တွေကိုပြန်ပို့လိုက်ကြတယ်။ နစ်နာမှာက ပုစွန်ကန်ပိုင်ရှင်တွေပါ။ သွင်းအားစုတွေ ထည့်ထားတာဆိုတော့ ပုစွန်ကန်ပြန်ဖော်နိုင်မှ အမြတ်ရမှာပါ။ တချို့လည်း ပုစွန်ကန်သမားတွေနဲ့ ဝယ်ရောင်းတွေကြားမှာ စာချုပ်ချုပ်ထားတာလေးတွေရှိတော့ နှစ်ဖက်စလုံး နစ်နာတာတွေလည်း ရှိတယ်” ဟု ပုစွန်မွေးမြူတင်ပို့သူ ဦးတင်လှက ရှင်းပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရေထွက်ပစ္စည်းများဖြစ်သည့် ရေချို၊ ရေငန်ပုစွန်နှင့် ငါးခြောက်များကို မြန်မာနိုင်ငံက အဓိကတင်ပို့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘက်သို့ ရေတံကင်၊ အဝတ်အထည်နှင့် ဒန်အိုး၊ ဒန်ခွက် စသည့်ပစ္စည်းများ အဓိက တင်သွင်းကြောင်း မောင်တောနယ်စပ် ကုန်သည်ကြီးများအသင်းထံမှ သိရသည်။ ■ J-11

## စက်သုံးဆီဈေး ထပ်တက်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

စင်ကာပူနိုင်ငံမှတစ်ဆင့် တင်သွင်းသော စက်သုံးဆီဈေးများသည် ဆက်တိုက်တက်နေသည်မှာ နှစ်လကျော်ပြီဖြစ်ပြီး ယခုအခါ ထပ်မံမြင့်တက်ကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှ သိရသည်။


ဓာတ်ပုံ - အောင်နိုင်

စက်သုံးဆီဆက်တိုက် ဈေးတက်လာသည်မှာ ဒီဇင်ဘာလဆန်းပိုင်းက ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဆီအမျိုးအစားအလိုက် တစ်လီတာလျှင် ယခင်ကထက် ကျပ် ၁၀၀ ဝန်းကျင် ဈေးတက်ကြောင်း ရန်ကုန်မြို့တော်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ပေါက်ဈေးများအရ သိရသည်။

“အခုရောင်းနေတဲ့ ဆီတွေက တစ်ဒေါ်လာ ၁၄၀၀ (ကျပ်)ကျော် ဖြစ်နေတဲ့အချိန်မှာ ဝယ်ထားတာတွေပါ။ အခု ဈေးတက်တယ်ဆိုတဲ့ ဈေးကလည်း ဖြစ်သင့်တဲ့ဈေးအောက် လျှော့ရောင်းထားတာပါ” ဟု မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ပြောဆိုသည်။

ပြင်ပဒေါ်လာပေါက်ဈေးမှာ ဒီဇင်ဘာလ ၁၆ ရက်နေ့က တစ်ဒေါ်လာကို ၁၄၃၈ ကျပ်အထိ မြင့်တက်ခဲ့ပြီး ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ၁၄၃၅ ကျပ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ၁၄၂၀ ကျပ်နှင့် ဒီဇင်ဘာ ၁၉ရက်နေ့တွင် ၁၃၇၅ ကျပ်အထိ ကျဆင်းသွားကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါစက်သုံးဆီဈေးနှုန်းများသည် ကျဆင်းချိန်တွင်တိုတောင်းပြီး ကျသင့်ကျထိုက်သည့်ဈေးနှုန်းအထိ မကျသော်လည်း ဈေးတက်ချိန်တွင်မူ အချိန်ကြာမြင့်ပြီး ပမာဏပိုမိုမြင့်တက်လေ့ရှိကြောင်း အငှားယာဉ်မောင်းများက ဝေဖန်ပြောဆိုသည်။

ဒီဇင်ဘာလ ၂၀ ရက်နေ့ ပေါက်ဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၆၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ကျပ် ၇၀၀၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ၇၁၀ ကျပ်နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၇၃၀ ကျပ်ဖြစ်ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။ ■ J-13

## သဘော်သားအသက်အာမခံ လေးယူနစ်အထိ ဝယ်ယူခွင့်ပြုရန် စီစဉ်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

သင်္ဘောသား အသက်အာမခံကို ဝယ်ယူသူများ၏ တောင်းဆိုမှုကြောင့် လေးယူနစ်အထိ ဝယ်ယူခွင့်ပေးရန် စီစဉ်နေကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ သိရသည်။

လက်ရှိအချိန်တွင် သင်္ဘောသား အသက်အာမခံကို တစ်ယူနစ်သာရောင်းချပြီး ယင်းတစ်ယူနစ်မှာ ကျပ်နှစ်သောင်းခွဲသာရှိကြောင်း၊ အသက်သေဆုံးသွားပါက အာမခံလျော်ကြေးအဖြစ် ကျပ်သိန်း ၅၀ ရရှိမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ပြောကြားသည်။

“အခုလေးယူနစ်အထိ ရောင်းခွင့်ပြုဖို့ တင်ပြထားပါတယ်။ မကြာခင်လည်း ရောင်းချခွင့်ကျတော့မှာပါ။ လေးယူနစ်ကို ကျပ်တစ်သိန်းနဲ့ ဝယ်ရမယ်။ တစ်စုံတစ်ခုဆိုရင် လျော်ကြေးအဖြစ် သိန်းနှစ်ရာရမယ်” ဟု ၎င်းကဆိုသည်။

ကျန်းမာရေးအာမခံနှင့် ရိုးရိုးအသက်အာမခံများကို စိတ်ဝင်စားမှုနည်းပါးပြီး သင်္ဘောသားအသက်အာမခံနှင့် တပ်မတော်သား အသက်အာမခံများမှာမူ ဝယ်ယူမှုများပြားကြောင်း၊ အသက်အာမခံဝယ်ယူရာတွင် အာမခံဝယ်ယူရသည့် ဈေးနှုန်းထက် ဆေးစစ်ရသည့် ကုန်ကျစရိတ်မှာ ပိုမိုများသောကြောင့် အချို့သောသူများမှာ စိတ်ဝင်စားမှုမရှိကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ သိရသည်။

သင်္ဘောတစ်ခေါက်ထွက်သည့်အခါတိုင်း သင်္ဘောသား အသက်အာမခံကို မဖြစ်မနေဝယ်ယူကြကြောင်း၊ လက်ရှိတွင် အဆိုပါအာမခံနှင့် ပတ်သက်၍ ဝယ်ယူရသည့်ယူနစ်မှာလည်းနည်းပါးပြီး ရရှိသည့်လျော်ကြေးမှာလည်း နည်းပါးနေသေးသောကြောင့် ပမာဏတိုး၍ ဝယ်ယူခွင့်ရရန် တောင်းဆိုခြင်းဖြစ်ကြောင်း သင်္ဘောသားအာမခံလျော်ကြေးရရှိဖူးသူ ဒေါ်တင်ကြည်က ပြောဆိုသည်။ ■ J-13

# သဘာဝဘေးလျော့ပါးရေးလုပ်ငန်း စီမံချက်သစ်တွင် လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၉**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အသစ်ပြန်လည်ရေးဆွဲမည့် မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးစီမံချက်တွင် စက်မှုလက်မှုလုပ်ငန်းရှင်များအနေနှင့် စီမံချက်ပါ ကာကွယ်ရေးလုပ်ငန်းများ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ကြောင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောကြားသည်။

ဒီဇင်ဘာလ ၂၀ ရက်က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCC I)တွင် ပြုလုပ်သည့် ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်သော မြန်မာနိုင်ငံ ဖြစ်စေရေး၊ ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေကို ထည့်သွင်းစဉ်းစားသည့် ကုန်သွယ်ရေးနှင့်စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"သဘာဝဘေးဖြစ်လာရင် တားလို့မရဘူး။ သဘာဝဘေးကြောင့် ဆုံးရှုံးပျက်စီးတာတွေကို လျော့နည်းအောင်လုပ်လို့ပဲရတယ်။ အဲ့တော့ မဖြစ်ခင်က ကြိုတင်ပြင်ဆင်မှုတွေကို လုပ်ရတယ်။ အရင်စီမံချက်လုပ်ငန်းကဏ္ဍတွေမှာ ပုဂ္ဂလိကကဏ္ဍနဲ့ ပူပေါင်းပါဝင်မှုက နည်းပါးတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တွင် ညီနောင်အသင်း ၂၀ ကျော်နှင့် အဖွဲ့ဝင်အင်အား သုံးသောင်းကျော်ရှိပြီး စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများထံမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာကာကွယ်ခြင်းလုပ်ငန်းများအတွက် ငွေကြေးထည့်ဝင်သွားရန် စည်းရုံးဆောင်ရွက်မည်ဖြစ်ကြောင်း UMFCCI ဒုဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောကြားသည်။

"ပြီးခဲ့တဲ့ ၂ နှစ်က ရေလွှမ်းမိုးတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေမှာ အဓိကထိခိုက်ဆုံးရှုံးတာတွေ များခဲ့တယ်။ အဲ့တော့ သဘာဝဘေးအန္တရာယ် လျော့ပါးရေးကဏ္ဍမှာ ပုဂ္ဂလိကပူးပေါင်းနိုင်မှုဟာ အရမ်းအရေးကြီးပါတယ်" ဟု ၎င်းက ဆိုသည်။

အသစ်ပြန်လည်ရေးဆွဲမည့် အဆိုပါစီမံချက်ကို အစိုးရနှင့်နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးက အတည်ပြုထားသည့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်မူဘောင်များတွင် ပုဂ္ဂလိကကဏ္ဍပူးပေါင်းမှုကို မြှင့်တင်ရန် တိုက်တွန်းထားကြောင်းလည်း ဦးဝင်းရွှေက ပြောကြားသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ၏ သဘာဝဘေး လျော့ပါးရေးလုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သတ်မှတ်အကောင်အထည်ဖော်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်မူဘောင်များနှင့်အညီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အသစ်ထပ်မံရေးဆွဲလျက်ရှိသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှာ ပုဂ္ဂလိက ကဏ္ဍမှ သဘာဝဘေးကို သိမြင်နားလည်မှုနှင့် လျှော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရန် အကြံပြုဆွေးနွေးခြင်း ဖြစ်သည်။ ■ J-14



ဓာတ်ပုံ - အောင်နိုင်

စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ငါးလတာကာလအတွင်း ခရီးသွားပြည်သူစီးနင်းမှု နည်းပါးခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများကြောင့် ဇူလိုင် လ ၁ ရက်တွင် ပြေးဆွဲမှု ရပ်ဆိုင်းခဲ့သည်

# လျှပ်စစ်ရထားစီမံကိန်း အပြီးရပ်ဆိုင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရေတိုရေရှည်စီမံချက်ဖြင့် ဆောင်ရွက်မည်ဆိုသော ရန်ကုန်မြို့ပတ် လျှပ်စစ်ရထားပြေးဆွဲမှုစီမံကိန်းကို အပြီးရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန(နေပြည်တော်)ထံမှသိရသည်။

"ကားလမ်းနဲ့မလွတ်လို့ လျှပ်စစ်ရထားပြေးဆွဲဖို့ မဖြစ်နိုင်ဘူး။ လူကြီးတွေရဲ့စီမံမှုနဲ့ရပ်ဆိုင်းလိုက်တာပါ" ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် လျှပ်စစ်ရထားပြေးဆွဲခြင်းကို နှစ်ရှည်စီမံကိန်းအဖြစ် ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ပြီး ၂၀၁၈ ခုနှစ်အကျော်ပိုင်းတွင် စီမံကိန်းစတင်မည်ဟု ခန့်မှန်းခဲ့သော်လည်း လျှပ်စစ်ရထားပြေးဆွဲမှု မဖြစ်နိုင်တော့ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"DEMU စနစ်ဖြစ်တဲ့ ဒီဇယ်ကနေ လျှပ်စစ်ကို ချက်ချင်းပြောင်းဖို့က အခက်ခဲအများကြီးရှိတယ်။ လျှပ်စစ်လုံလုံလောက်လောက် ရဖို့လိုတယ်။ ထိန်းချုပ်ရေးစနစ်တွေ ကောင်းဖို့လိုတယ်" ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ဆိုသည်။

လျှပ်စစ်ရထားပြေးဆွဲခြင်းနှင့်ပတ်သက်ပြီး ဂျပန်မှစက်ခေါင်းများ ဝယ်ယူရန်၊ လက်ရှိရထားတွဲများ အဆင့်မြှင့်တင်ရန်စီစဉ်ခဲ့ပြီး ၂၀၃၅ ခုနှစ်တွင် ဆောင်ရွက်မှုပြီးစီးမည်ဟု မြန်မာ့မီးရထားက ထုတ်ပြန်ခဲ့သည်။

ရန်ကုန်မြို့ ကမ်းနားလမ်းတွင် လျှပ်စစ်ရထားကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်က ဝါးတန်းလမ်းမှ လင်းစဒေါင်းအထိ ပြေးဆွဲခဲ့သော်လည်း စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ငါးလတာကာလအတွင်း ခရီးသွားပြည်သူစီးနင်းမှု နည်းပါးခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများကြောင့် ဇူလိုင်လ ၁ ရက်တွင် ပြေးဆွဲမှု ရပ်ဆိုင်းခဲ့သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ West Corporation ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အဆိုပါလျှပ်စစ်ရထားပြေးဆွဲမှုတွင် Phase-1 ကိုသာ ဆောင်ရွက်နိုင်ခဲ့ပြီး Phase-2 ၊ 3 ကို ထပ်မံဆောင်ရွက်နိုင်ခြင်း မရှိတော့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်ရထားပြေးဆွဲခြင်းဆိုင်ရာစီမံကိန်းဌာနထံမှ သိရသည်။

မြန်မာနိုင်ငံတွင် DC 600 V လျှပ်စစ်ဓာတ်အားဖြင့် DC Motor အသုံးပြုလျှပ်စစ်ရထားပြေးဆွဲခြင်းကို ၁၉၀၄ ခုနှစ်က ဆောင်ရွက်ခဲ့ဖူးသည်။ ■ J-06






စည်ပင်ဝန်ထမ်းနှင့်အတူ လုပ်ငန်းခွင်ဝင်နေသည့် ကလေးငယ်များကို တွေ့ရစဉ်

# မန္တလေး ကလေးငါးဦးတွင် တစ်ဦးနှင့်အထက် ပညာသင်ကြားခွင့်ဆုံးရှုံး

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

ရွေးကောက်ပွဲကာလမတိုင်မီက ကောက်ယူထားသည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများအရ မန္တလေးခရိုင်အတွင်းရှိအသက် ၁၀ နှစ်မှ ၁၇ နှစ်အကြားရှိ ကလေးများအနက် ငါးဦးလျှင် တစ်ဦးနှင့်အထက် ကျောင်းပညာသင်ကြားခွင့်ဆုံးရှုံးနေကြောင်း မန္တလေးအခြေစိုက် ဒုတိယရေသောက်မြစ်လူမှုအဖွဲ့ထံမှ သိရသည်။

"စစ်တမ်း ကောက်ယူပြီးတဲ့အချိန်မှာ တွေ့ရတာက အသက် ၁၀ နှစ်ကနေ ၁၇ နှစ်အကြားရှိတဲ့ ကလေးတွေထဲက ငါးဦးမှာ တစ်ဦးထက်ပိုတဲ့နှုန်းက အလုပ်လုပ်နေကြရတယ်၊ ကလေးလုပ်သားတွေက ငါးတန်းလောက်အထိပဲ ပညာသင်ခဲ့ရတာကို တွေ့ရတယ်" ဟု ယင်းအဖွဲ့ခေါင်းဆောင် ဦးအောင်သူရက ပြောကြားသည်။

ကလေးအလုပ်သမားများအနေနှင့် ဥပဒေပါ အလုပ်ချိန်ထက် ကျော်လွန်ကာ အလုပ်လုပ်ကိုင်နေကြရသူများလည်းရှိကြောင်း၊ အချို့လုပ်ငန်းခွင်များ၌ ကလေးငယ်များအတွက် တိကျသည့်အချိန်သတ်မှတ်မှုမရှိဘဲ ခိုင်းစေနေခြင်းများ တွေ့ရကြောင်း ၎င်းကပြောဆိုသည်။

"ကလေးအလုပ်သမားအများစုက မိဘတွေစီးပွားရေးအဆင်မပြေတာနဲ့ မိဘတွေထဲကတစ်ယောက်ယောက် နောက်အိမ်ထောင်ပြုတာကြောင့် လုပ်ငန်းခွင်ရောက်နေတဲ့သူတွေ" ဟု ဦးအောင်သူရက ရှင်းပြသည်။

ဒုတိယရေသောက်မြစ်အဖွဲ့အနေနှင့် စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်နေ့အထိ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်ခုအတွင်းမှ ကလေးအလုပ်သမားများနှင့် ပတ်သက်၍ သုတေသနစစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပြီး တွေ့ရှိချက်များကို ဒီဇင်ဘာ ၁၇ ရက်နေ့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့တင်ပြခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးထံမှ သိရသည်။ ■

**M-04**

# မန္တလေးတောင် ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ ပြိုင်ပွဲဝင်ကြေး ကျပ်ငါးထောင်သတ်မှတ်

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ပဥ္စမအကြိမ်မြောက် မန္တလေးတောင် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ကြေး ကျပ်ငါးထောင်သတ်မှတ်ထားကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

Mandalay Hill Bike Challenge 2016 ဟုအမည်ပေးထားသည့် ယင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လိုသူများ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ၌ ခရီးရှည်စက်ဘီးစီး (MTB Race) နှင့် အခက်အခဲဖြတ်ကျော် စက်ဘီးစီး (Downhill Race) ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ကြောင်း၊ MTB Race ပြိုင်ပွဲအတွက် ကီလိုတန်း ခြောက်ခုခွဲခြားထားပြီး ကီလိုတန်းအလိုက် အဆင့် ၁ မှ ၁၀ အထိ ဆုချီးမြှင့်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"Downhill Race မှာ Elite နဲ့ Master တန်းဆိုပြီး နှစ်မျိုးခွဲထားတယ်။ အတွေ့အကြုံပြည့်ဝတဲ့ Professional သမားတွေ ယှဉ်ပြိုင်ကြမယ်။ ဒီပြိုင်ပွဲမှာ ထိုင်းနိုင်ငံက လက်ရွေးစင်တွေ ဝင်ပြိုင်မယ်" ဟု ၎င်းကရှင်းပြသည်။

စက်ဘီးစီးအားကစားသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော အားကစားနည်းတစ်ခုဖြစ်ကြောင်း၊ မန္တလေးမြို့၌ ယခုနှစ်များအတွင်း စက်ဘီးစီးသူ ယခင်ကထက် ပိုမိုများပြားလာသည်ကိုတွေ့ရကြောင်း MTB Race ပြိုင်ပွဲဝင်ရန် စာရင်းပေးထားသည့် မန္တလေးမြို့ခံ စက်ဘီးစီးဝါသနာရှင် ဦးဟန်လင်းထွန်းက ပြောကြားသည်။

MTB Race ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်နေ့ နံနက် ၆ နာရီအချိန်၌ ၇၈ လမ်းနှင့် ၃၃ လမ်းထောင့်ရှိ အိုစတိုးရှေ့မှ တာလွှတ်မည်ဖြစ်ပြီး Downhill Race ပြိုင်ပွဲအတွက် မန္တလေးတောင်ခြေ၌ နံနက် ၈ နာရီအချိန်တွင် စတင်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီထံမှ သိရသည်။ ■

**M-03**

# လောကသာရဖောင်ဒေးရှင်း ဆုကြေးတိုးမြှင့်

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

ပြင်ဦးလွင်မြို့ရှိ အာရှအလင်းရောင်ဖောင်ဒေးရှင်းနှင့် လူမှုအဖွဲ့အစည်းများ စုပေါင်းဖွဲ့စည်းထားသည့် လောကသာရ ဖောင်ဒေးရှင်းက ၂၀၁၆ ခုနှစ်အတွက် ဆုကြေးတိုးမြှင့်ထားကြောင်း ယင်းဖောင်ဒေးရှင်းကော်မတီဝင် ဦးဇော်သန်းက The Voice သို့ပြောကြားသည်။

လောကသာရဖောင်ဒေးရှင်းအနေနှင့် တစ်နှစ်တာကာလအတွင်း သင့်မြတ်ခြင်းနှင့် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နေသော လူပုဂ္ဂိုလ်များကို ဆုချီးမြှင့်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် တတိယအကြိမ်မြောက် ဆုချီးမြှင့်ပွဲကျင်းပရန် စီစဉ်နေသည့်အဖွဲ့ဖြစ်သည်။

"အရင်နှစ်တွေမှာက ဆုရတဲ့သူတွေကို ဆုတံဆိပ်နဲ့ ကျပ်သိန်း ၂၀ ချီးမြှင့်တယ်။ ဒီနှစ်တော့ ဆုကြေးတိုးထားတယ်။ ဘယ်လောက်တိုးမယ်ဆိုတာ ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက်ထွက်မယ်" ဟု ဦးဇော်သန်းက ရှင်းပြသည်။

တတိယအကြိမ်မြောက် လောကသာရဆုပေးပွဲကို ပြင်ဦးလွင်မြို့ အာရှအလင်းရောင်ကျောင်းတိုက်၌ ဒီဇင်ဘာလ ၃၁ ရက်နေ့ည (နှစ်သစ်ကူးည) တွင် ပြုလုပ်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်အတွက် လောကသာရဆုပေးနိုင်ရန် လူပုဂ္ဂိုလ်တစ်ဦးနှင့် အဖွဲ့အစည်းနှစ်ခုကို ဆန်ခါတင်ရွေးချယ်ထားကြောင်း၊ ဆုရရှိသူများကို ဆုပေးပွဲညမှသာ ကြေညာမည်ဖြစ်ကြောင်း၊ တစ်နှစ်အတွင်း လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ စသည်တို့တွင် စွမ်းစွမ်းတမံဆောင်ရွက်သူများကို ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း လောကသာရ ဖောင်ဒေးရှင်းထံမှ သိရသည်။

အဆိုပါဖောင်ဒေးရှင်းကို ကော်မတီဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက် ပြည်သာယာ ၃ လမ်းရှိ ရတနာဦးကျောင်းတိုက်ဆရာတော် အရှင်ဝိသုဒ္ဓိ ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် တေးသံရှင် စောဖိုးခွားရရှိခဲ့သည်။ ■ **M-01**

# အမရပူရတွင် ဦးလေးတော်စပ်သူ၏မိတ်ဆွေက ဓားဖြင့်ထိုး၍ ကားလု

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

အမရပူရမြို့နယ်၌ ဒီဇင်ဘာလ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီခန့်က ဦးလေးတော်စပ်သူ၏မိတ်ဆွေက ဓားဖြင့်ထိုး၍ ကားလုယူမှု ဖြစ်သွားခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သည့် အသက် ၃၇ နှစ်အရွယ်ရှိ ဦးကျော်အေးသည် ဇနီးဖြစ်သူ၏ဦးလေးတော်စပ်သူ အသက် ၄၄ နှစ်အရွယ် ဦးခင်မောင်တင့်၊ ၎င်း (ဦးခင်မောင်တင့်) ၏ မိတ်ဆွေတစ်ဦးတို့နှင့်အတူ ကားအရောင်းအဝယ်ပြုလုပ်မည့်နေရာသို့သွားနေစဉ် ဓားထိုးခံရပြီး AD Van အမျိုးအစား မော်တော်ယာဉ် အလုခံရခြင်းဖြစ်ကြောင်း မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိန်ထွန်းက ပြောကြားသည်။

"အလုခံရတဲ့သူနဲ့ လုတဲ့သူက တူအရီး တော်ကြတယ်၊ ဦးလေးလုပ်တဲ့သူက တံတားဦးလိုက်ပို့ပေး။ (ကျပ်) ငါးသောင်းပေးမယ်ဆိုပြီး ကားငှားလို့ လိုက်ပို့တာပေါ့၊ ဦးလေးလုပ်တဲ့သူကမောင်းတယ် ကားပိုင်ရှင်ကဘေးမှာ ထိုင်တယ်၊ မြစ်ငယ်ရောက်တော့ ဦးလေးရဲ့ မိတ်ဆွေဆိုတဲ့လူက ဓားနဲ့ထိုးတာ။ ကားကိုယူပြီး ထွက်ပြေးတာ" ဟု ၎င်းကရှင်းပြသည်။

ဓားဖြင့်အထိုးခံရသည့် ဦးကျော်အေးသည် ဝဲဘက်လည်ပင်းတွင် ထိုးသွင်းဒဏ်ရာ ရရှိခဲ့သော်လည်း ကားပေါ်မှခုန်ချ၍ ထွက်ပြေးလွတ်မြောက်လာပြီး မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံနေရကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ကနဦးစစ်ဆေးချက်အရ သိရသည်။

ဦးခင်မောင်တင့်နှင့် ဓားဖြင့် ထိုးသည်ဟုတိုင်ကြားခံရသူအသက် ၅၀ အရွယ်အမျိုးသားတို့ယူဆောင်သွားသည့်မော်တော်ယာဉ်ကို ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်လမ်းဆုံနှင့် တမာတန်းလမ်းဆုံကြားတွင် ပြန်လည်တွေ့ရှိခဲ့ပြီး မြို့နယ်ရဲစခန်းတွင် သိမ်းဆည်းထားကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံတင်ပြသည့် တံတားဦးမြို့နယ်ရဲတပ်ဖွဲ့၏ ကြေးနန်းတွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဦးခင်မောင်တင့်နှင့် ဓားထိုးမှုကျူးလွန်သူတို့ကို မြစ်ငယ်နယ်မြေရဲစခန်းက (ပ) ၄၉၃/၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိန်ထွန်းက ပြောကြားသည်။ ■

**M-04**

# ကုန်းဘောင်မင်းဆက်အန္ဒယ်တော်များနှင့် မိတ်သင်္ဂဟများစုပေါင်း၍ လစဉ်လှူဒါန်း

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

ကုန်းဘောင်မင်းဆက် အန္ဒယ်တော်၊ ဆွေတော်မျိုးတော်များနှင့် မိတ်သင်္ဂဟများစုပေါင်း၍ ပရဟိတအဖွဲ့အစည်းများသို့ လစဉ် လှူဒါန်းပေးနေကြောင်း ကုန်းဘောင်မင်းဆက်အန္ဒယ်တော်များထံမှ သိရသည်။

“ပါတော်မူပြီးနောက်ပိုင်းမှာ မင်းဆွေမင်းမျိုးတွေအနေနဲ့ မျိုးနွယ်စုသုံးစုနဲ့ နေခဲ့ကြတယ်။ မင်းတုန်းဆက်၊ ကနောင်ဆက်၊ သီပေါဆက်ဆိုပြီး နေခဲ့ကြတယ်။ အတိတ်ကာလမှာ သမိုင်းကြောင်းတွေရှိခဲ့ကြတယ်။ ဒါတွေက သင်ခန်းစာယူဖို့သာဖြစ်တယ်။ မညီညွတ်ခဲ့ကြလို့ ကုန်းဘောင်မင်းဆက် ပျက်သုဉ်းခဲ့ရတယ်ပေါ့။ ဆွေမျိုးတွေအားလုံး စုစုစည်းစည်းရှိစေချင်တာရယ် ညီညီညွတ်ညွတ်ဖြစ်အောင် လုပ်နေတာ” ဟု မဂ္ဂရာမင်းသားကြီး၏ တီတော်စပ်သူမဂ္ဂရာသီဟက ပြောကြားသည်။

ယင်းသို့ လှူဒါန်းခြင်းကို စက်တင်ဘာလအတွင်းက စတင်ခဲ့ကြောင်း၊ ဆွေတော်မျိုးတော်တစ်ဦးလျှင် တစ်လကျပ်ငါးထောင် ထည့်ဝင် လှူဒါန်းစေကြောင်း၊ ဒီဇင်ဘာလအထိ အန္ဒယ်တော်၊ ဆွေတော်မျိုးတော် ၄၀ ဦးကျော် စုစည်းလှူဒါန်းနိုင်ခဲ့ကြောင်း ကုန်ဘောင်မင်းဆက် အန္ဒယ်တော်၊ ဆွေတော်မျိုးတော်များ အသိုင်းအဝိုင်းထံမှ သိရသည်။

“အန္ဒယ်တော်တွေကအများကြီး။ အဲ့ဒီအန္ဒယ်တော်တွေပါလာမယ်ဆိုရင် လိုအပ်နေတဲ့နေရာတွေမှာ ပိုပြီးကူညီပံ့ပိုးနိုင်မယ်။ သူတို့ရဲ့အင်အားတွေ ပေါင်းလိုက်ရင် အများကြီးလုပ်လာနိုင်မယ်။ ကျန်နေတဲ့ ဆွေတော်မျိုးတော်တွေနဲ့လည်း အဆက်အသွယ် ရထားတယ်” ဟု ဆွေတော်မျိုးတော်၊ အန္ဒယ်တော်များ စုစည်းနိုင်ရေး ကူညီဆောင်ရွက်ပေးနေသည့် ဦးချိုလေးကပြောကြားသည်။

လက်ရှိအချိန်တွင် မင်းတုန်းမင်း အန္ဒယ်တော်များ၊ ကနောင်မင်းအန္ဒယ်တော်များ၊ သီပေါမင်းအန္ဒယ်တော်များ၊ ဘကြီးတော်ဘုရား အန္ဒယ်တော်များနှင့် ဘိုးတော်ဘုရားအန္ဒယ်တော်များ ပါဝင်လှူဒါန်းလျက်ရှိကြောင်း ကုန်ဘောင်မင်းဆက် အန္ဒယ်တော်တော်များထံမှ သိရသည်။ ■ M-05



ဓာတ်ပုံ-သန်းဇေသား

မန္တလေးမြို့တွင်း ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

# မော်တော်ယာဉ်သက်တမ်းအလိုက် ဘီးခွန်ကောက်မည်

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တွင်းဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များ၏ ဘီးခွန်များကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) ၏ မော်တော်ယာဉ်သက်တမ်းအတိုင်း ဇန်နဝါရီလ ၁ ရက်နေ့ကစ၍ ကောက်ခံမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနထံမှ သိရသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေနှင့် မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် ရှိ စည်ပင်အခွန်ဌာနများတွင် မြို့တွင်းဖြတ်သန်းသွားလာခွင့်ဘီးခွန်များ ပေးသွင်းနိုင်ပြီး မော်တော်ဆိုင်ကယ်ယာဉ်ပိုင်ရှင်များ အနေနှင့် ကညန (စွယ်တော်ကွင်း) တွင်ပေးသွင်းနိုင်ကြောင်း ယင်းကော်မတီ အခွန်ဌာနခွဲမှူး ဦးတင်စိုးက The Voiceသို့ပြောကြားသည်။

“ဘီးခွန်စနစ် ပြောင်းလဲကောက်ခံတဲ့အတွက် အခွန်ငွေတွေတိုးလာမယ်။ အရင်က သုံးဆယ်ရာခိုင်နှုန်းလောက်ပဲရတယ်။ အခွန်အခတိုးမြှင့် ကောက်ခံတာမျိုးတော့ မရှိပါဘူး။ အရင်နှုန်းထားအတိုင်းပါပဲ” ဟု ၎င်းက ရှင်းပြသည်။

မော်တော်ယာဉ်များ ကညနတွင် သက်တမ်းတိုးရာ၌ မြို့တွင်းဖြတ်သန်းသွားလာခွင့်ဘီးခွန် တစ်ပါတည်းပေးသွင်းနိုင်ရန် တိုင်းဒေသကြီး ကညန ရုံးနှင့် ကညန (စွယ်တော်ကွင်း) တို့၌ စည်ပင်ဘီးခွန်ဌာနကို သီးခြားစီစဉ်ပေးထားကြောင်း အဆိုပါဌာနထံမှ သိရသည်။

“အလုပ်ရှုပ်တာ သက်သာသွားမယ်။ အခွန်ရုံးအထိသွားပြီး ပေးဆောင်နေစရာ မလိုတော့ဘူး။ အဆင်ပြေသွားတာပေါ့” ဟု မန္တလေးမြို့ခံ ကိုယ်ပိုင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ မြို့တွင်းဘီးအခွန်အခကို ကနည၏ သက်တမ်းအတိုင်း ကောက်ခံခြင်းဖြင့် မော်တော်ယာဉ်အားလုံးထံမှ အခွန်ကောက်ခံနိုင်မည် ဖြစ်ကြောင်း၊ ယခင်က ဘီးခွန် သုံးဆယ်ရာခိုင်နှုန်းခန့်သာ ကောက်ခံနိုင်ခဲ့ရာမှ ၈၀ ရာခိုင်နှုန်းခန့်အထိ အခွန်ဝင်ငွေ တိုးလာမည်ဖြစ်ကြောင်း အခွန်ဌာနခွဲမှူး ဦးတင်စိုးက ထပ်လောင်းပြောဆိုသည်။ ■ M-02

# မန္တလေးတက္ကသိုလ် ပထမဆုံးအကြိမ် သိပ္ပံပြပွဲ ပြုလုပ်မည်

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် သိပ္ပံပြပွဲကို ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သီတာဝင်းက ပြောကြားသည်။

မျိုးဆက်သစ်လူငယ်များအတွင်း သိပ္ပံဆိုင်ရာ ဗဟုသုတများ ရရှိစေခြင်းအားဖြင့် အတွေးအခေါ်၊ အသိအမြင်များ တိုးပွားလာစေရန်၊ သိပ္ပံအခြေပြု သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်လာစေရန်နှင့် တိုင်းကျိုးပြည်ပြု လူငယ်စွန့်ဦးတီထွင်သူများ ပေါ်ထွန်းလာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

“သိပ္ပံပွဲတော်က မန္တလေးတက္ကသိုလ်အတွက် ပထမဆုံးပါ။ ရန်ကုန်မှာတော့ သုံးကြိမ်လောက် ရှိနေပါပြီ။ ခုလိုပြနိုင်ဖို့ ၂၀၁၄ ခုနှစ် ကတည်းက စီစဉ်ခဲ့ပေမယ့် ရာပြည့်အကြိမ်မှပဲ စီစဉ်ဖြစ်တော့တယ်။ ဒီပွဲရဲ့အတွေ့အကြုံတွေနဲ့ လာမယ့်နှစ်တွေမှာလည်း ပြသနိုင်ဖို့ စီစဉ်သွားမယ်” ဟု ပါမောက္ခချုပ် ဒေါက်တာ သီတာဝင်းက ရှင်းပြသည်။

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကကျောင်းများ၊ အစိုးရတက္ကသိုလ်များမှ ၁၀ ပေပတ်လည် ပြခန်းစုစုပေါင်း ၄၀ တွင် ပြသသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရှိရသည်။

မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး၊ စစ်ကိုင်း၊ ကျောက်ဆည်)၊ မန္တလေးကွန်ပျူတာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး) စသည့် တက္ကသိုလ်ခြောက်ခုမှ သိပ္ပံဆိုင်ရာ ပြခန်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း ကော်မတီဝင်များထံမှ သိရသည်။

မန္တလေးတက္ကသိုလ် ရာပြည့်အကြိုပွဲတော် အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာလ ၁၉ ရက်နေ့က သုတေသနစာတမ်းဖတ်ပွဲ ပြုလုပ်ခဲ့ပြီး သိပ္ပံပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ■

# ရမည်းသင်းမြို့ ဘော်ဒါဆောင်တစ်ခုတွင် ကျောင်းသားချင်း ဓားထိုးမှုဖြစ်

**မန္တလေး၊ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ပေါ်ရှိ ဘော်ဒါဆောင်တစ်ခု၌ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက် ၁၁ နာရီခန့်က ဆယ်တန်းကျောင်းသား အချင်းချင်း ခိုက်ရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ခဲ့ကြောင်း ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

မြို့မရပ်ကွက်ရှိ ဘော်ဒါဆောင်တစ်ခုမှ အဆောင်နေကျောင်းသားများဖြစ်သည့် အသက် ၁၉ နှစ်အရွယ် ကျောင်းသားများဖြစ်သည့် နေလင်းဇော်နှင့် မိုးခန့်အောင်တို့ ခိုက်ရန်ဖြစ်ရာမှ မိုးခန့်အောင်က ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း ရမည်းသင်းမြို့မ ရဲစခန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။

မိုးခန့်အောင်က အရိုးအသွား ကိုးလက်မခန့်ရှိသည့် ခေါက်ဓားဖြင့် ထိုးခဲ့သည့်အတွက် နေလင်းဇော်၏ ဘယ်ဘက်ပခုံးနှင့် ညာဘက်နံစောင်းတို့တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့၍ ရမည်းသင်းဆေးရုံကြီး၌ ဆေးကုသမှုခံနေရကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ထိုးခဲ့သည်ဟုဆိုကြားခံရသည့်မိုးခန့်အောင်ကို ရမည်းသင်းမြို့မရဲစခန်းက (ပ) ၃၂၅/၂၀၁၆၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့တင်ပြသည့် ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့၏ ကနဦးသတင်းပေးပို့ချက်အရ သိရသည်။

ကျောက်ဆည်ခရိုင် တံတားဦးမြို့မ အထက်တန်းကျောင်း၌လည်း ဒီဇင်ဘာလ ၁၅ ရက်နေ့က စာသင်နေချိန်အတွင်း ကျောင်းသားချင်း စကားများရာမှ ဓားထိုးမှုဖြစ်ခဲ့ပြီး ဆယ်တန်းကျောင်းသားတစ်ဦးသေဆုံးခဲ့ရသည်။ ■ M-04

# News In Brief

## မန္တလေးတွင် အရေးပေါ် အသက်ကယ်သင်တန်းပေးမည်

လူမှုကူညီရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသက်ဆုံးရှုံးမှုနည်းပါးစေရန်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အမြန်ဆုံးကူညီနိုင်ရန် မန္တလေးမြို့တော်ရှိ ပရဟိတအသင်းများမှ အသင်းသားများကို အရေးပေါ်အသက်ကယ်နည်းများ သင်ကြားပေးမည်ဖြစ်ကြောင်း သင်တန်းဖြစ်မြောက်ရေး စီစဉ်နေသူများထံမှ သိရသည်။

ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်နေ့အထိ သင်ကြားပေးမည့် အဆိုပါသင်တန်းတွင် အရေးပေါ်အသက်ကယ်နည်း၊ ရှေးဦးသူနာပြုနည်းနှင့် သဘာဝဘေးကျရောက်ချိန်တွင် ကူညီရမည့် နည်းလမ်းများပါဝင်ကြောင်း၊ သင်တန်းသား ၂၀၀ ဦးအထိ လက်ခံသင်ကြားပေးမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သင်တန်းဖြစ်မြောက်ရေး တာဝန်ခံ ဦးခင်မောင်တင့်က ပြောကြားသည်။

သင်တန်းကာလ ငါးရက်ပြီးဆုံးမည့် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဦးကျော်သူ (ရန်ကုန် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ) တက်ရောက်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေနှင့် ဖုန်း ၀၉- ၂၀၁၀ ၉၈၆၊ ၇၉ ၇၇၇ ၉၂၈၂၊ ၄၅၃၅ ၇၉ ၁၁၇ တို့ထံ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ M-02

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိရန် ငြိမ်းချမ်းရေးဖိုရမ် ဆွေးနွေးပွဲ ပြုလုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ အစိုးရအဖွဲ့အစည်းများ ပါဝင်သည့် ငြိမ်းချမ်းရေး ဖိုရမ် ဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း Centre for Development အဖွဲ့ထံမှ သိရသည်။

ငြိမ်းချမ်းရေးဖိုရမ်ကို NCA လက်မှတ်ရေးထိုးထားပြီးသော တိုင်းရင်းသား ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအသင်းအဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ဆွေးနွေးသွားမည်ဖြစ်သည်။

"ငြိမ်းချမ်းရေးအတွက် ပြုလုပ်မယ့် ဆွေးနွေးပွဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေကို ပါဝင်ဆွေးနွေးသွားမှာပါ" ဟု ဦးလှမောင်ရွှေ (ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ- UPDJC အကြံပေး) က ပြောကြားသည်။

အဆိုပါ ငြိမ်းချမ်းရေးဖိုရမ်ကို ဇန်နဝါရီလ ၇ ရက်နေ့၌ ရန်ကုန်မြို့ရှိ Grand Hill Hotel ၌ ကျင်းပဆွေးနွေးသွားမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲ၌ ဆလိုင်းလျန်မှုန်းဆာခေါင်း( ချင်းအမျိုးသားတပ်ဦး-CNF)၊ ပဒိုစောကွယ်ထူးဝင်း (KNU အထွေထွေအတွင်းရေးမှူး)၊ ဦးလှမောင်ရွှေ (UPDJC - အကြံပေး)၊ ဦးနိုင်ငံလင်း (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး)တို့ တက်ရောက် ဆွေးနွေးသွားမည်ဖြစ်သည်။ ■ J-07

# အဏ္ဏဝါဂေဟစနစ် မပျက်စီးရန် ပုံးခွဲငါးဖမ်းခြင်းနှင့် ဒီရေတောမခုတ်ရန် တိုက်တွန်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုအနီးတစ်ဝိုက်နှင့် ကမ်းရိုးတန်းရေပြင်များတွင် အဏ္ဏဝါဂေဟစနစ်များ ပျက်စီးပျောက်ကွယ်ခြင်းမရှိစေရန် ပုံးခွဲငါးဖမ်းခြင်းနှင့် ဒီရေတောများ ခုတ်ထွင်ခြင်းတို့မပြုလုပ်ရန် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တိုက်တွန်းလိုက်သည်။

ထားဝယ်မြို့တွင် ဒီဇင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးကဏ္ဍာတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် တာဝန်သိခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအတွင်း ၎င်းက ယင်းသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

အဆုံးမရှိလှပသည့် ပင်လယ်နှင့် မတူကွဲပြား ထူးခြားမှုများစွာရှိနေသည့် ဆလုံလူမျိုးတို့၏ ယဉ်ကျေးမှုအပါအဝင် ထင်ရှားသည့် ရေအောက်သန္တာကျောက်တန်းများစွာနှင့် ငါးသယံဇာတများရှိနေသည့် ယင်းဒေသတွင် သဲတူးဖော်ခြင်း၊ ဒီရေတောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပုံးခွဲငါးဖမ်းခြင်းနှင့် ကမ်းနီးရေပြင်များတွင် တရွတ်ဆွဲငါးဖမ်းခြင်းတို့ကို ဆက်လက်မလုပ်ဆောင်သင့်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါဒေသတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပါက အညစ်အကြေးများကို စီမံခန့်ခွဲမှုပျက်ကွက်ခြင်း၊ ကျွန်းများပေါ်တွင် သစ်ထုတ်ယူခြင်း၊ ကမ်းခြေတွင် သဲထုတ်ယူခြင်း၊ ရေငုပ်သူများ တက်နင်းခြင်းနှင့် လှေများကျောက်ချခြင်းတို့ကြောင့် သန္တာကျောက်တန်းများ ပျက်စီးလာနိုင်ကြောင်း အဆိုပါဆွေးနွေးပွဲအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးများရှိလာနိုင်မှုကို ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ယင်းကြောင့် အဏ္ဏဝါခရီးသွားလုပ်ငန်းများသည် ကောင်းမွန်လျက်ရှိနေသည့် ဂေဟစနစ်ပေါ်မှုတည်၍ ခရီးသွားလုပ်ငန်း လည်ပတ်မှုမှ ရရှိသည့်ဝင်ငွေကို အဏ္ဏဝါရေပြင် ထိန်းသိမ်းရေးအတွက် ခွဲဝေသုံးစွဲသင့်ပြီး ပိုမိုကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုရှိရန်လိုအပ်ကြောင်း FFI မှ မြန်မာနိုင်ငံ အစီအစဉ် ဒါရိုက်တာ Frank Momberg က သုံးသပ်ပြောဆိုသည်။

"ဒီလိုမှမဟုတ်ရင် သူတို့ရဲ့ လုပ်ငန်းလည်ပတ်မှုတွေက သူတို့ရတဲ့ အကျိုးအမြတ်ပေါ်မှုတည်ပြီး သဘာဝအဖိုးတန်အရင်းအမြစ်တွေကို ဖျက်ဆီးပစ်ပါလိမ့်မယ်" ဟု ၎င်းကဆိုသည်။ ■ E-03

CARTOON




## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်ချင်တာကတော့ ဆင်းရဲနွမ်းပါးတဲ့သူတွေကို အနွေးထည်လှူဒါန်းမယ့် အစီအစဉ်မှာ တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ပါ။ ဒီအစီအစဉ်က လမ်းဘေးနဲ့ ကျူးကျော်နေရာတွေမှာနေထိုင်တဲ့ ဆင်းရဲနွမ်းပါးတဲ့သူတွေကို အနွေးထည်တွေကို လိုက်လံဝေငှပေးသွားမှာဖြစ်ပါတယ်။ လူကြီးဝတ်ပဲဖြစ်ဖြစ်၊ ကလေးဝတ်ပဲဖြစ်ဖြစ် ကိုယ့်လှူချင်တဲ့အနွေးထည်တွေကို လှူဒါန်းနိုင်မှာဖြစ်ပြီး အဝတ်အထည်ဝယ်ယူလှူဒါန်း ဖို့အတွက်လည်း တတ်အားသရွေ့ငွေကြေးလှူဒါန်းနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဝတ်အထည်သွားရောက်လှူဒါန်းမှုမှာ လုပ်အားနဲ့ ကူညီချင်သူတွေအတွက် သွားလှူဒါန်းမယ့်နေရာတွေကို လိုက်ပါနိုင်မှာဖြစ်ပြီး အသေးစိတ်သိလိုတယ်ဆိုရင် ကိုဖိုးသားကြီး ဖုန်း ၀၉-၇၉၇၂၁၉၁၈၉ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

# နေရောင်ခြည် UVA နဲ့ UNB အဆပေါင်း ၆၀ ကာကွယ်ပေးတယ်လို့ဆိုတဲ့ နေကာခရင်မ်

နေပူထဲကိုသွားတော့မယ်ဆိုရင် မဖြစ်မနေ ခရမ်းလွန်ရောင်ခြည်ဒဏ်၊ နေလောင်ဒဏ်ကိုကာကွယ်ဖို့ နေရောင်ကာ Cream တွေလိမ်းပေးဖို့ လိုအပ်တာမို့ အခုညွှန်ပေးချင်တာက Miss Crown ကထုတ်ထားတဲ့ Sun Screen SPF 60 ဖြစ်ပါတယ်။ ဒီပစ္စည်းက နေကာခရင်မ်ဖြစ်တာမို့ အသားအရေကို လိမ်းပေးထားတာနဲ့ နေပူရှိန်ပြင်းထန်တဲ့နေရာတွေမှာ နေရောင်ခြည် UVA နဲ့ UNB အဆပေါင်း ၆၀ ကာကွယ်ပေးတယ်လို့ ရောင်းချသူက ဆိုပါတယ်။ ဒါ့အပြင် မျက်နှာပေါ်မှာ အထွက်များတဲ့ ဝက်ခြံဖြစ်စေ ချွေးပေါက်တွေပိတ်စို့ မှုတွေကနေလည်း အကာအကွယ်ပေးတယ်လို့ ထပ်ဆင့်ဆိုပါတယ်။ ဗီတာမင်စီ၊ ဗီတာမီအီးတို့ပါဝင်ပြီး Antioxi Dent ဖြစ်စေတာမို့ တင်းတိပ်နဲ့ အမည်းစက်တွေလည်း ပျောက်ကင်း အရေပြားချောမွေ့လာမှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံထုတ်ဖြစ်ပြီး တစ်ဘူးကို ၂၀၀၀၀ ကျပ်ဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် အမှတ် ၂၃၆၊ ၇ လွှာ(ဘီ)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉-၇၇၉၉၉၄၄၇၇ နဲ့ ၂၅၀၁၅၈၄၉၉ ကို ဆက်သွယ်မှာ ယူနိုင်ပါတယ်။ ■



ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၁၀၀) (ခ)၊ ၁၀၂၊ ၁၀၃၊ ၂၂၁၊ ၂၂၂ တို့နှင့်အခြားတည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များအရ ဆိုလျှင်နှစ်စဉ်ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ နှင့် မတ်လများသည် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ရသုံးခန့်မှန်းခြေငွေကြေးဆိုင်ရာ အချက်အလက်များကို လွှတ်တော်များအတွင်း တင်သွင်းဆွေးနွေးဆုံးဖြတ်ပြီး ဘဏ္ဍာရေးဆိုင်ရာဥပဒေများ အတည်ပြုကြသည့်ကာလဖြစ်သည်။ သည့်အတွက်ပင် ယခုဒီဇင်ဘာလအတွင်း ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့ကြသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ဆွေးနွေးဆုံးဖြတ်အတည်ပြုခဲ့သည့်သတင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း (လျာထားချက်)များအတွက် ဆွေးနွေးခဲ့သည့်သတင်းများကို တွေ့ခဲ့ကြရခြင်းဖြစ်သည်။ တစ်ဖန် နောက်မကြာခင်ကျရောက်လာမည့် ဇန်နဝါရီလ ၁၅ ရက် မှစတင်ပြီး ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်တည်ဆောက်ကြမည့် အမျိုးသားစီမံကိန်းများ၊ ရငွေ (Revenue) အပိုင်းဖြစ်သည့် အခွန်ကောက်ခံမည့်စနစ်များနှင့် နှုန်းထားများအပြင် ဌာနများအလိုက် သုံးစွဲကြမည့်သုံးငွေ (Expenditure) များအတွက် ခွဲဝေမှုများပါဝင်သည့် ဥပဒေသုံးခုကို စတင် တင်သွင်းဆွေးနွေးကြတော့မည်လည်း ဖြစ်သည်။

ထိုသို့တင်သွင်းကြမည့် ဘဏ္ဍာရေးဥပဒေများသည် အစိုးရသစ်လက်ထက်တွင် ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်လာမည်ဖြစ်သည်။ တတိယအကြိမ်ဟုဆိုသော်လည်း ဘတ်ဂျက်နှစ်အစအတွက်ဆိုလျှင်မူ ၎င်းတာဝန်ယူသည့်ကာလအတွက် ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဟု ဆို၍ရနိုင်သည်။ အကြောင်းမှာ ယခင် နှစ်ကြိမ်ဆွေးနွေးပြဋ္ဌာန်းခဲ့ဖူးသည့် ဘတ်ဂျက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ယခုရက်ပိုင်းဆွေးနွေးအတည်ပြုခဲ့သည့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေမှာ ယခင်အစိုးရလက်ထက်က ရေးဆွဲပြဋ္ဌာန်းသွားခဲ့သည့် ၂၀၁၆ ခုနှစ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအပေါ်တွင်သာ တစ်ဖန်ပြန်လည် ပြင်ဆင်ခြင်းနှင့် လိုအပ်သည့်အသုံးစရိတ်များကို ယခုတစ်ဖန် ထပ်မံတောင်းခံသည့် ဥပဒေအဖြစ်သာ ရေးဆွဲတင်သွင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြ၍ဖြစ်သည်။

ယနေ့အချိန်ကာလသည် ယခုအစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ပြည်ထောင်စုလွှတ်တော်က လာမည့်ဘတ်ဂျက်နှစ်အတွက် ပြဋ္ဌာန်းပေးရမည့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အရအသုံးဆိုင်ရာဥပဒေ၊ ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေနှင့် အမျိုးသားစီမံကိန်းဥပဒေများအတွက် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှ လာမည့်ဘတ်ဂျက်နှစ်အတွက် ပြုလုပ်ဆောင်ရွက်ကြမည့်စီမံကိန်းများ၊ ကောက်ခံကြမည့်အခွန်အခများနှင့် သုံးစွဲကြမည့် စာရင်းများကို ကြိုတင်တွက်ချက်ရေးဆွဲကာ ရသုံးမှန်းခြေဦးစီးဌာနသို့ ပေးပို့နေကြရချိန်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတဦးစီးပြီး ဖွဲ့စည်းထားသည့် ဘဏ္ဍာရေးကော်မရှင်သို့ ပေးပို့ကြရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတဦးစီးထားသည့် ဘဏ္ဍာရေးကော်မရှင်အနေနှင့် ဌာနဆိုင်ရာအသီးသီးက တင်ပြလာသည့် အရ၊ အသုံးစာရင်းများ ဆောင်ရွက်မည့်စီမံကိန်းများအပေါ် အချိန်ယူ အသေးစိတ်စိစစ်ကြရပြီးသည့်နောက်ပိုင်းတွင် လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ပြီး လွှတ်တော်အား တင်ပြကြရမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်ကလည်း ထိုသို့ပေးပို့လာသည့် ဘတ်ဂျက်၊ စီမံကိန်းနှင့် အခွန်ဥပဒေကြမ်းသုံးခုအပေါ် လွှတ်တော်အတွင်း ဖွဲ့စည်းထားသည့်ကော်မတီများက ၎င်းတို့နှင့်ဆိုင်သည့် ဌာနအသီးသီးနှင့် ဒုတိယအဆင့် ပြန်လည်တွေ့ဆုံ တိုက်ဆိုင်စစ်ဆေးကာ လွှတ်တော်အတွင်းသို့ ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ တင်သွင်းကြရပြီး ပူးပေါင်းကော်မတီများမှတစ်ဆင့်ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ လွှတ်တော်အတွင်း အစီရင်ခံစာတင်သွင်း၊ ဆွေးနွေးကြကာ နောက်ဆုံးသဘောတူခြင်း၊ ငြင်းပယ်ခြင်းနှင့် လျှော့၍ခွင့်ပြုခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့နောက် မတ်လနောက်ဆုံးပတ်အတွင်း အတည်ပြုပေးကြရလေ့ရှိသည်။ အဆိုပါ ဘတ်ဂျက်ဥပဒေကြမ်းများကို လွှတ်တော်အတွင်း မဆွေးနွေးကြမီကာလတွင် ဌာနဆိုင်ရာများမှ လျာထားတွက်ချက်ထားမှုများကို ပြည်ထောင်စုအစိုးရက တင်သွင်းလာမှုအပေါ် ကနဦးစိစစ်မှုများပြုလုပ်ကြရသည်။

ထိုသို့စိစစ်ရာတွင် ဗဟိုအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအလိုက် တင်ပြလာသည့် သာမန်အသုံးစရိတ်များ (Current Expenditure) ဖြစ်သည့်ဝန်ထမ်းများအတွက် လစာ၊ နေ့တွက်စရိတ်၊ ခရီးသွားစရိတ်များ၊ စာရေးကိရိယာဖိုး၊ ရုံးသုံးစက်ကိရိယာ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်နှင့် စာလုည့်စက်များ၊ ရုံးသုံးပရိဘောဂများ၊ စာပို့ခ၊ ဧည့်ခံစရိတ်နှင့် ရုံးသုံးအထွေထွေပစ္စည်းများ ဝယ်ယူရန်တွက်ချက် တင်ပြထားမှုများ၊ နောက်တစ်ဖန် ငွေလုံးငွေရင်း (Capital Revenue)ဖြင့်ဝယ်ယူကြမည့် အခြားယာဉ်နှင့် စက်သုံးဆီ၊ အဆောက်အဦများ တန်ဖိုး စသည့် အရာများအပေါ် ကာလတန်ဖိုးနှင့်ကိုက်မကိုက်၊ တင်ပြသည့်ကိန်းဂဏန်း အချက်အလက်များနှင့် မြေပြင်ကာလတန်ဖိုးပမာဏ၊ အခြေအနေများ ကိုက်မကိုက် စသည်တို့ကို အသေးစိတ်စိစစ်ကြရမည်ဖြစ်သည်။

တစ်ဖန် ငွေလုံးငွေရင်းကြီးမားသည့် အသုံးစရိတ်များဖြစ်သော ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် လမ်းတံတား၊ အဆောက်




အအုံ ဆောက်လုပ်မှုများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် နှစ်ရှည်၊ နှစ်လတ်၊ နှစ်စဉ်စီမံကိန်းများအတွက် တွက်ချက်တင်ပြထားမှုများအပေါ် သို့လည်း အသေအချာစုံစမ်းမေးမြန်းကာ စိစစ်ကြရသည်။ ထိုအခါ ပိုသည်များကို ဖြတ်တောက်လျှော့ချပြီး လိုသည်များကို ထပ်ခွင့်ပြုပေးရလေသည်။ ထို့အပြင် သတ်မှတ်ဘတ်ဂျက်ကာလအတွင်း မတည်ဆောက်မလုပ်ကိုင်နိုင်သည့်စီမံကိန်းများ၊ လုပ်ငန်းများကိုလည်း အချိန်ကာလ၊ ခွင့်ပြုနိုင်သည့်ငွေကြေးများဖြင့် တစ်ဖန် အသေးစိတ်ပြန်လည်တွက်ချက်ချင့်ချိန်ပြီး စိစစ်လျှော့ချကြရပြန်သည်။ နောက်အဆိုပါဌာနများမှ ပြန်လည်ရရှိကြမည့် ရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများမှ အမြတ်ငွေများကိုလည်း မှန်၊ မမှန် ထည့်သွင်းတွက်ချက်ထားခြင်း ရှိ၊ မရှိဆိုသည်ကိုလည်း အနုလုံ ပဋိလုံ စစ်ဆေးကြရသည်။ ထိုသို့သောလုပ်ငန်းစဉ်များအတွင်း အဂတိကင်းကင်းဖြင့် ဆောင်ရွက်ကြရသည်။ ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှု ရှိကြရသည်။

ဘတ်ဂျက်လိုငွေမဖြစ်ရအောင် ရရှိမည့်အရငွေအပိုင်းအတွက် အဓိကကောက်ခံရမည့် အခွန်အကောက်ဥပဒေအပေါ်လည်း ထိုသို့ပင်ဖြစ်သည်။ နိုင်ငံတော်ကရရှိမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များနှင့် အထူးကုန်စည်အခွန်အခများအပေါ် ရနိုင်သမျှထည့်သွင်း တွက်ချက်ထားခြင်း ရှိ၊ မရှိ အသေအချာစိစစ်ကြရသည်။ ရငွေများအပိုင်းတွင် များများစားစားရရှိမှသာ သုံးငွေများနှင့်ကာမိပြီး နှစ်စဉ်နာတာရှည်ရောဂါလိုဖြစ်နေသည့် ဘတ်ဂျက်လိုငွေပြမှုဟူသည့် ပြဿနာကြီးတစ်ရပ်ကို ပပျောက်အောင် ဆောင်ရွက်နိုင်မည်လည်းဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက ရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများ၊ နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခွန်အခများမှ ရရှိနိုင်မည့်ငွေများကို ရနိုင်သမျှရအောင် တိုးချဲ့ကာ ကောက်ယူရရှိနိုင်ရေး ဥပဒေများအတွင်း အသေအချာထည့်သွင်းလျာထားတွက်ချက်ကြမှသာ တစ်ဖက်က ဌာနဆိုင်ရာများက ပြန်သုံးကြမည့် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို ကာမိပြီး ငွေကြေးပိုလျှံကာ ဘတ်ဂျက်လိုငွေပြမှုဟူသည့် အဖြစ်ဆိုးကြီးကို ကျော်လွှားနိုင်ကြမည်လည်း ဖြစ်သည်။ သို့မှသာ ဝင်ငွေနှင့်ထွက်ငွေမညီမျှသည့် လစာနည်းပါးနေသည့် နိုင်ငံ့ဝန်ထမ်းများကို လစာများ တိုးပေးနိုင်မည်။ ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များကို တိုးချဲ့ပေးနိုင်မည်။ လမ်း၊ တံတားများကို အဆင့်မြှင့်တင်ပေးနိုင်မည်။ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးစာရင်း ထည့်သွင်းဆောင်ရွက်လာနိုင်မည်လည်းဖြစ်သည်။

ယခုရက်ပိုင်း လူပြောများသွားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆွေးနွေးခဲ့သည့်အကြောင်းအရာသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်များက ၎င်းတို့ကျင့်သုံးသည့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ၎င်းတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် မူလကနဦး ဆွေးနွေးဆုံးဖြတ်ကြရသည့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း (လျာထားချက်) များပင်ဖြစ်သည်။ ထိုသို့ဆွေးနွေးဆုံးဖြတ်ရာမှရရှိအတည်ပြုလာသည့် လျာထားချက်များကိုပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဥပဒေတွင် ထည့်သွင်းတွက်ချက် လျာထားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတဦးစီးသည့် ဘဏ္ဍာရေးကော်မရှင်သို့ ပေးပို့နိုင်ရေး ကနဦး ဆွေးနွေးနေကြရခြင်းပင်ဖြစ်သည်။ အဆိုပါဆွေးနွေးချက်များသည် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင်မှ စတင်အသက်ဝင်မည့် ဘတ်ဂျက်ဥပဒေအတွက် ယခုအချိန်ကတည်းက ကြိုတင်ဆွေးနွေးနေကြရသည်ဟု ဆိုလျှင် ပိုမှန်လေသည်။

ထိုသို့ဆိုလျှင် ယခုရက်ပိုင်းအတွင်း သတင်းစာများ၏စာမျက်နှာများအပေါ် ထွက်ပေါ်လာသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြသည့် အသုံးစရိတ်များအပေါ်လည်း ဘတ်ဂျက်လိုငွေပြမှုအဖြစ်မှ လွတ်မြောက်ဖို့ဆိုလျှင် စဉ်းစားတွေးတောစရာအချက်များ အတော်များပြားကြမည်မှာ အသေအချာပင်ဖြစ်မည်။ တွေ့ရှိကြားသိကြရသည့်သတင်းများအရဆိုလျှင် ခေတ်ဟောင်းစနစ်ဟောင်းက အကျင့်ဟောင်းများကို ဖက်တွယ်ပြီး ပုံသေတစ်ယူသန်ဆန်သည့်နိယာမသဘောတရားများဖြင့်သာ ဘတ်ဂျက်များကိုရေးဆွဲတင်ပြနေကြောင်း၊ များများတောင်းလျှင် များများရမည်။ နည်းနည်းတောင်းလျှင် နည်းနည်းပင်ရမည်။ ရင်လောက်မှန်းမှ ခါးလောက်ကျန်မည်။ မကုန်လျှင် (RE) တွင်ပြန်အပ်မည်။ (BE) တွင်မူ ပိုပိုသာသာတွက်ချက်တောင်းကြမည်၊ ဘူဖေးစားသည့်အတိုင်း တွေ့သမျှကောက်ထည့်ထားမည်ဟူသည့် သံသရာမှ မလွတ်မြောက်သေးဘူးလားဟူသည့်အမေးများလည်း အစိုးရသစ်ကိုထောက်ခံခဲ့ကြသည့်ပြည်သူများအတွင်း တီးတိုးဝေဖန်သံများ ဆူညံစွာထွက်ပေါ်လာနေလေသည်။

အစိုးရသစ်၏ စတင်ရေးဆွဲပြဋ္ဌာန်းမည့် ၂၀၁၇ ခုနှစ် ဘတ်ဂျက်ဥပဒေများအတွက်လည်း ယခုရက်ပိုင်းအတွင်း ကနဦးလျာထားအသုံးစာရင်းများကို စတင်တင်သွင်းဆွေးနွေးကြသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော်၏ အဖြစ်သနစ်များက အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံး ဆက်လက်ပြဋ္ဌာန်းမည့် အခြားသောတိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ နောက်ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းနှင့်ဌာနဆိုင်ရာများ၏ ဘတ်ဂျက်ဥပဒေများအတွက် ထိုသို့မဖြစ်ရန် မီးမောင်းထိုးပြနေသယောင်ဖြစ်ခဲ့လေသည်။ ထိုသို့သောအဖြစ်များကို မပြုပြင်လျှင် ဘတ်ဂျက်များ လိုငွေပြနေဦးမည်ဖြစ်မည်။ ယခင့်ယခင်ကာလများကဲ့သို့ပင် ရငွေများနည်းပါးပြီး သုံးငွေများသာများလျက် လိုငွေသာပြနေတော့မည်။ နိုင်ငံ့ဝန်ထမ်းများကို လစာတိုးပေးဖို့ဝေးစွ၊ ပြည်သူများအတွက်ပင် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးရန် အခက်အခဲဖြစ်လာတော့မည်။

**ပြည်သူများထံမှကောက်ခံသည့် အခွန်များဖြင့်သာ ရပ်တည်နေကြသည့် အစိုးရများ ကမ္ဘာ့နိုင်ငံများတွင် ရှိနေသည်။ အမှန်တကယ်သာ အသေအချာကောက်ခံလျှင် ရငွေများ အဆမတန် တက်လာမည်။**

သည့်အတွက်အချုပ်အားဖြင့်တင်ပြရလျှင် အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၇ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်အတွက် ယခုအချိန်ကတည်းက ဌာနဆိုင်ရာအသီးသီးနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့အသီးသီးက ကြိုတင်တွက်ချက်စဉ်းစားကြရာတွင် ရငွေအပိုင်းများကို ရနိုင်သလောက် ထည့်သွင်းတွက်ချက်လျာထားကြပြီး အောက်ခြေတွင်လည်း လျာထားချက်ပြည့်မီအောင် ကောက်ခံကြရမည်။ သည့်အတွက် ယခုအချိန်ကတည်းကပင် အောက်ခြေအဆင့်အထိ ပြည်သူများထံ ဆင်းပြီး အခွန်အကောက်ရနိုင်မည့်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်များ၊ နယ်စပ်ဂိတ်ပေါက်နှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအစစကို တတ်နိုင်သမျှရနိုင်သည့်အခွန်များကို လုည်းနေလှေအောင်း မြင်းဇောင်းမကျန်ဆိုသလို ထည့်သွင်းစဉ်းစားကာ လျာထားရေးဆွဲကြရမည်။ လျာထားချက်ပြည့်မီအောင် အလေအလွင့်ကင်းအောင်၊ အဂတိကင်းအောင်တာဝန်ရှိသူများက တာဝန်ခံကာ ကြီးကြပ်ကောက်ခံရမည်။ သို့မှသာ ရငွေအပိုင်း များပြားလာမည်ဖြစ်သည်။ ပြည်သူများထံမှ ကောက်ခံသည့်အခွန်များဖြင့်သာ ရပ်တည်နေကြသည့်အစိုးရများ ကမ္ဘာ့နိုင်ငံများတွင် ရှိနေသည်။ အမှန်တကယ်သာ အသေအချာကောက်ခံလျှင် ရငွေများ အဆမတန်တက်လာမည်။

တစ်ဖန် အသုံးစရိတ်များဖြစ်သည့် ဌာနဆိုင်ရာအသီးသီး၏ ရုံးသုံးစရိတ်များ၊ သယ်ယူပို့ဆောင်ရေးစရိတ်များ၊ မလိုသေးသည့် အဆောက်အအုံများကို တတ်နိုင်သလောက် တစ်နှစ်တန်သည် နှစ်နှစ်တန်သည် လျှော့ချခြင်း၊ ခြိုးခြံချွေတာခြင်းများ ပြုလုပ်ပြီး ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံသားများအကျိုးပြုစီမံကိန်းကြီးများအပေါ်ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းအားဖြင့် ဘတ်ဂျက်လိုငွေပြမှုဟူသည့် သံသရာဆိုးမှ အမှန်တကယ် လွတ်မြောက်နိုင်မည်လည်း ဖြစ်မည်။ သို့မှသာ ဝန်ထမ်းများကို လစာတိုးပေးနိုင်မည်။ လယ်သမား အလုပ်သမားများ၊ မွေးမြူရေးသမားများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များကို ချေးငွေများ တိုးချေးပေးလာနိုင်မည်။ မြို့ပြစနစ်တည်ဆောက်ရေးများ ပိုမိုကောင်းမွန်သန့်ရှင်းလှပအောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကာ အစိုးရအပေါ် ပြည်သူက ကြည်ဖြူလာမည်ဖြစ်ပါကြောင်း ရည်ရွယ်တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

**ရန်ကြီးအောင် (ဥပဒေ)**




၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်အများစုတွင် ဆန္ဒမဲပေးခွင့်ရှိသူများ၏ဆန္ဒမဲအများစုကိုရရှိ၍ ပါတီကိုယ်စားလှယ်အများစုမှာ သက်ဆိုင်ရာလွှတ်တော်အလိုက် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ကြရပါသည်။ စာရင်းဇယားများအရဆိုလျှင် ပြည်သူ့လွှတ်တော်တွင် ၂၅၅ နေရာ၊ အမျိုးသားလွှတ်တော်တွင် ၁၃၅ နေရာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ၁၄ ခုတွင် ၄၇၅ နေရာနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၂၁ နေရာ ဖြစ်ပါသည်။

ထိုကဲ့သို့ ရွေးကောက်တင်မြှောက်ခြင်းမခံရမီ (မည်သည့်ပါတီက ရွေးကောက်တင်မြှောက်ခံရမည်ဟူ၍မသိမီ) ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်နေ့ကထုတ်ဝေခဲ့သည့် ဒီမိုကရေစီတုဒေးသတင်းစာတွင် အောက်ပါအတိုင်း ရေးသားတင်ပြခဲ့ပါသည်။

"လာမယ့်ရွေးကောက်ပွဲများမှာ ဝင်ရောက်အရွေးချယ်ခံပြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖို့ ရည်မှန်းထားသူတွေအနေနဲ့ မိမိကိုယ်ကို အရည်အချင်းပြည့်ဝတဲ့သူတစ်ယောက်ဖြစ်ဖို့အတွက် ကြိုတင်ပြင်ဆင်ရတော့မှာ ဖြစ်ပါတယ်။ နဂိုကတည်းက နိုင်ငံရေးကိုဝါသနာပါပြီးတော့ နိုင်ငံအရေး၊ နိုင်ငံတကာအရေး စတဲ့အထွေထွေဗဟုသုတတွေကို လေ့လာထားတဲ့သူတွေအတွက်တော့ သိပ်လေ့လာစရာမလိုအပ်လှပေမယ့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်သက်သက်နဲ့ ယခုမှစတင်၍ နိုင်ငံရေးလောကထဲ ဝင်ရောက်လာသူများအတွက်ကတော့ အရည်အချင်းပြည့်ဝတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်ဖို့ဆိုရင် များစွာကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဝန်ကြီးဌာနများမှာ ဝင်ရောက်တာဝန်ထမ်းဆောင်ကြရမယ့် အရာရှိဝန်ထမ်းများကို ရွေးချယ်ခန့်ထားရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ဝန်ကြီးဌာနများက စိစစ်ရွေးချယ်ရာမှာ သိသင့်သိထိုက်တဲ့မေးခွန်းများကို မေးကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်ထောင်စုရဲ့ဥပဒေပြုအဖွဲ့အစည်းမှာ ပါဝင်သူများဖြစ်တဲ့အတွက် ဝန်ထမ်းတစ်ယောက်သိထားတာထက် များစွာပိုမိုသိရှိထားရမှာ ဖြစ်ပါတယ်"။

> **ပြည်သူ့ကိုယ်စားလှယ်ဖြစ်သော လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနှင့် မသိမဖြစ်သိရှိနားလည်ထားကြရမည်ကား ရုံးလုပ်ငန်းဆိုင်ရာ အထွေထွေဗဟုသုတပင် ဖြစ်ပါသည်။**

"လွှတ်တော်ကိုယ်စားလှယ်ဟာ ကျွမ်းကျင်သူမဟုတ်တဲ့အတွက် ဘာသာရပ်တစ်ခုချင်းနဲ့ပတ်သက်လာရင် အသေးစိတ်သိချင်မှ သိမှာဖြစ်ပေမယ့် ဘာသာရပ် အတော်များများနဲ့ပတ်သက်ပြီး ကြားဖူးနားဝ ဗဟုသုတကတော့ အထိုက်အလျောက်ရှိနေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေဟာ သီးသန့်ဘာသာရပ်တစ်ခုတည်းကို အထူးကျွမ်းကျင်တဲ့ (Specialist) မဖြစ်ပေမယ့် ဘာသာရပ်နယ်ပယ်အသီးသီးကို ယေဘုယျအားဖြင့်သိရှိသူ (Generalist)တော့ဖြစ်ဖို့လိုပါတယ်။ လွှတ်တော်တွင်း မှာ သီးသန့်ဘာသာရပ်ကျွမ်းကျင်သူ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဥပဒေပညာရှင်၊ စီးပွားရေးပညာရှင်၊ ဘဏ္ဍာရေးပညာရှင် စတာတွေလည်း အခါအားလျော်စွာပါလာတတ်ပါတယ်။ မပါလာရင်လည်းဘဲ လွှတ်တော်ကော်မတီများဟာ ကျွမ်း ကျင်သူပညာရှင်များကို သီးခြားဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်များရယူခြင်းတို့ကို ဆောင်ရွက်နိုင်ပါတယ်။ ဒါပေမဲ့ လွှတ်တော်အတွင်းမှာ တင်ပြလာမယ့် အဆိုတွေ၊ ဥပဒေတွေကို ထောက်ခံဆွေးနွေးခြင်း၊ ကန့်ကွက်ဆွေးနွေးခြင်း စတာတွေပြုဖို့အတွက်တော့ အထွေထွေဗဟုသုတ ပြည့်စုံကြွယ်ဝနေဖို့ လိုအပ်ပါတယ်" ဟူ၍ ရေးသားဖော်ပြခဲ့ပါသည်။

ထို့နောက်တစ်ဖန် ထိုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့နှင့် ၇ ရက်နေ့တို့တွင်ထုတ်ဝေသည့် The VOICE Daily သတင်းစာတို့တွင် လွှတ်တော်ကိုယ်စားလှယ်အသစ်များအတွက် (၁)၊ (၂) ဟူသောခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ထပ်မံ၍ အကြံပြုတင်ပြဆွေးနွေးခဲ့ပါသည်။ (ထို့ကြောင့် ယခုဆောင်းပါးကို (၃)ဟု ခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်ပါသည်)။

"ကိုယ်စားလှယ်တို့အနေနှင့် မိမိကိုယ်သာ အားကိုးရာအနေနှင့် ကိုယ်တိုင်လေ့လာမှု (Self Study) လုပ်ကြရမည်ဖြစ်ပါသည်။ အချို့လည်း ဝါသနာအရသော်လည်းကောင်း၊ တိုင်းပြည်အကျိုးပြုရန် ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း မိမိကိုယ်မိမိ ဖြည့်ဆည်းသည့်အနေနှင့် ယခင်ကပင်ကြိုတင်လေ့လာဆည်းပူးပြီး ဖြစ်မည်ဟုယုံကြည်ပါသည်။ သို့ရာတွင် မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေနှင့် မိမိတို့ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များသည် အခြားသူများထက် အစစအရာရာ သာလွန်ထက်မြက်စေလိုသည့်ရည်ရွယ်ချက်ဖြင့် ယခင်ရေးခဲ့ဖူးသည့် ဆောင်းပါးပါအကြောင်းအရာအချို့ကို ထပ်မံဖြည့်စွက်လျက် ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများကို အားဖြည့်သည့်အနေနှင့် အောက်ပါအတိုင်း အကြံပြုဆွေးနွေးတင်ပြလိုက်ပါသည်" ဟူ၍ အစချီကာ…

ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းကိုအခြေခံသော အထွေထွေဗဟုသုတများ၊ ပထဝီနိုင်ငံရေးဆိုင်ရာ အချက်အလက်များ၊ ဥပဒေဆိုင်ရာဗဟုသုတများ၊ စီးပွားရေးစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များအပြင် အခြားလိုအပ်သည်များကို ကြိုတင်လေ့လာပြင်ဆင်ထားသင့်ကြောင်း အကျယ်တဝင့် အကြံပြုရေးသားခဲ့ပါသည်။ သို့သော်လည်း 'သတိမမူ ဂူမမြင်' ဟုပဲဆိုရမည်လားတော့မသိ၊ ကျွန်တော့်အနေနှင့် အရေးကြီးသည့်ကိစ္စတစ်ခုကိုတော့ မေ့လျော့နေခဲ့ပါသည်။ ထိုကိစ္စမှာ တခြားတော့မဟုတ်ပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနက် အချို့သော လွှတ်တော်ကိုယ်စားလှယ်ကြီးများသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံကြရမည်ဖြစ်သလို ရွေးချယ်တင်မြှောက်ခြင်းမခံကြရသော ကိုယ်စားလှယ်များအနေနှင့်လည်း အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ဆက်ဆံကြရမည်ဖြစ်ပါသည်။ ထိုအခါ ပြည်သူ့ကိုယ်စားလှယ်ဖြစ်သော လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနှင့် မသိမဖြစ်သိရှိနားလည်ထားကြရမည်ကား ရုံးလုပ်ငန်းဆိုင်ရာ အထွေထွေဗဟုသုတပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အခြေခံဥပဒေအရ နိုင်ငံတော်သမ္မတမှလွဲ၍ အခြားသောပုဂ္ဂိုလ်/အဖွဲ့အစည်းအားလုံးတို့သည် အောက်ဖော်ပြပါ အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များနှင့် ကြုံတွေ့ဆက်ဆံကြရမည်ဖြစ်ပါသည်။

(၁) မိမိထက်ရာထူးအဆင့်အတန်းနှင့် လုပ်ပိုင်ခွင့် ပိုမိုမြင့်မားသော ပုဂ္ဂိုလ်/အဖွဲ့အစည်း၊

(၂) မိမိနှင့် ရာထူး/လုပ်ပိုင်ခွင့် တန်းတူရည်တူရှိသော ပုဂ္ဂိုလ်/အဖွဲ့အစည်း၊

(၃) မိမိအောက် ရာထူးနှင့်လုပ်ပိုင်ခွင့်ရှိသောပုဂ္ဂိုလ်/အဖွဲ့အစည်း စသည်တို့ဖြစ်ပါသည်။

ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များ၊ ရုံးစာရေးသားနည်းစသည်တို့မှာ တိကျသော လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် စသည်တို့ဖြင့် သတ်မှတ်ထားသည်များရှိသလို တိကျစွာညွှန်ကြားသတ်မှတ်ထားခြင်းမရှိသော်လည်း အစဉ်အလာတစ်ရပ်အနေနှင့် လိုက်နာဆောင်ရွက်ကြသည်များလည်း ရှိပါသည်။ ဥပမာအားဖြင့်ဆိုရလျှင် မြန်မာ့ယဉ်ကျေးမှုတွင် လူကြီးသူမများရှေ့၌ ခေါင်းငုံ့/ခါးညွတ်၍ သွားလာရမည်၊ လူကြီးသူမကို တစ်စုံတစ်ခုပေးရာ၌ လက်နှစ်ဖက်ဖြင့် ပေးရမည်စသည်တို့မှာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်စသည်တို့ ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော်လည်း အစဉ်အလာယဉ်ကျေးမှုတစ်ရပ်အဖြစ် ရှေးပဝေသဏီမှစ၍ ယနေ့တိုင် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ လိုက်နာကျင့်ဆောင်ခဲ့ကြသည့် ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်ပါသည်။

ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ ရုံးစာများရေးသားရာတွင်လည်းကောင်း အလားတူ အစဉ်အလာအရ လိုက်နာကျင့်သုံးကြသော ယဉ်ကျေးမှုများရှိကြပါသည်။ ဆိုရလျှင် အထက်အဖွဲ့အစည်းများသို့ ရုံးစာများရေးသားတင်ပြကြရာ၌ 'တင်ပြအပ်ပါသည်'၊ 'အမိန့်နာခံအပ်ပါသည်'၊ 'လိုအပ်သလို လမ်းညွှန်မှုပြုပါရန်'၊ 'သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်' စသည်ဖြင့် အကြောင်းအရာအလိုက် ရေးသားကြပါသည်။ အလားတူ မိမိနှင့် တန်းတူရည်တူ၊ အဆင့်တူ အဖွဲ့အစည်း/ပုဂ္ဂိုလ်အချင်းချင်း အပြန်အလှန်စာရေးသားကြရာတွင်လည်း 'ညှိနှိုင်းအကြောင်းကြားပါသည်'၊ 'ညှိနှိုင်းအပ်ပါသည်'၊ 'မေတ္တာရပ်ခံပါသည်'၊ 'အသိပေးအကြောင်းကြားပါသည်' စသည်အားဖြင့် သုံးနှုန်းရေးသားကြသလို မိမိအောက်နိမ့်သော၊ လက်အောက်ခံအဖွဲ့အစည်း/ပုဂ္ဂိုလ်တို့ထံသို့ စာဖြင့်ရေးသားရာတွင် 'အကြောင်းကြားပါသည်'၊ 'ညွှန်ကြားပါသည်'၊ 'လိုအပ်သလို ဆက်လက်ဆောင်ရွက်ပါရန် အကြောင်းကြားပါသည်' စသည်ဖြင့် ရေးသားကြသလို 'ဆောင်ရွက်ပြီးစီးမှုကို အကြောင်းပြန်ကြားပါရန်' သို့မဟုတ် 'မဆောင်ရွက်နိုင်ပါက အဘယ်ကြောင့် ထိုသို့မဆောင်ရွက်နိုင်ကြောင်း ပြန်လည်တင်ပြပါရန်' စသည်အားဖြင့်လည်း ရေးသားကြပါသည်။

မကြာသေးမီရက်ပိုင်းအတွင်းက မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်း/ပုဂ္ဂိုလ်ထံသို့ ယင်းမြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြောင်းကြားစာရေးသားမှုတစ်ခုကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖတ်ရှုလိုက်ရပါသည်။ ပထမဦးဆုံးတွေ့ရှိရသည်မှာ နိုင်ငံတော်က တရားဝင်သတ်မှတ်ထားသည့် ရာထူးအခေါ်အဝေါ် မှားယွင်းမှုပင်ဖြစ်ပါသည်။ (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်ကလည်း ၎င်းအားရာထူးအခေါ်အဝေါ် မှားယွင်းခေါ်ဆိုမှုများကို ထောက်ပြပြောဆိုဖူးပါသည်၊ ဆိုလိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟူသည် တစ်ဦးတည်းရှိပြီး ကာကွယ်ရေးဦးစီးချုပ်ဆိုသည်မှာ ကြည်း/ ရေ/ လေ စသည်အားဖြင့် သုံးဦးရှိသော်လည်း ၎င်းကို ကာ/ချုပ် ဟူ၍ အတိုကောက်ခေါ်ဆိုနေမှုများကို ပြောဆိုခြင်းဖြစ်ပါသည်)။

ဒုတိယမှားယွင်းမှုမှာ 'ဖိတ်ကြားထားပေးပါရန်နှင့် နေရာစီစဉ်ပေးပါရန် အကြောင်းကြားအပ်ပါသည်' ဟု ဆိုခြင်းမှာ ခိုင်းစေသည့် သဘောပါသည့် အရေးအသားဖြစ်သကဲ့သို့ 'ဖိတ်ကြားပေးနိုင်ခြင်းမရှိပါက အဘယ့်ကြောင့်ဖြစ်သည်ကို အကြောင်းပြန်ပေးနိုင်ရန်' ဆိုသည်မှာ (အကူအညီတောင်းသည်ဟု ဖော်ပြထားသော်လည်း) အထက်အဖွဲ့အစည်းက တိုက်ရိုက်ညွှန်ကြားသည့်သဘော သက်ရောက်နေပါသည်။

ထို့အပြင် လိုအပ်ချက်တစ်ခုမှာ ဖိတ်ကြားပေးစေလိုသည့် ပုဂ္ဂိုလ်/လူဦးရေကို ဖော်ပြမထားဘဲ 'ကျေးရွာ ၆ ရွာအတွင်း နေထိုင်ကြသော ဒေသခံပြည်သူများကို ဖိတ်ကြားထားပေးရန်' ဟု ဆိုထားသကဲ့သို့ 'မည်သူများကို ဖိတ်ကြားပေးသည်ကို အကြောင်းပြန်ပေးနိုင်ရန်' ဆိုထားပြန်ရာ အကယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပေးလိုသည့်တိုင်အောင် မည်ကဲ့သို့ဆောင်ရွက်ပေးရမည်ဆိုသည်ကို တိကျစွာဖော်ပြထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါစာကို ဖတ်ရှုရခြင်းအားဖြင့် ယင်းလွှတ်တော်ကိုယ်စားလှယ်သည် ရုံးဌာနအဖွဲ့အစည်းများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသလို ရုံးလုပ်ထုံးလုပ်နည်းနှင့် ရုံးစာရေးသားခြင်းတို့နှင့် ပတ်သက်၍လည်း အတွေ့အကြုံမရှိကြောင်း သိသာထင်ရှားပါသည်။ အကယ်၍သာ လမ်းကြောင်းမှန်ဖြင့်သွားမည်ဆိုသော် လွှတ်တော်ကိုယ်စားလှယ်ဟူသည့် ဂုဏ်သိက္ခာနှင့်လျော်ညီစွာ မိမိဆောင်ရွက်လိုသည်ကို ပြည်ထောင်စုဝန်ကြီးနှင့် ညှိနှိုင်း၍ဖြစ်စေ/အကူအညီ တောင်းခံ၍ဖြစ်စေ ဆောင်ရွက်နိုင်သလို သက်ဆိုင်ရာတိုင်းဒေသကြီးမှတစ်ဆင့် အကူအညီတောင်းခံ၍ ဆောင်ရွက်မည်ဆိုလျှင်လည်း လုပ်ငန်းပိုမိုချောမွေ့အဆင်ပြေမည်သာဖြစ်ပါသည်။ မြို့နယ်အဆင့်ဆိုသည်မှာ မိမိအားပေးအပ်ထားသောတာဝန်နှင့်လုပ်ကိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်၍မရသလို အထက်အဖွဲ့အစည်း၏ညွှန်ကြားချက် တစ်စုံတစ်ရာမရှိပါကလည်း ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ (ကျွန်တော် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် မြို့နယ်တစ်ခုမှ အမျိုးသားညီလာခံကိုယ်စားလှယ်က အကူအညီတောင်း၍ ဒေသခံပြည်သူများကိုဖိတ်ကြားပေးပြီး ကိုယ်တိုင်လည်း အစည်းအဝေးတက်ရောက်ခဲ့သည့် မြို့နယ်ဥက္ကဋ္ဌနှင့်တပ်ရင်းမှူးတို့ အရေးယူခံခဲ့ရပါသည်)။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ယခင်ဆောင်းပါးများတွင်ရေးသားခဲ့သလို နိုင်ငံရေး၊ သမိုင်း၊ ပထဝီ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ စီမံကိန်း၊ ဥပဒေ စသည့်ဘာသာရပ်များကို အထွေထွေဗဟုသုတအဖြစ် လေ့လာဆည်းပူးအပ်သကဲ့သို့ ရုံးလုပ်ငန်းအတတ်ပညာနှင့် ရုံးစာရေးသားနည်းတို့မှာလည်း မလွတ်တမ်းလေ့လာ/တတ်သိထားသင့်သည့် ပညာရပ်တစ်ခုဖြစ်ပါကြောင်း အကြံပြုတင်ပြလိုပါသည်။

အကယ်၍ သီးခြားလေ့လာရန်အခြေအနေမပေးပါကလည်း လွှတ်တော်ဥက္ကဋ္ဌကြီးများအနေနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို အကူအညီတောင်းခံ၍ စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း ထပ်လောင်းအကြံပြုအပ်ပါသည်။

**သိန်းထက်အောင်**

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။

အယ်ဒီတာ

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၃၆)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ကိုယ့်ဘဝ ဘဝဆိုတာ ကိုယ်ဖြစ်ခဲ့တာတွေပေ့ါ။ ဖြစ်ခဲ့တာတွေကို ငယ်ကတည်းက စပြီးတော့ ပြောလာခဲ့တာ အခုဆိုရင် အပိုင်း (၁၃၆) ရောက်ပြီ။ ဘုန်းဘုန်းတို့ ဒီလိုပြောတဲ့နေရာမှာ ကိုယ်မှတ်မိတာ လေးတွေ ပြန်ပြောတာပါပဲ။ တွေ့ခဲ့ကြုံခဲ့ ဖြစ်ခဲ့တာတွေကတော့ အများကြီးပဲ။ အဲ့ဒီလို မှတ်မိတာကလည်းပဲ စွဲပြီးတော့ မှတ်မိတာက သတ်သတ်ပေ့ါ။ ဒါမှမဟုတ်ရင် ဒီမှာအကြောင်းတိုက်ဆိုင်ရင် အခုဒီ အသက်အရွယ်ဆို ၅၇ နှစ် ရောက်နေပြီ။ အကြောင်းတိုက်ဆိုင်ရင် ဒီတိုက်ဆိုင်တာလေးတွေနဲ့ ပတ်သက်ပြီးတော့ ငယ်တုန်းက တိုက်ဆိုင်တာနဲ့ တူသလိုလေးတွေ ပြန်ပြန်ပေါ်ပြီး မှတ်မိတာလည်းရှိတယ်။ အဲ့ဒီလိုလေးတွေပြောလာတဲ့အခါမှာ နှစ်မျိုးပေ့ါလေ။ ငယ်တုန်းက အကြောင်းတွေပြောတာပါပဲ။ ဒီလိုပဲ လူတွေရဲ့ စိတ်သန္တာန်မှာ အခုကြုံ လို့ ငယ်တုန်းကဟာလေးတွေ ပြန်ပေါ်လာတာရှိတယ်။ ဒါမှမဟုတ်ရင် ငယ်ကတည်းက စွဲပြီးတော့ မမေ့တာလည်းရှိတယ်။ အဲ့ဒီလိုမျိုးလေးတော့ ရှိတတ်ကြတာပေ့ါ။

အခုဆို ဘုန်းဘုန်းတို့ ၁၀၈၆ ခုနှစ်က အင်းဝ ပြည့်ရှင် တနင်္ဂနွေမင်းကြီး တည်ထားတဲ့ လေးကျွန်းမာရ်အောင်ဘုရား။ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တင်တော့မှာပေ့ါလေ။ အဲ့ဒါကလည်း အံ့ဩရာကောင်းတယ် ပြောရမလားမသိဘူး။ သက္ကရာဇ် ၁၀၈၆ ခု ဆိုတော့ နှစ်ပေါင်း ၂၀၀ ကျော်ပြီ။ ဟို သာသနာနှစ်ကို ပြန်ကြည့်ပြန်တော့ ၂၂၆၈ ခုနှစ်။ သာသနာတော်နှစ် ၂၂၆၈ ခုနှစ် ကောဇာသက္ကရာဇ် ၁၀၈၆ ခုနှစ်ဆိုတော့ ၆၈ နဲ့ ၈၆ နဲ့။ အခု ဒီနှစ် စိန်ဖူး၊ ငှက်မြတ်နားတော်၊ ထီးတော်တင်မယ်ဆိုပြန်တော့လည်း သာသနာတော်နှစ် ၂၅၅၇ ခုနှစ်၊ ကောဇာသက္ကရာဇ်က ၁၃၇၅ ခုနှစ်။ အခု ဒီမှာ ၅၇၊ ၇၅။ အဲ့ဒီလိုလေးတွေ သွားတွေ့တော့။ ဒါလေးက ကြားထဲမှာ မှတ်တမ်းလေးတွေကို ပြောပြတာ။ အခုပွဲကြီး ကျင်းပမယ်ဆိုတော့ ဒီပွဲကျင်းပတာကတော့ ဒါအေးအေးဆေးဆေး ပြီးသွားပြီ။ ဒီလေးကျွန်းမာရ်အောင် ဘုရားဝင်းထဲမှာပဲ စစ်ကိုင်းမြို့စစ်ကိုင်းတောင်ရိုး သောတာပန်ရပ် သောတာပန်ကျေးရွာပေ့ါ အရင်တုန်းကတော့။ လေးကျွန်းမာရ်အောင် ဘုရားဝင်းထဲမှာ ကျင်းပတယ်။ ကျင်းပတော့ ဒီပွဲကတော့ သူ့ဟာသူ အေးအေးဆေးဆေးပဲ။ ဟိုးအရင်တုန်းက ဘုန်းဘုန်းငယ်တုန်းက အကြောင်းလေးတွေ ပြန်ပြန်ပေါ်လာတယ်။ ဘုရားပွဲကြီး ကျင်းပတယ်။ အခုလည်းပဲ တော်သလင်းလဆန်း ၅၊ ၆၊ ၇၊ ၈ ဆို ဆီအလှူတွေနဲ့ ကျင်းပကြတာ။ ဒီပွဲထည့်တာ နှစ်တိုင်းနှစ်တိုင်း ဇာတ်ပွဲထည့်တာပေ့ါကွယ်။ ဇာတ်ပွဲထည့်တာက အညာဘုရားပွဲဆို ဇာတ်ပွဲက ပါတာပဲ။ ရပ်တိုင်းရွာတိုင်းလိုလို သိတာပဲ။ ကထိန်လည်း ပါတာပါပဲ။ ဘာပွဲလေးဖြစ်ဖြစ် အညာမှာကတော့ အငြိမ့်တန်အငြိမ့် ဇာတ်တန်ဇာတ် ဒီလို ပွဲလမ်းသဘင်တွေ ထည့်နေကြတာပေ့ါ။ နောက်ပိုင်းတော့ တီးဝိုင်းတွေ ဘာတွေထည့်လာကြတာပေ့ါ။ ဆိုင်းဝိုင်းတွေ။

အဲ့ဒီတုန်းက ဘုန်းဘုန်းတို့က ကာလသား။ ကာလသားဆိုတာက ၁၆ နှစ်ကျော်လာပြီ ဆယ်တန်းအောင်လာမှ လက်ခံတာကိုး။ ဆယ်တန်းအောင်လာပြီးတော့ အိမ်ထောင်ကျသွားရင်တော့ ကာလသား မဟုတ်တော့ဘူး။ အိမ်ထောင်ကျသွားရင်တော့ ကာလသမီး မဟုတ်တော့ဘူး။ တောခေါ်ခေါ်တာပါ ကာလသား ကာလသမီးဆိုတာ။ အပျိုခေါင်းတို့ လူပျိုခေါင်းတို့ ကာလသားတွေ အဲ့ဒီလို ခေါ်ကြတာ။ တစ်နှစ်ကကျတော့ ဖြစ်ပုံက ဒီလို။ ဇာတ်ပွဲထည့်မယ် မထည့်ဘူးဖြစ်ကြတာ။ အဲ့ဒီတုန်းက ဘုန်းဘုန်းကလည်း ၁၈၊ ၁၉၊ ၂၀ ဖြစ်နေပြီပေ့ါလေ။ ဇာတ်ပွဲထည့်မယ်။ ဒါ အခုအကြောင်းတိုက်ဆိုင်လို့ ပေါ်လာခဲ့တဲ့ဟာလေးပါ။ ခုဆိုရင် ဘုရားပွဲကြီးလာမယ်။ တော်သလင်းလဆန်းဆို ဘုရားပွဲလာတယ်။ ဇာတ်ပွဲထည့်မယ် မထည့်ဘူးဆို လူကြီးတွေက မထည့်ဘူးလို့ဆုံးဖြတ်လိုက်ကြတယ်။ လူငယ်တွေက ထည့်မယ်။ အဆင်မပြေကြဘူး လူကြီးနဲ့ လူငယ်နဲ့။ လူငယ်တွေက ပွဲလမ်းသဘင်ကြိုက်တာပေ့ါ။

အဲ့ဒီတော့ လူကြီးတွေကို မေးတယ်။ ဘာလို့ မထည့်တာလဲ။ ဘာလို့မထည့်တာလဲဆို လူကြီးတွေက အေး မင်းတို့တော့ ထည့်ချင်ပါတယ်ကွာ။ တစ်နှစ်လေးတော့ နားပေးပါကွာ။ မထည့်ပါနဲ့။ လူငယ်တွေက ထည့်မယ်။ ဘာဖြစ်လို့တုံးဆိုတော့ လုံခြုံရေးအခြေအနေ မကောင်းလို့တဲ့။ အဲ့ဒီတော့ ပွဲမတိုင်ခင် ပွဲသွားမငှားရဘူးပေ့ါလေ။ ပွဲမိန့်တို့ဘာတို့ ဆိုတာတွေလည်း ရှိတာကိုး။ အဲ့ဒါတွေလည်း မပေးဘူး။ ဘာဖြစ်လာတုံးဆိုတော့ လူငယ်နဲ့ လူကြီးက နည်းနည်းလေး ထိပ်တိုက်တွေ့လာတယ်။ ဘာလုံခြုံရေး မပေးနိုင်တာလဲ။ လူငယ်တွေက ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ်လုံခြုံအောင် ထိန်းသိမ်းနိုင်တယ် ဘာအန္တရာယ်မှ မရှိစေရဘူး။ ကျွန်တော်တို့ကိုယ်တိုင် ပွဲမကြည့်ဘူး။ ကျွန်တော်တို့ ပွဲမကြည့်ဘူး လုံခြုံရေးတာဝန်ယူမယ်။ လူကြီးတွေ တာဝန်မယူနိုင်ရင် ကျွန်တော်တို့တာဝန်ယူမယ်။ ရဲတွေ တာဝန်မယူနိုင်ရင် ကျွန်တော်တို့ တာဝန်ယူတယ်။ ကျွန်တော်တို့ကိုယ်တိုင် ပွဲမကြည့်ဘူး။ ဟာ မင်းတို့လည်း ပွဲမကြည့်မယ့်အတူတူကွာ မထည့်ပါနဲ့လား။ မဟုတ်ဘူး ထည့်ကိုထည့်မှာ။ အဲ့ဒီလို ဖြစ်ကြတာ။ ကျွန်တော်တို့တော့ မကြည့်ပေမယ့်ကာလသမီးလေးတွေ ကြည့်ချင်တာပေ့ါ။ အပျိုတွေ ကြည့်ချင်တာပေ့ါ။ တစ်နှစ်တစ်ခါထည့်တာ မထည့်ရင် သိက္ခာကျ ဘာညာပေ့ါလေ လူငယ်တွေက ပြောကြတော့။

ဘုန်းဘုန်းက အဲ့ဒီမှာ စဉ်းစားကြည့်တယ်။ ကိုယ်လည်း လူပျိုပါ ကာလသားပါပဲ။ ပွဲကြိုက်လားဆိုတော့ ကြိုက်တာပေ့ါ။ သူများကြိုက်တာထက် ပိုကြိုက်တယ်ပဲ ပြောရမှာပေ့ါ။ ဒါပေမဲ့ စဉ်းစားကြည့်တာက လူကြီးတွေဘက်က ငါနေကြည့်ရမလား။ လူငယ်ဘက်ကနေကြည့်ရမလား။ ဒါလေး စိတ်ထဲပေါ်လာတယ်။ ကိုယ်က လူငယ်နေရာ ရောက်နေတယ် လူငယ်ဘက်က ဘာနေကြည့်စရာ အထူးလိုတုံး။ လူကြီးတွေဘက်ကပဲ နေကြည့်ဖို့အကျင့်လုပ်ရတာပေ့ါ။ လူကြီးတွေဘက်က နေကြည့်မှ အဆင်ပြေမယ်ဆိုတာလေး ဖြစ်တာပေ့ါ။ အဲ့ဒါနဲ့ ဘုန်းဘုန်း သြော် ငါလူကြီးတွေဘက်က နေကြည့်မယ်။ နေကြည့်ဆို ဒီတိုင်းနေကြည့်လို့ မရဘူးလေ။ မရဘူးဆိုတာက ခုအရွယ်ကတော့ ထားပါတော့။ အရင်တုန်းကတော့ ကိုယ်က ၁၆၊ ၁၇ ပဲရှိသေးတယ်။ ဒီအရွယ်လေးဆိုတော့ လူကြီးဘက်ကနေကြည့်အောင် လူကြီးတွေ ဘာဖြစ်နေလဲ၊ ဘယ်လိုနှလုံးသွင်းနေလဲ၊ ဘာသိနေလဲ။ သိမှ မသိဘဲလေ။ အဲ့ဒီတော့ ဘုန်းဘုန်းက လူကြီးတွေဘက်က နေကြည့်မယ်ဆိုတော့ လူကြီးတွေနဲ့ အနီးကပ် နေကြည့်ရတယ်။ လူကြီးတွေနဲ့သွားပြီးဆွေးနွေးရတာမျိုး မဟုတ်ဘူးနော်။ သူတို့ လူကြီးတွေ ဘာတွေပြောကြလဲ၊ ဘာတွေဆိုကြလဲ၊ ဘာလို့လဲ။ သူတို့လည်း ဒီဘုရားပွဲကြီးအတွက် ပွဲထည့်ချင်မှာပဲ။ လုံခြုံရေးအရဆိုတာ လုံခြုံရေးကို ကိုယ်နားမလည်ဘူးလေ လူငယ်က။ ဘယ်လောက်ထိ လုံခြုံရေးက ဘာတွေသတင်းကြားလို့လဲ။ ဘာတွေ ဘယ်လောက် ဖြစ်နေလို့လဲ။


ဓာတ်ပုံ – မြင့်မိုးညို

> လူတစ်ယောက်ရဲ့စိတ်ဓာတ်ကြီးပြောင်းသွားဖို့ရာအတွက် စိတ်ဓာတ်ဆိုတာ အသိတရားပေ့ါ။ အသိတရားပြောင်းသွားဖို့ အတွက် အတတ်ပညာတစ်ခုသာ တတ်အောင်သင်ပေးလို့ရမယ်။ အသိပညာကို စိတ်ထဲက အသိတရား ဇောက်ထိုး ဖြစ်နေတာကို မိုးမျှော်ဖြစ်နေတာကို ဇောက်ထိုးမိုးမျှော် ဖြစ်နေတာကို တည့်အောင်ပြင်ပေးဖို့က မလွယ်ဘူးလေ။

စဉ်းစားကြည့်တယ်။ အဲ့ဒီကျမှ သိတာ လူကြီးတွေဆီက။ ဟာ ဘယ်ကဘာတဲ့ ဘယ်လိုတဲ့ ဘာဖြစ်လို့တဲ့။ ဟိုဘက်ကအကြောင်း ဟိုဘက်ကအကြောင်း အကြောင်းတွေအများကြီး ပြောပြတော့ လက်ခံစရာဖြစ်သွားတယ်။ သြော် အဲ့ဒီကျတော့ ဟုတ်တယ် ပွဲမထည့်တော့ဘူးဆိုတဲ့စိတ်မွေးသွားတယ်။ ဒါဖြင့်ရင် လူငယ်တွေကို မင်းပြန်ပြောမလားလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်တယ်။ ဘယ်လိုလုပ် ပြောရမှာတုံး။ လူတစ်ယောက်ရဲ့စိတ်ဓာတ်ကြီး ပြောင်းသွားဖို့ရာအတွက် စိတ်ဓာတ်ဆိုတာ အသိတရားပေ့ါ။ အသိတရားပြောင်းသွားဖို့အတွက် အတတ်ပညာတစ်ခုသာ တတ်အောင်သင်ပေးလို့ရမယ်။ အသိပညာကိုစိတ်ထဲက အသိတရား ဇောက်ထိုးဖြစ်နေတာကို မိုးမျှော်ဖြစ်နေတာကို ဇောက်ထိုးမိုးမျှော်ဖြစ်နေတာကို တည့်အောင်ပြင်ပေးဖို့က မလွယ်ဘူးလေ။ သူတို့ကိုယ်တိုင် ကိုယ့်လို လူကြီးနေရာဝင်ကြည့်လိုက်။ ကိုယ့်လိုစိတ်မွေးပြီးတော့ လူကြီးတွေနေရာရောက်ကြည့်ရင် လူကြီးတွေရဲ့အခက်အခဲ။ အခက်အခဲလို့တော့ ပြောမရဘူးလေ။ လူကြီးတွေ ကိုင်တွယ်နေရတဲ့ အခြေအနေ။ လူငယ်တွေက ကိုင်တွယ်စရာမလိုတဲ့ အခြေအနေ။ ဒီလိုကွာသွားတာ။

အဲ့ဒီကတည်းက ဘုန်းဘုန်းက သဘောပေါက်တယ်။ ဘာသဘောပေါက်တာလဲ။ သြော် လူငယ်တွေက သူတို့ပျော်ချင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ လူငယ်သဘာဝ ပျော်ရတယ်။ ပျော်ဖို့အတွက် ပွဲထည့်တယ်။ သူတို့ပျော်ဖို့တစ်ခုတည်းပဲ ခေါင်းထဲရှိတယ်။ နောက်ဆုံး သူတို့လျှော့နိုင်တာဟာ ကိုယ်မပျော်ရရင်နေ သူများတွေ ပျော်အောင်လုပ်ပေးမယ်။ သူများတွေ စိတ်ချမ်းသာအောင် လုပ်ပေးမယ်။ စိတ်ချမ်းသာတဲ့ စကားလုံးတောင် ဒီလိုပဲ လှည့်သုံးလိုက်ရမှာပေ့ါလေ။ ပထမတော့ ကိုယ်ကိုယ်တိုင် ပျော်ချင်တာ။ ကာလသား ကာလသမီးဆိုတာ ဒီဘုရားပွဲနဲ့ ပတ်သက်ပြီးတော့ ကြိုက်တဲ့အလုပ်ခိုင်း ကြိုက်တာခိုင်း သေအောင်ခိုင်း သေအောင်လုပ်တယ်။ ဒီပွဲလေးပါရင် ပြီးရော၊ ပွဲလေးကြည့်ရရင်ပြီးရော။ ဟုတ်တိပတ်တိလည်း ကြည့်ရတာ မဟုတ်ပါဘူး။ လူငယ်တွေရဲ့စိတ် လူငယ်တွေရဲ့သဘာဝ ပျော်ချင်တာပဲ။ လူကြီးတွေကျတော့ ပျော်ချင်တာတင် မဟုတ်တော့ဘူး။ လူငယ်တွေပျော်ချင်တာ လူငယ်ဘဝပျော်ရတာ အသက် ၈၀ ကျော်မှ ပျော်လို့ရမလားလို့ကိုယ့်ဘာကိုယ် ပြောလို့ရတယ်လေ။ ဒါပေမဲ့ အခြေအနေကြီး တစ်ခုလုံးကျတော့ လူကြီးတွေဘက်က မြင်တဲ့အမြင် ကိုယ့်ဘက်ကမြင်တဲ့အမြင် ... ။

■

ဓမ္မဒူတအရှင်ဆေကိန္ဒ
(ဆက်လက်ဖော်ပြပါမည်။)

# HEALTH

## သန့်ရှင်းရေးဝန်ထမ်းများကို ဘီပိုးကာကွယ်ဆေးထိုးပေးမည်

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများကိုအသည်းရောင် အသားဝါ ဘီပိုးရှိ မရှိ စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကိုလုပ်ဆောင်ပေးလျက်ရှိကြောင်း ယင်းကော်မတီ ကျန်းမာရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာမြင့်သန်းထွန်းက ပြောကြားသည်။

"ခရိုင်လေးခုမှာ အနောက်ပိုင်းခရိုင်က ဝန်ထမ်းလည်းများတဲ့အတွက် စပြီးလုပ်ခဲ့တယ်။ အဲဒီမှာ ဘီပိုးရှိတယ်လို့ တွေ့ခဲ့တဲ့သူ ၇၅ ဦးကို ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကိုစေလွှတ်ထားပါတယ်" ဟုၝင်းက ဆိုသည်။

အဆိုပါ ဘီပိုးစစ်ဆေးခြင်းနှင့်ကာကွယ်ဆေးထိုးနှံခြင်းကို စက်တင်ဘာလတွင် စတင်ပြုလုပ်ခဲ့ပြီး ဝန်ထမ်းပေါင်း ၁၀၂၂ ဦးကို သွေးဖောက်စစ်ဆေးခဲ့ရာ ၇၅ ဦးမှာ ပိုးတွေ့ရှိခဲ့ကာ ၉၄၇ ဦးကို ပထမအကြိမ်ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အလုံ ကွန်တိန်နာဝင်း၌လည်းကောင်း၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းမပေါ်ရှိ စည်ပင်အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း ဒုတိယအကြိမ် ထိုးနှံပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာနထံမှ သိရသည်။

အသည်းရောင် အသားဝါဘီပိုးသည် ကမ္ဘာတွင်အဖြစ်အများဆုံး ရောဂါတစ်ခုထဲတွင်ပါနေပြီး ယင်းရောဂါကူးစက်သည့်၉၅ ရာခိုင်နှုန်းသည် အလိုအလျောက်ပျောက်နိုင်ကာ ငါးရာခိုင်နှုန်းသည် နာတာရှည်အသည်းရောဂါများဖြစ်သည့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းများ သယ်ဆောင်နိုင်ကြောင်း၊ ထို့ပြင် ဘီပိုးသည် အိတ်ချ်အိုင်ဗီပိုးထက် အဆတစ်ရာ ပိုပြီးကူးစက်နိုင်ကြောင်း ဒေါက်တာမြင့်သန်းထွန်းက ပြောကြားသည်။

"ဒီပိုးက မိခင်ကနေ ကလေးကို ကူးစက်နိုင်တယ်။ အဲဒီတော့ အမျိုးသား အမျိုးသမီး အကုန်လုံးကို ထိုးနှံပေးတာပေါ့" ဟု ၎င်းက ရှင်းပြသည်။

ထို့ပြင် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သန့်ရှင်းရေးဝန်ထမ်း ၉၈၆ ဦး၊ အရှေ့ပိုင်းခရိုင်မှ ၈၁၄ ဦး၊ မြောက်ပိုင်းခရိုင်မှ ၉၃၅ ဦး၊ ရေနှင့် သန့်ရှင်းရေးဌာနမှ ရေဆိုးနှင့် မိလ္လာလုပ်သား ၅၉ ဦးတို့ကို ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းတို့ကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနထံမှ သိရသည်။

■ J-12



ဓာတ်ပုံ - သီတာဆွေ

ဒုတိယအကြိမ်မြောက် ဘီပိုးကာကွယ်ဆေးထိုးနှံခြင်းကို အလုံကွန်တင်နာဝင်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်း၌ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်က ပြုလုပ်စဉ်

## ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ စားဖိုဆောင်သစ်ဖွင့်လှစ်

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ရှိစားဖိုဆောင်သစ်ကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း ယင်းဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာပပက ပြောကြားသည်။

"ချက်ပြုတ်တဲ့နေရာမှာ သန့်ရှင်းမှုက အရေးကြီးပါတယ်။ ကြွက်၊ ခြင်၊ ယင်တွေမကပ်ငြိအောင်လုပ်ဖို့ သန့်သန့်ရှင်းရှင်း ချက်ပြုတ်ဖို့ဆိုတာလည်း အရေးကြီးတဲ့ကဏ္ဍက ပါဝင်လာပါတယ်။ ဒီဆေးရုံမှာ များပြားတဲ့လူနာတွေကို ချက်ပြုတ်ကျွေးရတာနဲ့အတူ မီးဖိုချောင်ပြုပြင်ဖို့ လိုအပ်လာပါတယ်။ အဲဒီအတွက် City Mart ကနေ ဒီအတွက် သိန်း ၁၀၀ လှူဒါန်းပေးခဲ့တာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါဆေးရုံတွင်အာဟာရကျွေးမွေးကုသရန် လိုအပ်သောလူနာများ၊ နွမ်းပါးသောလူနာများနှင့် နယ်ဝေးမှလာရောက်ပြီး လူနာရှင်အိမ်မှ ထမင်းပို့ရန် အခက်အခဲရှိသည့်လူနာများကို ဆေးရုံကြီး၏ အစီအစဉ်ဖြင့် အာဟာရ ကျွေးမွေးပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ နေ့စဉ်ပျမ်းမျှ ၇၅ ဦးခန့်ကျွေးမွေးနေရာမှ တစ်စတစ်စ တိုးတက်များပြားလာခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် နေ့စဉ်ပျမ်းမျှ ၁၅၀ ဦးခန့်အထိ ကျွေးမွေးလျက်ရှိကြောင်း ယင်းဆေးရုံကြီး၏ အချက်အလက်များအရ သိရသည်။

■ J-12



ဓာတ်ပုံ - သီတာဆွေ

ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၏ စားဖိုဆောင်ဖွင့်လှစ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းက ပြုလုပ်စဉ်။

## NEWS IN BRIEF

### တီဘီအဖြစ်အများဆုံး နိုင်ငံများထဲတွင် မြန်မာပါဝင်

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံတွင် တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်တည်ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့တီဘီရောဂါ အဖြစ်အများဆုံးနိုင်ငံ ၃၀ တွင် ပါဝင်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က ပြောကြားသည်။

တီဘီ၊ အိတ်ချ်အိုင်ဗီ ပူးတွဲဆောင်ရွက်မှုလုပ်ငန်းများအနေနှင့် ၂၀၁၃ ခုနှစ် အထိ မြို့နယ် ၂၈ မြို့နယ်မှ ၂၀၁၅ ခုနှစ်တွင် တိုးချဲ့မြို့နယ် ၁၀၈ မြို့နယ်အထိ တိုးချဲ့နိုင်ခဲ့ပြီး ယခုအခါ ယင်းလုပ်ငန်းများကို မြို့နယ် ၃၃၀ လုံးကို လွှမ်းခြုံဆောင်ရွက်ပေးနေကြောင်း National Annual Evulation Meeting on PPM-DOTS (2015) တွင် ၎င်းကပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့တို့နှင့်ပူးပေါင်း၍ ပြည်သူလူထုအခြေပြုတီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း ယင်းအဖွဲ့များထံမှ သိရသည်။

### Junction မော်တင်၌ သွေးလှူဒါန်းမည်

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

Junction City နှင့် အမျိုးသားသွေးလှူဘဏ်တို့ပူးပေါင်း၍ 'I am a Blood Donor's Campaign' သွေးလှူဒါန်းပွဲကို ဒီဇင်ဘာလ ၂၉ ရက်နေ့ နှင့် ၃၀ ရက်နေ့တို့တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ Junction မော်တင်၌ ပြုလုပ်မည်ဖြစ်ကြောင်း Junction City ၏ ပွဲတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အရေးတကြီးသွေးလိုအပ်ချက်ကို ကူညီဖြေရှင်းပေးနိုင်ရန်နှင့် လူ့အဖွဲ့အစည်းအတွင်း တစ်ဖက်တစ်လမ်းမှ ကောင်းကျိုးပြုနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ သွေးလှူဒါန်းပွဲကို ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၈ ရက်နေ့ နှင့် ၉ ရက်နေ့တို့တွင်လည်း Junction Square ၌ သွေးလှူဒါန်းပွဲကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ယင်းစင်တာထံမှ သိရသည်။

### ရင်ခုန်သံသွေးလှူရှင်အသင်း ၅၈ ကြိမ်မြောက် သွေးလှူဒါန်းမည်

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

ရင်ခုန်သံသွေးလှူရှင်အသင်း၏ ၅၈ ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း ပွဲကို ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ မြန်မာအင်ဖိုတက်၊ လှိုင်တက္ကသိုလ်များနယ်မြေ (ပင်မဆောင်အခန်း) တွင် ကျင်းပမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

■ J-12

## ကူးစက်ရောဂါသင့် နာဂလူမျိုးများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖွံ့ဖြိုးမှုနည်းပါးသည့်နာဂဒေသတွင် ကူးစက်ရောဂါသင့် နာဂလူမျိုးများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပြုလုပ်မည်ဖြစ်ကြောင်း နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု (ဗဟို) တာဝန်ရှိသူတစ်ဦးဖြစ်သည့် သရုပ်ဆောင် မာရီကိုးလ်က ပြောကြားသည်။

မေလနှင့် ဇွန်လဆန်းပိုင်းက ဖြစ်ပွားခဲ့သည့် ကူးစက်ရောဂါကြောင့် ရွာပေါင်းကိုးရွာမှ မွေးကင်းစကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ သေဆုံးသူ ၈၅ ဦးအထိရှိခဲ့ပြီး လူဦးရေတစ်သောင်းကျော်သည်လည်း ယင်းကဲ့သို့ ဆိုးရွားသည့်ကပ်ရောဂါကို အပြင်းအထန် စိုးရိမ်ဖွယ်ခံစားခဲ့ရကြောင်း NAGA Charity ထံမှ သိရသည်။

ကူးစက်ရောဂါသင့် နာဂလူမျိုးများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အဖြစ် ပွဲတော်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ ညနေ ၆ နာရီမှ ည ၁၂ နာရီအထိ အမျိုးသားပြဇာတ်ရုံတွင် နာဂရိုးရာဖက်ရှင်ရှိုးများ၊ နာဂဒေသရှိ လဟယ်နှင့် လေရှီးရှိ အကအဖွဲ့များ၏ ထူးခြားဆန်းပြားသည့်ကကွက်များကိုတင်ဆက်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် မာရီကိုးလ်က ပြောကြားသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ စားနပ်ရိက္ခာမပြည့်စုံခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးဗဟုသုတ နည်းပါးခြင်းနှင့် အစစအရာရာ နောက်ကျခြင်းတို့ကြောင့် ယခုကဲ့သို့ ကပ်ဆိုးရောဂါများကို တစ်ပြိုင်နက်ခံစားနေရကြောင်း၊ ယင်းကဲ့သို့ လိုအပ်မှုရှိနေသည့်တောင်တန်းဒေသအတွက် လှူဒါန်းမှုတွင် ပြည်သူများပါဝင်လှူဒါန်းနိုင်ကြောင်း၊ လှူဒါန်းမှုတွင် ပါဝင်လှူဒါန်းလိုသူများသည် ၀၉-၄၅၀၀၂၈၃၃၉၊ ၀၉-၉၇၃၀၈၅၆၆၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း NAGA Charity ထံမှသိရသည်။

■ J-12

# “ဗိုက်ခွဲသလောက်တော့ မကုန်ဘူး။ ရိုးရိုးမွေးတာထက်တော့ ပိုကုန်မယ်ပေါ့”

## ရွှေလမင်းဆေးရုံ(လမ်းမတော်)၏ ကျန်းမာရေးလူစွမ်းအား ညွှန်ကြားရေးမှူး ဒေါက်တာတင်ထွန်းအောင်နှင့် တွေ့ဆုံခြင်း

သီတာဆွေ

**ကိုယ်ဝန်ဆောင်မိခင်များ မနာကျင်ဘဲ သဘာဝအတိုင်း မွေးဖွားနည်းဖြင့် မွေးဖွားခြင်းကို ယခုလမှစတင်၍ တွင်ကျယ်စွာ အသုံးပြုမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ရင်သွေးကို သဘာဝအတိုင်း မွေးဖွားလိုသူမိခင်များအတွက် အဆိုပါနည်းစနစ်နှင့်ပတ်သက်၍ ရွှေလမင်းဆေးရုံ(လမ်းမတော်)၏ ကျန်းမာရေးလူစွမ်းအားညွှန်ကြားရေးမှူး ဒေါက်တာတင်ထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ： မနာကျင်ဘဲ သဘာဝအတိုင်း မွေးဖွားနည်းနဲ့ ဒီဆေးရုံမှာ လုပ်ဆောင်ပေးပြီလို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး ဆရာ။**

**Dr.TTA ：** ဒီနည်းကို ဒီဇင်ဘာ ၆ ရက်နေ့မှာ စပြီး အသိပေးလိုက်တယ်။ သားဖွားတယ်ဆိုတာ ချက်ချင်း လုပ်လို့မရဘူး။ ကိုယ်ဝန်စရှိတဲ့အချိန်မှာ ကိုယ်ဝန်စောင့်ရှောက်မှု စပေးမယ်ပေါ့။ သန္ဓေသားကြီးထွားမှုကို မှတ်တမ်းတင်တာတို့၊ လိုအပ်တဲ့ဆေးစစ်မှုတွေ လုပ်ပြီးတော့ တကယ်သားဖွားတဲ့အချိန်ကျရင် ဒီဆေးကိုအသုံးပြုမှာပေါ့။

**Voice ： ကိုယ်ဝန်ဆောင်ပြီဆိုကတည်းက ဆရာတို့ဆီမှာလာပြီး ဗိုက်အပ်မှ အဲဒီစနစ်ကို သုံးပေးမှာလား။**

**Dr.TTA ：** အဲဒါက ပိုပြီးအဆင်ပြေတာပေါ့။ အရပ်ထဲမှာလို အခုဗိုက်နာ၊ အခုသွားဆိုတာကတော့ အဆင်မပြေဘူးပေါ့။ မိခင်အနေအထား၊ ကလေးအနေအထား ရယ်၊ ဒီနည်းလမ်းကို အသုံးပြုလို့ရ မရ ဆုံးဖြတ်ရမှာလေ။ ဆရာတို့က ဒီအတိုင်း ရိုးရိုးမွေးတဲ့အခါတွေမှာလည်း အန္တရာယ်ရှိတဲ့ကိုယ်ဝန်တွေဆိုရင် သဘာဝအတိုင်း မွေးခွင့်မပေးဘူး။ ပထမဆုံးတစ်ကြိမ်ခွဲထားတဲ့ မိခင်ဆိုရင် ဒီနည်းနဲ့ မသင့်တော်တော့ဘူး။ နောက်တစ်ကြိမ် ဗိုက်ခွဲပဲမွေးရမယ်။ ဒီစနစ်ကို အသုံးပြုတော့မယ်ဆိုရင် ကိုယ်ဝန်စရှိတာသိကတည်းက ပြထားတာက ပိုပြီးတော့ အဆင်ပြေတာပေါ့။ ဗိုက်နာမှ လာမယ်ဆိုရင်တော့ ဒီစနစ်နဲ့ ဖြစ်ချင်မှဖြစ်မှာပေါ့။ အခြားနည်းနဲ့ ခွဲမွေးတာတွေလည်း ဖြစ်ရင်ဖြစ်နိုင်တယ်။ အမေနဲ့ ကလေးရဲ့ အနေအထားကို မသိရှိရဘူး။ ရုတ်တရက် အခုမှသိရှိရတဲ့အတွက် ရုတ်တရက် ဒီနည်းလမ်းကို အသုံးပြုဖို့ အဆင်မပြေဘူး။

**Voice ： ဒီနည်းက ပထမခွဲစိတ်ဖူးတဲ့သူတွေအနေနဲ့ရော အသုံးပြုလို့ရနိုင်လား။**

**Dr.TTA ：** ဒါတွေရဲ့မှတ်တမ်းမှတ်ရာတွေအရတော့ သူက သဘာဝအတိုင်း မွေးဖွားချင်စိတ်ရှိတဲ့ မိခင်တိုင်းက ဒီနည်းလမ်းကို အသုံးပြုလို့ရတယ်။ သဘာဝအတိုင်းပဲ နာကျင်မှုဝေဒနာကို မခံစားချင်ဘူး။ မွေးဖွားနိုင်တယ်ပေါ့။ သိပ်အန္တရာယ်များတဲ့ မိခင်တွေဆိုရင်တော့ ခွဲဖို့ပဲတိုက်တွန်းတယ်။ ဒါက ပထမဦးဆုံး သုံးရတဲ့နည်းလမ်းဖြစ်တဲ့အတွက် ဆရာတို့ဘက်ကလည်း အဖိတ်အစဉ် မရှိစေချင်ဘူးပေါ့။ အားလုံးကို အကောင်းဆုံးနဲ့ အဆင်ပြေပြေလေး ဖြစ်အောင်လို့တော့ ဆရာတို့က အတတ်နိုင်ဆုံးဆောင်ရွက်ပေးပါ့မယ်။

**Voice ： နာကျင်မှုက သက်သာစေတယ်ဆိုတော့ နာကျင်မှုကိုဘယ်လောက်အထိသက်သာစေနိုင်တာပါလဲ။**

**Dr.TTA ：** လုံးဝနီးပါးပေါ့။ လုံးဝနီးပါးဆိုတာ မိခင်ဟာ မွေးဖွားခါနီး နာရတဲ့နာကျင်မှုမျိုးကို လုံးဝနီးပါး မခံစားရအောင် ဆောင်ရွက်ပေးမှာ ဖြစ်တယ်။ ဒီအတွက်လည်း မေ့ဆေးဆရာဝန်ကြီးကနေပြီးတော့ ဒီကိစ္စကို ဆောင်ရွက်ပေးမှာဖြစ်တယ်။ ဆေးကတော့ မွေးခါနီးမှ သုံးမှာ။ ကိုယ်ဝန်အပ်ကတည်းက မိခင်ကျန်းမာရေး၊ ကလေးကျန်းမာရေး ကြည့်ပေးမယ်။ နာကျင်မှုကလည်း မိခင်မွေးခါနီးမှ နာတာကိုး။ ကိုယ်ဝန်လွယ်ထားတဲ့ အချိန်မှာ နာကျင်မှုမရှိဘူးလေ။ မွေးတော့မယ်ဆိုရင် သဘာဝတရားက နာအောင်လှုံ့ဆော်တာပေါ့။ လှုံ့ဆော်တဲ့ခါတ်ကလေးကို သက်သာအောင်လို့ ဆရာတို့က ထုံဆေးထိုးပေးလိုက်တာပဲ။ မိခင်က နာကျင်မှုကိုမသိဘူး။ ဒါပေမဲ့လို့ သူ့ရဲ့သဘာဝအတိုင်း လှုပ်ရှားမှုတွေဖြစ်တဲ့ သားအိမ်ညှစ်တာတွေ၊ ဘာတွေကတော့ အလုပ်လုပ်နေတာပဲ။ မိခင်က နာကျင်မှုတစ်ခုတည်းကိုပဲ မခံစားရတာ။ ကျန်တာက သဘာဝအတိုင်းပဲသွားမှာ။ သဘာဝအရ မွေးပြီးသွားရင်တော့ နာကျင်မှုက မရှိတော့ဘူး။ ထုံဆေးထိုးထားတဲ့အတွက် ပိုပြီးနာကျင်မှုက ရိုးရိုးမွေးထားတဲ့ လူနာတစ်ယောက်တောင် မွေးပြီးသွားရင် နာကျင်မှုက သူ့ဘာသာသပျောက်တာ။ နာကျင်မှုသည် သားဖွားအောင် သဘာဝကပေးထားတာ။ ဒီစနစ်နဲ့ဆို ပိုပြီးသက်သာသွားမယ်။

**Voice ： ဆေးနာမည်နဲ့ ဆေးကိုအသုံးပြုမယ့်ပုံကရော ဆရာ။**

**Dr.TTA ：** ဆေးက Epidural ခေါ်တယ်။ ထုံဆေးပဲပေါ့။ မြီးညောင်းရိုးနားကနေ ထိုးတာပေါ့။ ခါးရိုးထိုးတာနဲ့တော့ မတူဘူးပေါ့။ ခါးရိုးထိုးတာက ဗိုက်ခွဲတဲ့လူနာတွေကို ခါးရိုးထိုးလိုက်တယ်။ အထူးသဖြင့် ခြေထောက်တွေပေါ့။ ခါးအောက်ပိုင်းက ထုံသွားတယ်။ မလှုပ်နိုင်ဘူးပေါ့။ ဒါကတော့ အဲဒီလိုမဟုတ်ဘူး။ နာကျင်တဲ့ဟာကိုပဲ သက်သာအောင်လုပ်လိုက်တာ။ မိခင်က လမ်းလျှောက်လို့လည်း ရတယ်၊ ထိုင်လို့လည်းရတယ်၊ လှုပ်ရှားလို့ရတယ်။ ကလေးမွေးလို့နာကျင်မယ့် နာကျင်မှုကိုပဲ မသိတာပေါ့။ ခြေထောက်ကြီး လုံးဝထုံပြီး မလှုပ်ရတာကြီး မဟုတ်ဘူး။ မေ့ဆေးဆရာဝန်ကြီးက ထိုင်နေမယ်။ လိုသလောက်ပဲ ထိုးပေးမှာ။ မွေးပြီးရင် နာကျင်မှုက လုံးဝမရှိတော့ဘူး။ စပြီးထိုးလိုက်ရင် မိခင်နာကျင်မှု လုံးဝမရှိတော့ဘူးဆိုရင် ရပ်ထားမယ်။

**Voice ： ဒီဆေးနဲ့ပတ်သက်ပြီးတော့ ကုန်ကျစရိတ်က ဘယ်လိုအတိုင်းအတာရှိလဲ။**

**Dr.TTA ：** ကုန်ကျစရိတ်က ပုဂ္ဂလိကဖြစ်တဲ့အတွက် ပုဂ္ဂလိကမှာ ရိုးရိုးမွေးရင်လည်း ကုန်ကျမှုရှိတယ်။ ခွဲမွေးရင်လည်း ကုန်ကျမှုရှိတယ်။ ဒီစနစ်က အဲဒီနှစ်ခုကြားထဲမှာဖြစ်အောင် တတ်နိုင်သလောက် ဆရာတို့ညှိနှိုင်းနေတယ်။ တချို့ကလည်း ဈေးနှုန်းသိချင်တယ်။ ဒါပေမဲ့ ဆရာတို့က ဈေးနှုန်းအတိအကျတော့ မပြောနိုင်သေးပါဘူး။ ဒါပေမဲ့ ဗိုက်ခွဲသလောက်တော့ မကုန်ဘူး။ ရိုးရိုးမွေးတာထက်တော့ ပိုကုန်မယ်ပေါ့။ ဒီကြားထဲမှာ ဆရာတို့က စောင့်ရှောက်မှုပေးမှာပေါ့။

**Voice ： ဒီဆေးကိုအသုံးပြုတဲ့အခါမှာရော အခြားဘေးထွက်ဆိုးကျိုးတွေ ရှိလာနိုင်သလား။**

**Dr.TTA ：** လက်တွေ့အားဖြင့်ကတော့ အခုမှစမယ်။ ဒါပေမဲ့ အနောက်နိုင်ငံတွေရဲ့အတွေ့အကြုံ၊ သူတို့ရေးထားတဲ့ စာရွက်စာတမ်းတွေအရတော့ သူ့ကြောင့်ဖြစ်ပေါ်နိုင်တဲ့အန္တရာယ်က ပြောပလောက်အောင် မရှိဘူး။ ဒါပေမဲ့ သားဖွားခြင်းရဲ့အန္တရာယ်ကတော့ ရှိတာပေါ့။ ဒါကတော့ ဒီဆေးနဲ့မဆိုင်ဘူး။ သူ့သဘာဝအလျောက် ကြုံရမယ့် အခြေအနေတွေတော့ရှိမယ်။ ခေါင်းကိုက်တာ၊ သွေးပေါင်နည်းနည်း ကျသွားတာရှိတယ်။ ဆေးထိုးတဲ့နေရာမှာ တစ်ခါတလေကျတော့ အရက်ပြန်နဲ့အသားကိုပွတ်လိုက်သလို ရဲသွားသလောက်ပဲ။ အသက်အန္တရာယ် စိုးရိမ်ရလောက်တဲ့အထိ ဖော်ပြထားတာမတွေ့ရဘူး။

**Voice ： ဆေးရဲ့ဘေးထွက်ဆိုးကျိုးကတော့ မရှိဘူးဆိုတော့ လက်ရှိမှာ ဘယ်လိုရောဂါအခံတစ်ခုခု ရှိတဲ့သူတွေအတွက် မသင့်လျော်တာတွေ ရှိနိုင်ပါသလဲ။**

**Dr.TTA ：** အဲဒီလိုတော့ မပြောထားဘူး။ သင့်တော်တဲ့ဟာလေးတော့ ရေးထားတယ်။ ဥပမာ-သွေးတိုးတဲ့သူမှာ ဒီဆေးသုံးခြင်းအားဖြင့် ဒီဆေးက သွေးပေါင်နည်းနည်းလေးကျတယ်။ အဆင်ပြေတယ်ပေါ့။ နောက်တစ်ခုက သဘာဝတရားက နာကျင်အောင်လုပ်တဲ့အခါမှာ နာလာရင် နှလုံးခုန်မြန်လာတာတွေ ဖြစ်လာတယ်။ တချို့နှလုံးရောဂါပေါ့။ အပြင်းကြီးမဟုတ်ဘူး။ နှလုံးရောဂါ နည်းနည်းအခံရှိတဲ့သူတွေ မွေးတဲ့အခါမှာ နှလုံးရောဂါ ပိုဆိုးတတ်တယ်။ ဒီဆေးကိုသုံးခြင်းအားဖြင့် နာကျင်မှုမရှိတော့ နှလုံးက အလုပ်လုပ်ရတာ နည်းသွားတယ်။ အဲဒီလိုလူမျိုးမှာလည်း အကျိုးရှိတယ်ပေါ့။ ဒီဆေးကြောင့် မတည့်တဲ့ရောဂါတွေပြောတာ မတွေ့ရဘူး။ ခုနကလို ရောဂါတွေမှာ ဒီဆေးကိုသုံးခြင်းအားဖြင့် သက်သာမှုရှိတာကိုတွေ့တဲ့အတွက် အကျိုးကျေးဇူး ပိုရတာပေါ့။

**Voice ： ဒီဆေးနဲ့ မြန်မာနိုင်ငံမှာ ကုသပေးတာ ပထမဦးဆုံးလို့ ပြောလို့ရနိုင်မလား။**

**Dr.TTA ：** ပထမဦးဆုံးလို့တော့ ပြောလို့မရဘူး။ ဒါပေမဲ့ တွင်ကျယ်စွာသုံးမှာက ဆရာတို့ပဲဖြစ်တယ်။ တခြားဆေးရုံတွေမှာ သုံးတယ်လို့တော့ ကြားတယ်။ ဒါပေမဲ့ မွေးတဲ့ဟာကို မတွေ့ဖူးသေးဘူး။ ဆရာတို့ကတော့ လက်တွေ့လည်းလုပ်မယ်။ အောင်မြင်အောင်လည်း ဆောင်ရွက်မှာဖြစ်တယ်။ ဆရာတို့က တွင်တွင်ကျယ်ကျယ်လေး အသိပေးတာပေါ့။ အသိပေးတဲ့အပိုင်းကို ပိုပြီးတော့လုပ်ရတာပေါ့။ ဒါက စိတ်ဝင်စားဖို့လည်း ကောင်းတယ်။ နောက် အကျိုးကျေးဇူးလည်းရှိတယ်။

**Voice ： သဘာဝအတိုင်းမွေးဖွားတာနဲ့ ဗိုက်ခွဲမွေးဖွားတာမှာ ဘယ်ဟာက အန္တရာယ်ပိုရှိနိုင်ပြီးတော့ ဘေးထွက်ဆိုးကျိုးအနေနဲ့ကရော ဘယ်လောက်အထိ ရှိနိုင်မလဲ။**

**Dr.TTA ：** အများကြီးကွာတာပေါ့။ ဗိုက်ခွဲမွေးတဲ့အတွက် ထုံဆေးတွေသုံးရတယ်။ သွေးသွန်တာတို့၊ သွေးလွန်တာတို့ ဖြစ်နိုင်တယ်။ ဆေးရုံပေါ်မှာ နေရတဲ့အချိန်ကကြာတယ်။ အနာကျက်အောင် အနည်းဆုံး တစ်ပတ်နေရတယ်၊ သဘာဝအတိုင်း မွေးတာကတော့ ဒီနေ့မွေးပြီး မနက်ဖြန်ခါ အိမ်ပြန်လို့ရတယ်။ အဲဒီလို ပြန်လို့ရတဲ့အတွက် မိခင်ရော၊ ကလေးရောက ဆေးရုံမှာအကြာကြီးမနေရတဲ့အတွက် HOSPITAL INFECTION (ရောဂါကူးစက်မှု)တွေကနေ ကင်းဝေးသွားတာပေါ့။ ဆေးရုံက ဘယ်လောက်ပဲသန့်တယ်ပြောပြော ဆေးရုံမှာ ရောဂါတော့ရှိတာပေါ့။ နောက် မိခင်နဲ့ကလေးကလည်း အတူတူတစ်ခါတည်းနေလို့ရတော့ ပိုပြီးတော့ အကျိုးရှိတာပေါ့။ ခွဲထားတဲ့ကလေးတွေဆို မိခင်နား အကြာကြီးမထားနိုင်ဘူး။ မိခင်မှာလည်း ဒဏ်ရာကြီးနဲ့ဆိုတော့လေ။ သဘာဝဆိုတဲ့အတွက် အကျိုးကျေးဇူးက အများကြီးပဲ။ ခွဲစိတ်မွေးတယ်ဆိုတာ သဘာဝအတိုင်း မမွေးနိုင်တဲ့သူတွေ၊ အန္တရာယ်ရှိတဲ့သူတွေအတွက်သာ မွေးသင့်တာ။ မလိုအပ်ဘဲ ခွဲစိတ်မွေးတာတွေမဖြစ်အောင် အသိပေးတာပေါ့။

**Voice ： ဒီနည်းကိုအသုံးပြုမယ်ဆိုရင်စရိတ်ကလည်း သူ့အတိုင်းအတာနဲ့သူ ရှိနေတာဆိုတော့ တခြား မတတ်နိုင်တဲ့သူတွေအတွက် လက်လှမ်းမီအောင် ဘယ်လိုမျိုး ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

**Dr.TTA ：** အဲဒါတော့ဆရာတို့က ဥပမာအနေနဲ့အိုင်ဒီယာကို ယူရမှာပေါ့။ အဲဒီမှာကျတော့ သူတို့အမျိုးသမီးတွေက နာကျင်မှုကို ခံနိုင်တဲ့အားနည်းတယ်။ နောက်ပိုင်းမှာ သူတို့က ကိုယ်ဝန်ဆောင်ရမှာ ကြောက်လာတယ်။ ကြောက်လာတော့ သူတို့အစိုးရကတော့ ရန်ပုံငွေထူထောင်လိုက်တာပေါ့။ အဲဒီရန်ပုံငွေနဲ့ မရှိဆင်းရဲတဲ့သူတွေကို အခမဲ့အပြင်ကို ဘောက်ဆူးတောင် ပေးလိုက်သေးတယ်။ ဒီနည်းနဲ့မွေးရင် အားဆေး စသဖြင့် ရမယ်ပေါ့။ အဲဒီတော့ မိခင်တွေက ဒီနည်းကိုသုံးတယ်။ ဆရာတို့အနေနဲ့ကျတော့ ဒီဟာသာအောင်မြင်ပြီ၊ စိတ်ဝင်စားပြီဆိုရင် အခြားနိုင်ငံတကာအဖွဲ့အစည်းပဲခေါ်ခေါ်၊ ပြည်တွင်းပဲခေါ်ခေါ် သူတို့တွေနဲ့ပူးပေါင်းပြီးတော့ မရှိတဲ့သူတွေအတွက် ရန်ပုံငွေထူထောင်မယ်ပေါ့။ ဒီနည်းကိုသုံးခြင်းအားဖြင့် မေ့ဆေးဆရာဝန် ခေါ်ရတယ်။ သားဖွားမီးယပ်အထူးကုတွေ ခေါ်ရတယ်။ နောက် သုံးတဲ့ပစ္စည်းတွေနဲ့ဆိုတော့ စရိတ်စကရှိတော့ ဆေးရုံအနေနဲ့ လတ်တလောတော့ မရှိနွမ်းပါးတဲ့သူတွေကို ဆောင်ရွက်မပေးနိုင်သေးဘူးပေါ့လေ။ ဒါပေမဲ့ အောင်မြင်လာရင်တော့ ဒီနည်းအတွက်ကို အကုန်အကျခံပေးနိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ ချိတ်ပြီးတော့ မရှိနွမ်းပါးတဲ့သူတွေကိုလည်း လုပ်ပေးဖို့အစီအစဉ်ရှိပါတယ်။

**Voice ： ဆရာ့အနေနဲ့ ဘာများဖြည့်စွက်ပြောချင်ပါသေးသလဲ။**

**Dr.TTA ：** လူထုကိုပြောချင်တာကတော့ ရွှေလမင်း(လမ်းမတော်)မှာ ဒီနည်းလမ်းကိုအသုံးပြုပြီ၊ နည်းလမ်းသည်လည်း သဘာဝအတိုင်း ဖြစ်တဲ့အတွက် ခွဲစိတ်ကုသမွေးဖွားတာထက်စာရင် အများကြီးအန္တရာယ်ကင်းတယ်။ နောက် ကုန်ကျစရိတ်လည်း နည်းတယ်။ ဆေးရုံလည်း တစ်ရက်ပဲတက်ပြီး နောက်နေ့ ပြန်ဆင်းသွားရုံပဲ။ အလုပ်အကိုင်မပျက်ဘူး။ အဲဒီအတွက် ဒီနည်းလမ်းကိုသုံးဖို့ တိုက်တွန်းချင်ပါတယ်။ ■ သီတာဆွေ



ဓာတ်ပုံ - သီတာဆွေ

### နှစ်ခြိုက်စွာအိပ်ပျော်စေမယ့် အလေ့အကျင့်ကောင်းများ

**၁။ အိပ်ချိန်မှန်ကန်ပါစေ**

လူတစ်ယောက်ရဲ့တစ်နေ့တာမှာ အိပ်ချိန်အနည်းဆုံး ရှစ်နာရီလောက် ရှိဖို့တော့ လိုအပ်ပါတယ်။ အိပ်ချိန် အလုံအလောက်ရှိဖို့ လိုအပ်သလို အိပ်ချိန် မှန်ကန်မှုရှိဖို့လည်း ဂရုစိုက်သင့်ပါတယ်။ နေ့စဉ် အိပ်ရာဝင်ချိန်ကို အတိအကျ သတ်မှတ်ထားခြင်းအားဖြင့် ညသန်းခေါင်ယံ အချိန်အထိ အိပ်မရဖြစ်နေတာမျိုး၊ အိပ်ပျော်လိုက် နိုးလိုက်ဖြစ်နေတာမျိုးတွေ မရှိတော့ဘဲ နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်မှာပါ။

**၂။ စိတ်ဖိစီးမှု ကင်းဝေးအောင်နေပါ**

နေ့စဉ်လူနေမှုဘဝမှာ လုပ်ငန်းခွင်အသီးသီးမှာ လှုပ်ရှားရုန်းကန်နေရတဲ့ သူတွေအတွက် စိတ်မကြည်လင်စရာ၊ စိတ်အနှောင့်အယှက် ဖြစ်စရာလေးတွေ ကို အနည်းနဲ့အများဆိုသလို ကြုံတွေ့ကြရမှာပါ။ တစ်နေ့တာမှာကြုံတွေ့ရတဲ့ စိတ်ဖိစီးမှုတွေကိုတော့ တစ်ညတာ အိပ်စက်အနားယူချိန်အထိ သယ်ဆောင်မလာသင့်ပါဘူး။ အိပ်ရာဝင်ချိန်မှာ တစ်နေ့တာလုံး ပင်ပန်းခဲ့သမျှတွေ၊ စိတ်မကြည်လင်စရာ အကြောင်းအရာတွေကိုမေ့ပစ်ပြီး စိတ်လက်ကြည်သာရှိနေဖို့ လိုအပ်ပါတယ်။

**၃။ နေ့လယ်ခင်း တစ်ရေးတစ်မောအိပ်ခြင်းကိုရှောင်ပါ**

နေ့လယ်ဘက်မှာ တစ်ရေးတစ်မောအိပ်တတ်တဲ့ သူတွေအတွက်တော့ ညဘက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ဖို့ အချိန်ယူရတတ်ပါတယ်။ ညအိပ်ချိန်မှာ အိပ်ပျော်ဖို့ ကြိုးစားနေရပြီဆိုရင်တော့ ကိုယ့်ရဲ့ နေ့လယ်ခင်း တစ်ရေးတစ်မောအိပ်တတ်တဲ့အကျင့်ကို ပြင်ဖို့လိုလာပြီဆိုတာကို သတိချပ်သင့်ပါတယ်။ ညဘက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူချင်ရင်တော့ နေ့လယ်ခင်းတွေမှာ တစ်ရေးတစ်မောမအိပ်ပါနဲ့။

**၄။ ကိုယ်လက်လေ့ကျင့်ခန်း နေ့စဉ်လုပ်ပါ**

ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖို့အတွက်၊ ကိုယ်တွင်းသွေးလည်ပတ်မှု မှန်ကန်ဖို့အတွက် လူတိုင်းက အားကစားနည်းတစ်မျိုးမျိုးကို နေ့စဉ်လုပ်ဆောင်သင့်ပါတယ်။ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်လုပ်ပေးရင် ကိုယ်ရော စိတ်ပါ ကျန်းမာ ရွှင်လန်းစေသလို အိပ်စက်အနားယူချိန်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေမှာပါ။ ကိုယ်နဲ့ သင့်တော်တဲ့ အပေါ့စားကိုယ်လက်လေ့ကျင့်ခန်းတစ်မျိုးကို နေ့စဉ်လုပ်ဖို့ မမေ့ပါနဲ့။

**၅။ အခန်းရဲ့အပူချိန်ကို ချိန်ညှိပေးပါ**

တစ်နေ့တာ ပင်ပန်းသမျှတွေကိုဖြေဖျောက်ဖို့ ညဘက်မှာ ကိုယ်အိပ်စက် အနားယူရမယ့်နေရာက ကိုယ့်အတွက် သက်သောင့်သက်သာရှိစေမယ့်အနေအထား မျိုးဖြစ်ဖို့လည်း လိုအပ်ပါတယ်။ အခန်းရဲ့အပူချိန်က မပူလွန်း မအေးလွန်းတဲ့ အနေအထားမျိုး ရှိရမှာဖြစ်သလို အလင်းရောင်ကလည်း စူးရှမှုမရှိအောင်၊ နံနက်နေရောင် တိုက်ရိုက်ကျမယ့်နေရာမျိုးမဖြစ်အောင်လည်း ဂရုစိုက်ရမှာပါ။ အိပ်စက်ချိန်မှာ ဆူညံသံတွေကြောင့် အနှောင့်အယှက်မဖြစ်အောင်လည်း ဂရုစိုက်ရပါမယ်။ ■ **Source: www.sleepfoundation.org**

The VOICE Daily
Wednesday, December 21, 2016

# ENTERTAINMENT

ရွှေစန္ဒာမင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်တဲ့ အိမ်ကြက် ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ညြရသက လူငယ်သရုပ်ဆောင်တွေ၊ ဝါရင့်ဟာသသရုပ်ဆောင်တွေနဲ့ ဒီဇင်ဘာလ ၂၁ ရက်နေ့ကနေစပြီး ရန်ကုန်မြို့မှာ စတင် ရိုက်ကူးနေပြီ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ပါဝင်မယ့် အနုပညာရှင်တွေရဲ့ သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက်တွေ၊ ဇာတ်လမ်းနဲ့ ပတ်သက်တဲ့ခံစားမှုတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။

သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

## အရှိုင်း

ဒီဇာတ်ကားကတော့ ဇာတ်အိမ်ထူးထူးဆန်းဆန်းနဲ့ ရိုက်ပြမယ့် ဇာတ်ကားမျိုး မဟုတ်ပါဘူး။ အိမ်ကြီး တစ်အိမ်မှာ အိမ်ပိုင်ရှင်က သူ မသေခင်မှာ အိမ်မှာရှိတဲ့ ဒရိုင်ဘာတွေ၊ ခြံစောင့်တွေ၊ မာလီတွေကို မှာခဲ့တယ်။ သူ သေသွားရင် နိုင်ငံခြားက ပြန်လာမယ့် သူ့မြေးကို အမွေတွေ လွှဲပေးဖို့ပေါ့။ တကယ်လို့ သူပြန်မလာဘူး ဆိုရင်တော့ မင်းတို့သုံးယောက် အမွေတွေကို ခွဲယူကြပေ တော့လို့ မှာခဲ့တယ်။ သူဌေး ကြီး သေသွားတဲ့အခါမှာ အားလုံးက လောဘတွေ တက်ကြပြီးတော့ ကမောက် ကမတွေ ဖြစ်ကြတဲ့ ဟာကို ရိုက်ပြမှာပါ။ ဒီဇာတ်ကားမှာ ကျွန်တော်ကတော့ သူဌေးကြီး ရဲ့ အိမ်မှာ ကားမောင်းတဲ့ မော်တော်ကား ဒရိုင်ဘာအဖြစ် သရုပ်ဆောင် ရမှာပါ။နယ်မှာ မိန်းမနဲ့ ကလေးတော့ရှိတယ်။ သူဌေးကြီး သေသွားတဲ့ အခါမှာ အမွေတွေလည်းရမယ်ဆိုရော နယ်က မိသားစုတွေကို အိမ်ကို ခေါ်လိုက်တာပေါ့။ နောက်ဆုံးမှာတော့ သူဌေးကြီးရဲ့မြေးဖြစ်သူ ပြန်ရောက် လာတဲ့အခါမှာ ကျွန်တော်တို့အားလုံး ဒုက္ခတွေ ရောက်ကြတဲ့ အကြောင်း လေးကို ရိုက်ပြမှာပါ။ ရယ်စရာလေးနဲ့ ပညာပေးလေးတွေကို ရောပြီး ရိုက်ပြမှာပေါ့။


ဓာတ်ပုံ- သန့်ဇင်ဦး

## ဆုမြတ်နိုးဦး

ဒီဇာတ်ကားမှာ သူဌေးကြီးရဲ့ အိမ်မှာ နေတဲ့ လူယုံတွေက သူ သေသွားတော့ အမွေတွေ လုကြတယ်။ အဲ့ဒီ လူယုံတွေက တောက အမျိုးတွေကို ပြန်ခေါ်ကြ တယ်။ ညီမရဲ့ကာရိုက်တာ ကတော့ သူဌေးကြီးရဲ့ လူယုံ တစ်ယောက်ရဲ့ ဆွေမျိုးပေါ့။

ကိုထွန်းထွန်းကို တစ်ဖက်သတ် လိုက် ကြိုက်ရတဲ့ ကောင်မလေး တစ်ယောက်နေရာက သရုပ်ဆောင်ရမှာပါ။ ဒီကားမှာ ကိုယ့်ရဲ့ကာရိုက် တာက မြို့ကို ရောက် လာပြီး အမွေလာလု တယ်ဆိုပေမယ့် တောသူ လေးပုံစံလေးဆိုတော့ ရိုးရိုးလေးပဲ ပြင်ဆင်ပြီး သရုပ်ဆောင် သွားမယ်။ ဇာတ်ရုပ်နဲ့ လိုက်ဖက် အောင် အတတ်နိုင်ဆုံး ပြင်ဆင်သွားမှာပါ။ ဒီဇာတ်ကားလေးကို ပရိသတ်တွေလည်း သဘောကျမယ်လို့ ထင်တယ်။ ပေါ့ပေါ့ပါးပါးနဲ့ ကြည့်ရမယ့် ဟာသကားပုံစံလေး ဆိုတော့လေ။ ကိုယ်တိုင် လည်း ဟာသကားတွေ ရိုက်ရတာ သဘောကျတယ်။ အက်တင်လုပ်ရတဲ့ အခါမှာတော့ ကိုယ်က အရယ်သန်တဲ့အတွက် နည်းနည်းတော့ ထိန်းပြီး သရုပ်ဆောင်ရတာပေါ့။ တစ်ခါတလေကျရင်တော့ ဟာသကား ဆိုပေမယ့် အက်တင်လုပ်ရတာ ခက်တာမျိုးတွေရှိတယ်။ လုပ်ယူတဲ့ ဟာသအက်တင် မျိုးမဟုတ်ဘဲ သဘာဝကျအောင် သရုပ်ဆောင်ရတဲ့ အခါမျိုးမှာတော့ ခက်ခဲပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ထွန်းထွန်း

ဒီရုပ်ရှင်ဇာတ်ကားမှာ ရွှေမိုးငွေမိုး သွန်းဖြိုးလို့ရှာ ဇာတ်လမ်းတွဲတုန်းက လက်တွဲ ခဲ့ကြတဲ့ သရုပ်ဆောင်တွေ တော်တော်များများ ပြန်ပါကြပါတယ်။ ဒါရိုက်တာကလည်း ကိုညြရသ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဒီဇာတ်ကား ကို စုစုစည်းစည်းနဲ့ အကောင်းဆုံးဖြစ်အောင် ရိုက်ကူးပုံဖော်ကြမှာပါ။ ကျွန်တော့်ရဲ့ကာရိုက်တာ ကတော့ သူရဆိုတဲ့ ဇာတ်ကောင်နေရာက ပါဝင် ရမှာပါ။ သူက အရာရာမှာ လုပ်လိုက်ရင် တလွဲ ပေါ့။ ဒီကားမှာ ပါဝင်တဲ့ သရုပ်ဆောင်တွေ အားလုံးအတွက် လုပ်ကွက်တွေလည်း အညီအမျှ ရှိကြပါတယ်။ ကိုညြရသက ဟာသပိုင်တဲ့ ဒါရိုက်တာတစ်ယောက်လို့ ပြောလို့ရပါတယ်။ ဒီဇာတ်ကားမှာဆို ပရိသတ်တွေ မတွေ့ဖူးသေးတဲ့ ဟာသ Plot တွေလည်း အများကြီး တွေ့မြင်ရ မှာပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

## ဒါရိုက်တာ ညြရသ


ဓာတ်ပုံ- သန့်ဇင်ဦး

အိမ်ကြီး တစ်အိမ်မှာ သူဌေးကြီး တစ်ယောက် ကွယ်လွန်တဲ့အချိန်မှာ သူ့မှာက ဆွေမျိုးသားချင်း မရှိဘူး။ သူ့ရဲ့ အမွေကို ဆက်ခံမယ့် မြေးတစ်ယောက် ပဲရှိတယ်။ အဲ့ဒီမြေးကလည်း နိုင်ငံခြား မှာနေတယ်။ အဲ့ဒီမြေးနဲ့လည်း အဆက် အသွယ်မရှိဘူး။ သူသေခါနီးမှာ သူဌေးကြီး က သူ့ရှေ့နေနဲ့ မှာခဲ့တယ်။ သူကွယ်လွန်ပြီး တစ်နှစ်ပြည့်တဲ့အချိန်အထိ သူ့မြေးကို စောင့်ပါပေါ့။ တစ်နှစ်ပြည့်လို့မှ သူ့မြေး ရောက်မလာခဲ့ရင် သူ့ကို အနီးကပ် စောင့်ရှောက်ပေးခဲ့တဲ့ ခြံစောင့်၊ ကား ဒရိုင်ဘာ၊ ထမင်းချက်သုံးယောက်ကို သူပိုင်ဆိုင်တဲ့ အမွေတွေကို ခွဲယူပါလို့ မှာခဲ့တယ်။ သူဌေးကြီး ကွယ်လွန် သွားချိန်မှာ အဲ့ဒီလူသုံးယောက်က အမွေ တွေလုကြတာပေါ့လေ။ အပေါ်ထပ်ကို ဘယ်သူယူ၊ အောက်ထပ်ကိုဘယ်သူယူ၊ မီးဖိုချောင်နဲ့ ခြံထဲကိုတော့ ဘယ်သူ ယူဆိုပြီး လောဘတွေ တက်ကြတာပေါ့။ တကယ်တမ်းတော့ ဒီအမွေတွေကို သူတို့ရမယ်၊ မရဘူးဆိုတာတောင် ဘာမှမကျိန်းသေသေးဘူး။ အမွေမရသေးခင်မှာ သူတို့အချင်းချင်း စိတ်ဝမ်းတွေကွဲကုန်ကြတယ်။ ဒီကားမှာ ဟာသလေးတွေ လည်းပါတယ်။ ပညာပေးလေးတွေလည်း ပါတယ်။ လူငယ်တွေရဲ့ အချစ်အကြောင်း တွေလည်း ပါပါတယ်။ ဒီလူတွေကအမွေရဖို့ လောဘတွေ အရမ်းတက်လာချိန်မှာ အမှန်တရားဆိုတာကို မသိတော့ဘူးပေါ့။ နောက်ပြီးတော့ တကယ်စစ်မှန်တဲ့ ချစ်ခြင်း မေတ္တာဆိုတာ ငွေနဲ့ ဝယ်ယူလို့မရဘူးဆိုတာကို ပြမှာပေါ့။


ဓာတ်ပုံ- သန့်ဇင်ဦး

## နန်းမြတ်ဖြိုးသင်း

ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ နန်းမြတ် အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ ဒီကားက နန်းမြတ်အတွက် ခေါင်းဆောင်မင်းသမီးနေရာက ရိုက်ခွင့်ရတဲ့ ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားပါ။ ဒီဇာတ်ကားမှာ ပါဝင်ဖို့ နန်းမြတ်ကို ယုံကြည်ပေးတဲ့ ထုတ်လုပ်သူနဲ့ ဒါရိုက်တာကိုညြရသကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။ နန်းမြတ်ရဲ့ ကာရိုက်တာ ကတော့တောသူမလေးနေရာကသရုပ်ဆောင် ရမှာပါ။ အဖေကခေါ်တဲ့ အတွက် တောက နေ မြို့ကို တက်လာတယ်။ တကယ့် အိမ်ကြီးအိမ်ကောင်းထဲကို ရောက်လာ ခဲ့တယ်။ ဒီတောသူမလေးက သပ်သပ် ရပ်ရပ်နေတတ်ပြီး တိရစ္ဆာန်လေးတွေ ကိုလည်း ချစ်တတ်တယ်။ နန်းမြတ်ရဲ့ ကာရိုက်တာအတွက် ပြင်ဆင်ဖို့ ရှေးမြန်မာ တွေရဲ့ ဆင်ယင်ထုံးဖွဲ့မှုတွေကို လေ့လာ ပါတယ်။ အဲ့ဒီအထဲကမှ နန်းမြတ်နဲ့ လိုက်ဖက်မယ်ထင်တဲ့ လွန်ခဲ့တဲ့ နှစ်ငါးရာလောက်က ရှေးမြန်မာတွေရဲ့ ဆင်ယင်ထုံးဖွဲ့မှုကို လေ့လာခဲ့ပါတယ်။ ဒီကားကို ထုတ်လုပ်တဲ့ ပရိုဂျူဆာအနေနဲ့ စွန့်စားရတဲ့ အပိုင်းတွေလည်းရှိပါတယ်။ နန်းမြတ်တို့သရုပ်ဆောင်တွေ အားလုံးကတော့ ကိုယ်တာဝန်ယူထားတဲ့အပိုင်းမှာ အပြည့်အဝ တာဝန်ကျေအောင် ကြိုးစားရိုက်ကူးကြမှာပါ။

## ပွင့်

ဒီဇာတ်ကားမှာ ပွင့်က စားသောက်ဆိုင် တစ်ဆိုင်မှာ သီချင်းဆိုတဲ့ အဆိုတော်မ လေးတစ်ယောက် အဖြစ် သရုပ်ဆောင်ရမှာပါ။ အဲ့ဒီဆိုင်မှာ ကြက်ဖက လာကြည့်ရင်းနဲ့ ကိုယ့်ကို သဘောတွေ ကျသွားတယ်။ သူကလည်း အဆိုဝါသနာပါတဲ့ ကောင်လေး တစ်ယောက်ပေါ့။ ကိုယ်က စီးရီးတွေဘာတွေ အရမ်းထုတ်ချင်တယ်။ ကြက်ဖကို တွေ့တော့ ကိုယ့်ကို ခွေထုတ်ပေးနိုင်မယ့် သူဌေးသားထင်ပြီး ပြန်အီတာပေါ့။ ဒီကားမှာ ပွင့်သီချင်းဆိုရမယ့် ဇာတ်ဝင်ခန်းမှာ သုံးမယ့် သီချင်းကို ကိုယ်တိုင်ဆိုထားပါတယ်။ ဒီကားမှာပွင့်က ချစ်စရာကောင်းတဲ့၊ဂီတကိုဝါသနာပါတဲ့ကောင်မလေးတစ်ယောက်ပေါ့။ အရမ်းကြီး ခေတ်ဆန်တဲ့ ပုံစံမျိုးတော့ မဟုတ်ဘူး။ ဒီကားမှာ ပွင့်က ကြက်ဖနဲ့ တွဲရမှာ ဆိုတော့ သူနဲ့ အပေးအယူမျှမျှ သရုပ်ဆောင်နိုင်အောင် ကြိုးစားသွားမှာပါ။

# "နီနီက အခက်အခဲမရှိဘဲ ရလာတဲ့ အောင်မြင်မှုထက်၊ အခက်အခဲတွေကို ကျော်ဖြတ်ပြီးမှ ရလာတဲ့ အောင်မြင်မှုကို ပိုပြီးတန်ဖိုးထားပါတယ်"

## နီနီခင်ဇော်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

**နာမည်ကျော် တေးသံရှင် နီနီခင်ဇော်နဲ့တွေ့ဆုံပြီး တစ်ကိုယ်တော် ဖျော်ဖြေပွဲ ကျင်းပမယ့်ရက်ကို ရွှေ့ဆိုင်းခဲ့ရတဲ့ အကြောင်းရင်း၊ သင်္ကြန်မတိုင်ခင်မှာ Super Red အမှတ်တံဆိပ်နဲ့ ထုတ်ကုန်အသစ်တစ်ခုကို ဖြန့်ချိပေးမယ့်အကြောင်းနဲ့ ဘဝရဲ့အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ခဲ့တဲ့အကြောင်းတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: နီနီ့ရဲ့ ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ဇန်နဝါရီလထဲမှာ လုပ်မယ်လို့ သိထားတာလေ။ ဘယ်လို အခက်အခဲတွေရှိလို့ ရက်ရွှေ့ခဲ့ရတာလဲ။**

**NNKZ:** နီနီ့ရဲ့ One Lady Show ကို အစက ဇန်နဝါရီလထဲမှာ လုပ်ဖို့ စီစဉ်ထားတာပေါ့နော်။ သီချင်းတွေတောင် စပြီး တိုက်နေပါပြီ။ အဲ့ဒီအချိန်မှာ နီနီ့ရဲ့ ခါးကပြန်နာလာတယ်။ နီနီက သေချာ အနားယူရမှာကို မယူခဲ့တဲ့အတွက် ခါးကနည်းနည်းနာနေတယ်။ အက တစ်ခါတိုက်ရင် ခါးက နာလိုက်နဲ့ ဖြစ်နေတော့ သေချာအနားယူပြီးမှ လုပ်လို့ရမယ်လို့ စဉ်းစားမိတယ်။ ပွဲအတွက် အကတွေ၊ အဆိုတွေလည်း တိုက်ရမယ်။ ပွဲကျရင်လည်း စင်ပေါ်မှာ နှစ်နာရီလောက်ကို မတ်တတ်ရပ်ပြီး ဖျော်ဖြေရမှာဆိုတော့လေ။ နီနီ့ရဲ့ ခါးအခြေအနေကြောင့် ပွဲကျင်းပမယ့် ရက်ကို နည်းနည်းနောက်ရွှေ့ခဲ့တာပါ။ အခုလောလောဆယ်ကတော့ ဧပြီလ ၁ ရက်နေ့ကို ပြည်သူ့ရင်ပြင်မှာ နီနီ့ရဲ့ One Lady Show လုပ်ဖို့ စီစဉ်ထားပါတယ်။

**Voice: ဒီပွဲကို စောင့်မျှော်နေတဲ့ နီနီ့ရဲ့ အမာခံပရိသတ်တွေကိုရော ဘာများ ပြောချင်သေးလဲ။**

**NNKZ:** နီနီ့ရဲ့ကျန်းမာရေးအခြေအနေလေးကို ရှေ့ပိုင်းမှာ ပရိသတ်လည်း သိထားပြီးသားဖြစ်တဲ့အတွက် ပွဲရက် ရွှေ့ဆိုင်းခဲ့ရတာကို နားလည်ပေးစေချင်ပါတယ်။ ပွဲကျင်းပမယ့်ရက်ကို နောက်ရွှေ့လိုက်တဲ့အတွက် နီနီ ကြိုတင်ပြင်ဆင်မှုတွေ ပိုပြီး ပြုလုပ်နိုင်မယ်။ နီနီတို့ မှန်းထားတာထက်၊ ပရိသတ်တွေ မျှော်လင့်ထားတာထက် ပိုပြီးတော့ ကောင်းမွန်တဲ့ ဖျော်ဖြေမှုတွေကို ပွဲမှာတင်ဆက်နိုင်ဖို့ လေ့ကျင့်ချိန် ပိုရလာပါတယ်။ နီနီ့ရဲ့တစ်ကိုယ်တော်ပွဲမှာ ပရိသတ်တွေ စိတ်တိုင်းကျအောင် အစွမ်းကုန်ကြိုးစား ဖျော်ဖြေပေးသွားမှာပါ။

**Voice: ခရစ္စမတ်နဲ့ နယူးရီးယားမှာရော ဘယ်မှာရှိုးဆိုဖို့ လက်ခံထားလဲ။ ၂၀၁၆ ခုနှစ် တစ်နှစ်တာလုံးကို ပြန်ကြည့်ရင်ရော ကိုယ့်အတွက် ကျေနပ်စရာကောင်းတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ရဲ့လား။**

**NNKZ:** ခရစ္စမတ်ကတော့ နီနီ မုံရွာမှာ ရှိုးဆိုပါမယ်။ နယူးရီးယား ညမှာတော့ မန္တလေးရွှေပြည်သာ ဟိုတယ်မှာ ဆိုပါမယ်။ ၂၀၁၆ ခုနှစ် တစ်နှစ်တာလုံးက နီနီ့အတွက် ကောင်းခြင်း ဆိုးခြင်းတွေ ဒွန်တွဲပြီး ဖြစ်ခဲ့တဲ့ နှစ်တစ်နှစ်ပါ။ နီနီတစ်ခုဝမ်းသာတာက အခက်အခဲတွေတိုင်းကို ကျော်ဖြတ်ပြီးတော့ နီနီ သွားချင်တဲ့နေရာကို ရောက်အောင်သွားနိုင်ခဲ့တယ်။ နီနီ့ဘဝအတွက် တွန်းအားတွေ၊ ခွန်အားတွေလည်း အများကြီး ရှိခဲ့ပါတယ်။ ၂၀၁၆ က နီနီ့အတွက် ကံကောင်းတဲ့ နှစ်လို့လည်း ပြောလို့ရပါတယ်။ ဘဝမှာ အတွေ့အကြုံသစ်တွေလည်း အများကြီးရခဲ့သလို၊ ဘဝရဲ့ အလှည့်အပြောင်းတစ်ခုဖြစ်တဲ့ နီနီ့ရဲ့ အိပ်မက်တစ်ခုကို အခက်အခဲတွေကြားထဲက အကောင်အထည်ဖော်နိုင်တဲ့ နှစ်ဖြစ်ပါတယ်။ နီနီက အခက်အခဲမရှိဘဲ ရလာတဲ့ အောင်မြင်မှုထက်၊ အခက်အခဲတွေကို ကျော်ဖြတ်ပြီးမှ ရလာတဲ့ အောင်မြင်မှုကို ပိုပြီးတန်ဖိုးထားပါတယ်။

**Voice: လာမယ့် ၂၀၁၇ ခုနှစ်ကို ဘယ်လိုစိတ်သစ်၊ လူသစ်၊ အနုပညာဖန်တီးမှုအသစ်တွေနဲ့ ကြိုဆိုသွားဖို့ စဉ်းစားထားလဲ။**

**NNKZ:** လူဆိုတာကတော့ အမြဲတမ်း တီထွင်ဆန်းသစ်နေရတာပေါ့နော်။ ၂၀၁၇ခုနှစ်မှာလည်း နီနီ့ရဲ့ ပရိသတ်တွေအတွက် အနုပညာဖန်တီးမှုအသစ်တွေကို တင်ဆက်နိုင်အောင် ကြိုးစားသွားပါမယ်။ နီနီ ကိုယ်တိုင်လည်း စိတ်သစ်၊ လူသစ်နဲ့ ကိုယ့်ရဲ့ အနုပညာပိုင်းမှာ အကောင်းဆုံး ကြိုးစားသွားပါမယ်။ ပရိသတ်အားပေးရကျိုးနပ်တဲ့ ဂီတသမားတစ်ယောက် ဖြစ်အောင်လည်း ဆက်လက်ကြိုးစားသွားပါမယ်။

**Voice: နီနီ့ရဲ့ကိုယ်ပိုင်အမှတ်တံဆိပ်ဖြစ်တဲ့ Super Red နှုတ်ခမ်းနီကိုတော့ အောင်မြင်စွာ ဖြန့်ချိပေးနိုင်ခဲ့ပြီပေါ့။ နောက်ထပ်ရော ဘယ်လို ကုန်ပစ္စည်းအသစ်တွေ ဆက်ထုတ်သွားဖို့ရှိမလဲ။**

**NNKZ:** တစ်နှစ်စာအတွက် ဘယ်လိုအစီအစဉ်တွေနဲ့ ဆက်သွားမယ်ဆိုတာ နီနီတို့ကြိုတင်ပြင်ဆင်ထားတာလေးတွေရှိပါတယ်။ လာမယ့် သင်္ကြန်မတိုင်ခင်မှာတော့ နောက်ထပ် ထုတ်ကုန်အသစ်တစ်ခုကို ပေးနိုင်ဖို့ ပြင်ဆင်နေပါပြီ။ နီနီတို့ ဘက်က အဆင်သင့်ဖြစ်ပြီဆိုရင် အသေးစိတ်အချက်အလက်တွေကို ပရိသတ်တွေသိအောင် ထုတ်ပြန်ပေးသွားမှာပါ။

**Voice: နီနီ့ရဲ့ ပရိသတ်တွေထဲမှာ ယောကျ်ားလေးတွေလည်း ရှိတယ်လေ။ သူတို့အတွက်ရော အလှကုန်ပစ္စည်းတွေထုတ်ဖို့ စိတ်ကူးမရှိဘူးလား။**

**NNKZ:** ၂၀၁၇ ခုနှစ်အတွင်းမှာတော့ ယောကျ်ားလေးသုံး အလှကုန်ပစ္စည်းတွေထုတ်ဖို့ စီစဉ်ထားတာမရှိပါဘူး။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ ယောကျ်ားလေးတွေလည်း အလှကုန်ပစ္စည်းတွေနဲ့ သိပ်ကင်းလို့မရတော့ဘူးပေါ့နော်။ အလှကုန်ပစ္စည်းသုံးတယ်ဆိုတာက လှချင်ရုံ သက်သက်သုံးကြတာတော့ မဟုတ်ဘူးပေါ့နော်။ ကိုယ့်ရဲ့ အသားအရေကို အမြဲတမ်း စိုပြည်လှပနေဖို့အတွက် သုံးကြတာလည်း ရှိပါတယ်။ ခေတ်ကလည်း ပြောင်းလဲလာပြီလေ။ အဲ့ဒီအတွက် ယောကျ်ားလေးသုံး အလှကုန်ပစ္စည်းတွေထုတ်ဖို့လည်း နီနီစဉ်းစားပါမယ်။ ဒါပေမဲ့ ဘယ်လိုပစ္စည်းမျိုး ထုတ်ရမယ်ဆိုတာကို နီနီ့မှာ အမြင်မရှိသေးတဲ့အတွက် ပရိသတ်တွေရဲ့အကြံဉာဏ်တွေလည်း လိုအပ်ပါတယ်။

**Voice: လက်ရှိဈေးကွက်မှာ ဖြန့်ချိပေးထားတဲ့ Super Red နှုတ်ခမ်းနီနဲ့ ပတ်သက်ပြီးတော့ရော ပရိသတ်တွေဆီက ဘယ်လို ဝေဖန်သံတွေကြားရလဲ။**

**NNKZ:** Super Red နှုတ်ခမ်းနီနဲ့ ပတ်သက်လို့ကတော့ နီနီတို့မှာ ချို့ယွင်းချက်လေးတွေရှိသလို၊ ကောင်းတယ်ဆိုပြီး ပရိသတ်တွေ အသိအမှတ်ပြုကြတဲ့ အချက်လေးတွေလည်းရှိပါတယ်။ ပရိသတ်တွေရဲ့ ဝေဖန်အကြံပြုမှုအားလုံးကို နီနီတို့ နားထောင်ပါတယ်။ ပထမအသုတ်အနေနဲ့ ဖြန့်လိုက်တဲ့ Super Red နှုတ်ခမ်းနီတွေမှာ ပရိသတ်မကြိုက်တဲ့အချက်တွေ အားလုံးကိုမှတ်ထားပြီး၊ မကြာခင်ဖြန့်ချိမယ့် ဒုတိယအသုတ် Super Red နှုတ်ခမ်းနီတွေမှာ နီနီတို့ ပြန်ပြင်ထားပြီးပါပြီ။ Super Red နှုတ်ခမ်းနီ ပထမ Series ကတော့ နီနီ့အကြိုက်တွေ ထုတ်တာပေါ့နော်။ ဒုတိယ Series ကတော့ ပရိသတ်အကြိုက် ထုတ်တာပါ။

**Voice: ဒီနှစ်အတွင်းမှာ နီနီ့ရဲ့ စိတ်ဓာတ်ကို ပြိုလဲသွားစေနိုင်တဲ့ ဖြစ်ရပ်တွေကြုံခဲ့ရတယ်လေ။ အဲ့ဒီအချိန်ကာလတွေကို နီနီ ဘယ်လို စိတ်ဓာတ်ခွန်အားတွေနဲ့ ဖြတ်ကျော်ခဲ့လဲ။**

**NNKZ:** ဒါတွေက နီနီတို့ အနုပညာရှင်တွေအတွက် အမြဲတမ်းလိုလို ကြုံနေရတဲ့ အဖြစ်အပျက်တွေပါပဲ။ ဒီ့ထက်ကြီးတဲ့ ပြဿနာတွေ ထပ်လာဦးမှာပဲလို့ ရင်ထဲမှာ အမြဲတမ်း ထားထားလိုက်တယ်။ အခုရင်ဆိုင်နေရတဲ့ ပြဿနာက ရှေ့မှာကြုံရမယ့် ပြဿနာလောက် မကြီးမားဘူးလို့ တွက်လိုက်ပါတယ်။ ပြဿနာတွေအားလုံးကို ပြန်လည်ပြီး သုံးသပ်ကြည့်မယ်ဆိုရင် နောက်လှည့်ကြည့်လိုက်တဲ့အခါမှာ ကိုယ်ကျော်ဖြတ်လာခဲ့ရတဲ့ အရာတွေအားလုံးက သေးသေးလေးလို့ထင်ရပါတယ်။ ဘဝမှာ ဒီ့ထက်ကြီးမားတဲ့အရာတွေကိုတောင် ဆုံးရှုံးရဦးမှာပဲ။ ဒီဟာက ဘာမှမဟုတ်သေးဘူးဆိုတဲ့စိတ်နဲ့ပဲ ကျော်ဖြတ်ပါတယ်။ ပြဿနာတွေကို ပြုံးပြုံးပဲ ရင်ဆိုင်ပြီးတော့ ကျော်ဖြတ်ခဲ့ပါတယ်။

**Voice: လူတစ်ယောက်က အခက်အခဲတွေ့တဲ့ အချိန်မှာ ကိုယ့်ဘဝအတွက် ဘယ်သူတွေက မိတ်ဆွေစစ်၊ ဘယ်သူတွေကတော့ မိတ်ဆွေတုဆိုတာကို ခွဲဖို့ လွယ်တယ်လေ။ နီနီ့အတွက်ရော ဘယ်သူတွေက မိတ်ဆွေစစ်တွေဖြစ်ခဲ့လဲ။**

**NNKZ:** ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ နီနီ့ဘက်မှာ မိတ်ဆွေကောင်းတွေက အများကြီး ရပ်တည်ပေးခဲ့တဲ့ အတွက် ဝမ်းသာခဲ့ရပါတယ်။ နီနီ့ဘက်ကတော့လူတိုင်းအပေါ်ကို အကောင်းမြင်စိတ်ကလေးနဲ့ မြင်ပေးလိုက်ပါတယ်။ အဲ့ဒီ အတွက် နီနီလည်း စိတ်ချမ်းသာပါတယ်။



## အချက်အပြုတ်ဝါသနာပါခဲ့ပုံအကြောင်း ပြောပြတဲ့ အဲရစ်

**ဆိုးလ်၊ ဒီဇင်ဘာ ၂၀**

ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော်သရုပ်ဆောင်နဲ့ အဆိုတော်တစ်ဦးဖြစ်တဲ့ အဲရစ်က သူ့အချက်အပြုတ် ဝါသနာပါခဲ့ရတဲ့အကြောင်းကို ပရိသတ်တွေကို ဖွင့်ဟပြောကြားခဲ့ကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

ရှင်ဟွာအဖွဲ့ရဲ့ 2016 Shinhwa Live- Unchanging ဂီတ ဖျော်ဖြေ ပွဲကို ဒီဇင်ဘာလ ၁၈ ရက်နေ့က ကျင်းပခဲ့စဉ်မှာတော့ သူအချက်အပြုတ်ဝါသနာပါခဲ့တဲ့ အကြောင်းကို အဲရစ်က ပရိသတ်တွေကို ပြောပြပေးခဲ့တာဖြစ်ပါတယ်။

အဲရစ်က tvN ရုပ်သံလိုင်းကနေ စီစဉ်ထုတ်လုပ်ရိုက်ကူးတဲ့ Three Meals A Day ဖျော်ဖြေရေး ရုပ်သံ အစီအစဉ်မှာ ပါဝင်ခဲ့ဖူးတဲ့အတွက် သူ့ရဲ့အချက်အပြုတ်စွမ်းရည်ကို ပရိသတ်တွေက မြင်တွေ့ခဲ့ကြဖူးပါတယ်။

"ကျွန်တော့်ရဲ့အိမ်ရှေ့မှာ ဈေးဝယ်စင်တာတစ်ခုရှိပါတယ်။ ပုံမှန်လုပ်နေကျ လေ့ကျင့်ခန်းတွေ လုပ်ရတာ ငြီးငွေ့လာရင် ဈေးဝယ်စင်တာထဲကို ကျွန်တော် သွားလေ့ရှိပါတယ်။ ဈေးဝယ်စင်တာကို ပိုပြီး ကျွမ်းဝင်မှုရှိလာတာနဲ့အမျှ အချက်အပြုတ်ကို ပိုပြီးစိတ်ဝင်စားလာတာပါပဲ" လို့ အဲရစ်က ဆိုပါတယ်။

"ဈေးဝယ်စင်တာထဲကိုသွားရင် ကျွန်တော် လမ်းကို မြန်မြန်မလျှောက်ဘူး။ နည်းနည်းလေးဆာလာသလို ရှိရင် ဈေးဝယ်စင်တာထဲမှာ အခမဲ့မြည်းစမ်းလို့ရတဲ့ အစားအစာတွေကို စားကြည့်တယ်" လို့ ၎င်းက ဆက်လက်ပြောကြားပါတယ်။

Three Meals A Day လို ဖျော်ဖြေရေး ရုပ်သံအစီအစဉ်တစ်ခုမှာ ပါဝင်ခွင့်ရတာကို ကံကောင်းတယ်လို့ မှတ်ယူပြီး၊ ကောင်းမွန်တဲ့ အစားအစာတွေကို ချက်ပြုတ်နိုင်အောင်လည်း ကြိုးစားခဲ့ကြောင်း အဲရစ်က ပြောကြားပါတယ်။



## မားဂေါ့ရော့ဘီ လက်ထပ်ပြီ

ယခုနှစ်ပိုင်းတွေမှာ ပရိသတ်မျက်စိရှေ့ အောင်မြင်တဲ့ ဇာတ်ကားတွေနဲ့ နေရာတွေရလာတဲ့ ဩစတြေးလျ သရုပ်ဆောင် မားဂေါ့ရော့ဘီတစ်ယောက် လက်ထပ်လိုက်ပြီဆိုတဲ့ သတင်းတွေ ထွက်နေပါတယ်။

ဗြိတိန်ရုပ်ရှင်ရိုက်ကူးသူ တွမ်အက်ကာလေနဲ့ ချစ်သူ သမီးရည်းစားဘဝကနေ အိမ်ထောင်သည်ဘဝကို ကူးပြောင်းသွားပြီ ဖြစ်ပါသတဲ့။

Suicide Squad ဇာတ်ကားမှာ ကြမ်းကြမ်းရမ်းရမ်း လူဆိုးမလေးအဖြစ် သရုပ်ဆောင်ထားတဲ့ မားဂေါ့က ချစ်သူနဲ့ လက်ထပ်ပွဲလေးကို အကျဉ်းချုံးပြီးပဲ အလျင်စလို လုပ်ခဲ့တာ ဖြစ်ပါတယ်။

ဖခင်ဖြစ်သူနဲ့ မတည့်တာကြောင့် အစ်မဖြစ်သူ အန်ယာက လက်ထပ်ပွဲကို ဦးဆောင်လျှောက်လှမ်းအတိုင်း ခေါ်လာပေးခဲ့ရတယ်လို့ မိခင်က ပြောကြားပါတယ်။

တခြားညီအစ်ကို မောင်နှမတွေလည်း လက်ထပ်ပွဲကို လာခဲ့တာဖြစ်ပါတယ်။

မားဂေါ့ရဲ့ မန်နေဂျာကတော့ ဒီသတင်းနဲ့ ပတ်သက်ပြီး မှတ်ချက်ပေးခြင်း မရှိပေမယ့် မားဂေါ့ကတော့ အိမ်ပြန်ရောက်တဲ့ ပြီးခဲ့တဲ့ သီတင်းပတ်မှာ "ကျွန်မတော့ လက်ခံလိုက်ပြီရှင့်" လို့ ရေးထားတဲ့ တီရှပ်လေး ဝတ်ဆင်ထားတဲ့ ဓာတ်ပုံ ထွက်ပေါ်လာခဲ့ပါတယ်။ သူတို့စုံတွဲဟာ ၂၀၁၃ ခုနှစ်က ရုပ်ရှင်ရိုက်ကွင်းတစ်ခုအပြီးမှာ စတွေ့ခဲ့ကြတာ ဖြစ်ပါတယ်။

# လိင်ပိုင်းဆိုင်ရာစက်ရုပ်များအပေါ် ယောက်ျားများ အလွန်အကျွံမြတ်နိုးလာမှု ပညာရှင်များ သတိပေး

**လန်ဒန်၊ ဒီဇင်ဘာ ၂၀**


Getty Images

မကြာသောကာလတွင် ယောက်ျားဦးရေ ထက်ဝက်ခန့်သည် မိမိတို့ဘဝ သာယာမှုအတွက် လိင်ပိုင်းဆိုင်ရာ အထိ အသုံးပြုနိုင်သော စက်ရုပ်များကို ဝယ်ယူအသုံးပြုနိုင်လောက်သော စွဲလမ်းမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် စိုးရိမ်ရသည့် အနေအထားဖြစ်လာကြောင်း ပညာရှင်များ၏ သတိပေးချက်ကို The Mirror သတင်းတွင် ဖော်ပြထားသည်။

လန်ဒန်တက္ကသိုလ်တွင် ကျင်းပပြုလုပ်သည့် Goldsmiths ဆွေးနွေးပွဲတွင် အသက် ၁၈ နှစ်မှ အသက် ၆၇ နှစ်အတွင်း အမျိုးသား ၂၆၃ ဦးကို လေ့လာသုတေသနပြုလုပ်ကြည့်ရာတွင် ၄၀ ရာခိုင်နှုန်းခန့်သည် စက်ရုပ်ကဲ့ သို့သော လိင်ဖျော်ဖြေမှုပေးနိုင်သည့် အရုပ်များကို ပိုင်ဆိုင်ထားပြီး သုံးစွဲနေကြကြောင်း တွေ့ရှိခဲ့ရမှုအား ပညာရှင်များက ထောက်ပြကာ သတိပေးခဲ့ခြင်းဖြစ်သည်။

လန်ဒန်တွင် ကျင်းပသည့် Goldsmiths ညီလာခံသည် စက်ရုပ်များအပေါ် အချစ်နှင့် လိင်မှုကိစ္စဆိုင်ရာ လေ့လာ သုတေသနပြုလုပ်သည့် ပွဲဖြစ်ပြီး ပညာတတ်လူတန်းစားကြားတွင် ညအိပ်ရာဝင်ဖော်အဖြစ် စက်ရုပ်များကို သုံးစွဲလာခြင်းအား ကိုယ်ကျင့်တရားစံနှုန်းအရ ပြန်လည်စဉ်းစားရန် လိုအပ်လာပြီဟု ထောက်ပြဝေဖန်ခဲ့ကြသည်။

ညီလာခံသို့ တက်ရောက်လာကြသည့် ပညာရှင်များသည် ၂ မိနစ်စာ ဗီဒီယိုများဖြင့် အမျိုးသမီးစက်ရုပ်တို့၏ စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်မှုများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် လူသားတို့၏ ကိုယ်ရည်ကိုယ်သွေးများကို တိုင်းတာခြင်း၊ စက်ရုပ်များအပေါ် စွဲလမ်းမှုများ အပေါ်တိုင်းတာခြင်းများအပြင် လာမည့် ငါးနှစ်အတွင်း လိင်ဖျော်ဖြေမှုပေးနိုင်သော စက်ရုပ်များ လူသားတို့နှင့် ပါဝင်ပတ်သက်လာမှု အခန်းကဏ္ဍများကို ဆွေးနွေးအဖြေရှာခဲ့ကြသည်။

Duisburg-Essen တက္ကသိုလ်မှ ဂျက်ဆီကာ ရှဇူကာက -

“ကျွန်မအနေနဲ့ကတော့ လိင်စက်ရုပ်တွေကို အသုံးပြုနေကြတဲ့ သူတွေမှာ ဘယ်လိုထူးခြားတဲ့ အပြုအမူ စိတ်ထားတွေ ဖြစ်ပေါ်လာသလဲဆိုတာ လေ့လာဖို့ ပိုပြီး စိတ်ဝင်စားပါတယ်” ဟုပြောကြားသည်။

ကွန်ပျူတာနှင့် စက်များကို အသုံးပြုပြီး စက်ရုပ်များကို လူသားကဲ့သို့ ပြုမူဆက်ဆံလာခြင်းကြောင့် လူသားတို့၏ စိတ်ခံစားမှုများ မည်သို့ဖြစ်လာမည်ဆိုခြင်းကို အထူးပြုလေ့လာရန် လိုအပ်ကြောင်း ယင်းက ထောက်ပြထား သည်။

နည်းပညာက တိုးတက်လာပြီး ယောက်ျားတို့၏ဆန္ဒများကို မည်သည်းမည်မျှဖြည့်ဆည်းပေးနိုင်သော စက်ရုပ်များ ပေါ်ပေါက်လာခြင်းမှာ အနာဂတ်အတွက် အလားအလာမကောင်းနိုင်ကြောင်း ပညာရှင်များက ထောက်ပြ ဝေဖန်ခဲ့ကြသည်။ ■ **E01**

# ၁၃ ပေမြင့်သည့် တိုက်ပွဲဝင်စက်ရုပ်ကြီးများ တောင်ကိုရီးယားတီထွင်

**ဆိုးလ်၊ ဒီဇင်ဘာ ၂၀**

အမြင့် ၁၃ ပေရှိပြီး လူသားကဲ့သို့ တည့်မတ်စွာ လျှောက်သွားနိုင်သော တိုက်ပွဲဝင်စက်ရုပ်များကို တောင် ကိုရီးယားနိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည့် Korea Future Technology ကတီထွင်လျက်ရှိကြောင်း ABC သတင်းတွင်ဖော်ပြထားသည်။

ဆိုးလ်အခြေစိုက် ယင်းကုမ္ပဏီသည် METHOD-1 ဟု အမည်ပေးထားသော ကြီးမားသည့် စက်ရုပ်ကြီးကို ပထမဆုံး စမ်းသပ်ပွဲ ထုတ်ပြသခဲ့ပြီးအတွင်း၌ လူကိုယ်တိုင် လိုက်ပါ ထိန်းကျောင်းမည့် စက်ရုပ်ကြီးများကို လာမည့် ၂ နှစ်အတွင်း အဆင်သင့် အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။


Vitaly Bulgarov

၂၀၀၉ ခုနှစ်တွင် ပြသခဲ့သော Avatar ဆိုသည့် သိပ္ပံရုပ်ရှင်ဇာတ်ကား ပြီးကတည်း တောင်ကိုရီးယားမှ ပညာရှင်များသည် စိတ်ကူးရပြီး စီစဉ်ခဲ့ကြောင်း၊ သူတို့ တီထွင်ထားသည့် တိုက်ခိုက်ရေးစက်ရုပ်သည် စိတ်ကူးယဉ် ရုပ်ရှင် ဇာတ်ကားများထဲကအတိုင်း ကောင်းနိုးရာရာများကို ပေါင်းစပ်ဖြည့်သွင်း စီစဉ်ထားခြင်းဖြစ်ကြောင်း ယင်း သတင်းကဆိုသည်။

METHOD-1 စက်ရုပ်ကြီးသည် အရွယ်အစားကြီးမားရုံသာမက ရုပ်ရှင်ဇာတ်ကားများထဲကအတိုင်း ခြေတစ်လှမ်းချလိုက်တိုင်း မြေကြီးတုန်သွားစေနိုင်ကြောင်း၊ လူကိုယ်တိုင် စက်ရုပ်အတွင်း ထိုင်လိုက်ပြီး လက်များ ခြေထောက်များကို လိုသလို ထိန်းချုပ်နိုင်စေရန် စီစဉ်ထားကြောင်း ပညာရှင်များက ပြောကြားသည်။

စက်ရုပ်ကို အနာဂတ်အတွက် တိုက်ခိုက်ရေးကိစ္စများတွင်ပါ အသုံးပြုရန် ရည်ရွယ်ထားပြီး ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲ အားလုံးသည် တိုးတက်နေသည့် နည်းပညာကဏ္ဍအားလုံးကို လိုက်လျောညီထွေရှိကာ အကြမ်းခံ၊ အသုံးတည့်၍ အားလုံးနှင့် အဆင်အပြေဆုံး လုပ်ဆောင်နိုင်စေမည့် စက်ရုပ်များဖြစ်ကြောင်း ကုမ္ပဏီ၏ ပြောရေး ဆိုခွင့်ရှိသူ မစ္စတာ ဘူဂါရော့ဗ်က သူ၏ Facebook စာမျက်နှာပေါ်တွင် ရေးသားထားသည်။

၂၀၁၄ ခုနှစ်ကတည်းက စတင်ခဲ့သည့် မိမိတို့ ပရောဂျက်သည် ပြီးဆုံးလုနီးပါးရှိနေပြီး မည်သည့်လုပ်ငန်းခွင် သို့မဟုတ် တိုက်ခိုက်ရေးကိစ္စများတွင်မဆို ပစ္စည်းများကို လိုသလို ထည့်သွင်းအသုံးပြုနိုင်ရုံမက လူသားတို့ အသက် အန္တရာယ်ကိုလည်း ဘေးအကင်းဆုံးဖြစ်စေမည်ဖြစ်ကြောင်း ယင်းကဆိုသည်။

METHOD-1 စက်ရုပ်သည် အမြင့်ပေ ၁၃ ပေရှိပြီး အလေးချိန် တစ်တန်ခွဲရှိကာ လူသားအတိုင်း တည့်မတ်စွာ လျှောက်လှမ်း နိုင်သည်ဆိုခြင်းကပင် တောင်ကိုရီးယားပညာရှင်များအတွက် ဂုဏ်တက်စရာဖြစ်ခဲ့ကြောင်း ABC သတင်းတွင် ရေးသားထားသည်။ ■ **E01**

# NEWS IN BRIEF

## ကလေးများအတွက် အွန်လိုင်းစောင့်ကြည့်မှုအစီအစဉ် မိဘများအတွက် Facebook တီထွင်

မိမိတို့သားသမီးများ ဆိုရှယ်မီဒီယာကို အသုံးပြုလျှင် လုံခြုံစိတ်ချရမှုများ ရှိစေရန် Facebook က Parents Portal အစီအစဉ်တစ်ခုကို တီထွင်ထည့်သွင်းပေးထားကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

ယင်းအစီအစဉ်တွင် ဗီဒီယို၊ မှတ်ချက်ပေး၊ အကြံပြုခြင်းစသည့် အစီအစဉ်များကို ထည့်သွင်းထားပြီး Facebook ၏ Safety Center ဌာနနှင့်ချိတ်ဆက်ထားကာ မိမိတို့သားသမီးများအတွက် စိတ်ချလုံခြုံမှုများပေးနိုင်ရန် စီစဉ်ထားကြောင်း ယင်းသတင်းက ဆိုသည်။

ကလေးများအနေနှင့် Facebook ကို သုံးနေစဉ်တွင် မသင့်လျော်သည့်စာများ၊ ပုံများကို ရယူသုံးစွဲနိုင်ခြင်းမရှိစေရန် အကာအကွယ်ပေးမည့်အပြင်၊ အသက် ၁၃ နှစ်အောက် ကလေးများသည် မိဘက ခွင့်မပြုပါက ရယူသုံးစွဲခြင်း မပြုနိုင်ရန်ပါ ထိန်းသိမ်းစောင့်ရှောက်ပေးမည်ဟု AFP တွင် ရေးသားထားသည်။ ■

## အန္တာတိက အရေ့ပိုင်း အကြီးဆုံးရေခဲပြင်ကြီး အရည်ပျော်ကျ

တောင်ပိုင်းသမုဒ္ဒရာအတွင်း လှည့်လည်လေ့လာနေကြသည့် သုတေသနပညာရှင် ၃၀ ပါဝင်သော Aurora Australis သုတေသနသင်္ဘောကြီးမှ ပညာရှင်များက အန္တာတိက အရှေ့ပိုင်းရှိ အကြီးဆုံး ရေခဲပြင်ကြီး အရည်ပျော်ကျနေကြောင်း Science Advances သတင်းတွင် ထုတ်ဖော်ရေးသားထားသည်။

ဩစတြေးလျနိုင်ငံမှ သုတေသီများ၏ လေ့လာတွေ့ရှိချက်အရ အန္တာတိကတွင် အတည်ငြိမ်ဆုံးဒေသအဖြစ် သတ်မှတ်ထားသည့်နေရာတွင် ရေခဲပြင်ကြီး ပျော်ကျမှုမှာ ဆိုးရွားသည့်အကျိုးဆက်များကို ဖြစ်ပေါ်လာစေ နိုင်ကြောင်း ယင်းသတင်းကဆိုသည်။

ယင်းရေခဲပြင်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ထုပေါင်း ၃ ဒသမ ၅ မီတာ (၁၁ ဒသမ ၅ ပေ) အထိ မြင့်တက်နေခဲ့ရာမှ ဆိုးရွားစွာ အရည်ပျော်နေသောကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမည်ကို စိုးရိမ်နေရကြောင်း ပညာရှင်များက ထောက်ပြထားသည်။ ■

## ကျူးဘားနိုင်ငံတွင် အင်တာနက်နှုန်းထားများ လျှော့ချ

ကမ္ဘာကျော် Google ကုမ္ပဏီနှင့် ကွန်မြူနစ်ကျူးဘား အစိုးရတို့ သဘောတူစာချုပ်လွှာများ လက်မှတ်ရေးထိုး အပြီးတွင် ကျူးဘားနိုင်ငံတွင် အင်တာနက်သုံးစွဲနေရသည့်နှုန်းထားများကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးလိုက်ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ကွန်မြူနစ်ခေါင်းဆောင်ကြီး ကက်စ်ထရိုမကွယ်လွန်မီအချိန်အထိ ကမ္ဘာ့အင်တာနက်သုံးစွဲနိုင်မှု အနိမ့်ဆုံး စာရင်းဝင် ဖြစ်ခဲ့ရသော ကျူးဘားနိုင်ငံသည် ပြည်သူများအပေါ် ထိန်းချုပ်မှုများ စတင်ဖြေလျှော့လာပြီဟု ယူဆရကြောင်း ယင်းသတင်းကဆိုသည်။

ကျူးဘားနိုင်ငံတောင်ပိုင်း Etecsa ဆက်သွယ်ရေးကုမ္ပဏီသည် အင်တာနက်သုံးစွဲခကို တစ်နာရီ ၂ ဒေါ်လာမှ ၁ ဒသမ ၅ ဒေါ်လာနှုန်းကို လျှော့ချပေးပြီး၊ တစ်လသုံးအတွက် ၂၉ ဒေါ်လာသာ ကောက်ခံတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ဟု AFP သတင်းတွင် ရေးသားထားသည်။ ■

## ဇူကာဘတ်အိမ်တွင် အိမ်တော်ထိန်းစက်ရုပ်ကို စတင်ခန့်အပ်

Facebook အကြီးအကဲ ဇူကာဘတ်သည် ဉာဏ်ရည်တု (AI) စနစ်ကို သဘောကျသူဖြစ်သောကြောင့် Jarvis ဆိုသည့် စက်ရုပ်ကို အိမ်တော်ထိန်းအဖြစ် ခန့်အပ်ကာ ဆော့ဖ်ဝဲများဖြင့် ထိန်းချုပ်စီမံပြီး လုပ်ငန်းများကို ကူညီ လုပ်ကိုင်စေခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

ဇူကာဘတ်တီထွင်ဖော်ဆောင်ထားသည့် Jarvis သည် အကောင်အထည်မြင်ရမည့် စက်ရုပ်သဘောမဟုတ်ဘဲ ဆော့ဖ်ဝဲဖြင့် စီမံထိန်းချုပ် ခိုင်းစေနိုင်မည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဥပမာ သူ၏ အိမ်ခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် မီးဖွင့်ဟု ပြောလိုက်လျှင် မီးဖွင့်ပေးမည်ဖြစ်ပြီး၊ အခန်း အပူချိန်ထိန်းခြင်း၊ တံခါးဖွင့်ခိုင်းခြင်း၊ သီချင်းဖွင့်ခိုင်းခြင်းနှင့် အခြား လုပ်ဆောင်မှုများကို ဆော့ဖ်ဝဲအားနှုတ်မိန့်ဖြင့် ထိန်းကာလုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းဆော့ဖ်ဝဲကို Butler ဟုအမည်ပေးထားသည်။ ■

## ငရုတ်မျိုးတစ်ခုကို ဖျက်ဆီးရန် လက်နက်သဖွယ် အသုံးပြုခဲ့ကြောင်း စွပ်စွဲချက်အား တရုတ်ငြင်းဆို

အင်ဒိုနီးရှားနိုင်ငံတွင် စိုက်ပျိုးထားသည့် ငရုတ်မျိုးများကို ဖျက်ဆီးရန် အလို့ငှာ ငရုတ်မျိုးစေ့တစ်မျိုးအား တရုတ်လူမျိုးတစ်စုကတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံအတွင်း ခိုးသွင်းလာသည်ဆိုသော စွပ်စွဲချက်ကို တရုတ်တို့က ငြင်းဆိုထားကြောင်း The Daily Meal သတင်းတွင် ဖော်ပြထားသည်။

ရောဂါဖြစ်စေမည့် ငရုတ်မျိုးစေ့များကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတောင်ပိုင်းရှိ ငရုတ်စိုက်ခင်းများတွင် တွဲဖက် စိုက်ပျိုးခြင်းဖြင့် ရောဂါပိုးများ ပျံ့နှံ့သွားစေရန် တရုတ်နိုင်ငံသားများကတစ်ဆင့် စနစ်တကျ စီစဉ်ထားကြောင်း ယင်းသတင်းကဆိုသည်။

တရုတ်သံရုံးက အခြေအမြစ်မရှိသော စွပ်စွဲချက်များဖြစ်သည်ဟု ငြင်းဆိုထားပြီး အင်ဒိုနီးရှား စီးပွားရေးကို ပျက်စီးစေရန်လုပ်ခြင်းလည်း မဟုတ်ကြောင်း ပြောဆိုကာ၊ အင်ဒိုနီးရှား အစိုးရကလည်း ရောဂါပိုးများ ကျနေသည့် ငရုတ်စိုက်ခင်းကို မီးရှို့ဖျက်ဆီးလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ■ **E01**

# မော်တော်ယာဉ်တင်သွင်းခွင့် ရုတ်တရက်ပိတ်လိုက်ခြင်းအပေါ် အမြင်များ

ဟိန်းမြတ်စိုး

**တစ်ဦးချင်းတင်သွင်းခွင့်ပါမစ် (Free Permit) မော်တော်ယာဉ်လိုင်စင်များ လျှောက်ထားခွင့် ရုတ်တရက် ရပ်ဆိုင်းလိုက်ခြင်းနှင့်ပတ်သက်၍ မော်တော်ယာဉ်လုပ်ငန်းရှင်များအား ဆက်သွယ်မေးမြန်းထားသည်ကို ဖော်ပြအပ်ပါသည်။**

## “တိုင်းပြည်ကလည်း ဒီကိစ္စလေးတစ်ခုတည်းနဲ့ လောဘ၊ ဒေါသတွေနဲ့ အကုန်လုံးက အလုအယက်လုပ်နေကြတော့ အန္တရာယ်လည်း များလာလို့ ပိတ်တယ်ဆိုတာ အစ်ကိုတို့ လက်ခံပါတယ်”

**ဦးမင်းမင်းမောင် (JPM နှင့် ဝန်းရံခ မော်တော်ယာဉ် အရောင်းစင်တာပိုင်ရှင်)**


ဓာတ်ပုံ-UMMM Facebook

မနေ့က (ဒီဇင်ဘာ ၁၉) တုန်းက ကြေညာလိုက်တယ်။ မော်တော်ယာဉ် တစ်ဦးချင်း လျှောက်ထားခြင်းတို့ကို မနေ့က ၆ နာရီ နောက်ဆုံးထားပိတ်ပါမယ်ဆိုပြီး ညနေ ၅ နာရီလောက်မှာမှ လော်စပီကာနဲ့ လိုက်ကြေညာတယ်။ မနေ့ကလာလျှောက်တဲ့သူတွေကိုတော့ တိုကင်ပြန်ပေးလိုက်တယ်။ တိုကင်ပဲပေးတဲ့အဆင့်ပေါ့နော်။ ဒါပေမဲ့ သူတို့လက်ခံပေး မပေးတော့ မသိဘူးပေါ့နော်။ Free Permit ကို ဒီလိုလုပ်တာ လက်ခံတယ်။

ဒါပေမဲ့ စလစ်ကားတွေကိုတော့ မပိတ်စေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားတွေက ဒေါ်လာဈေးနဲ့လည်း ပတ်သက်မှုမရှိဘူး။ အကုန်လုံးက စလစ်ကပ်ပြီး လျှောက်ကြတာလေ။ အဲဒါကိုတော့ ၂၃ ရက်နေ့ထိ ဖွင့်ကိုဖွင့်ပေးရမှာ။ ဒါပေမဲ့ လောလောဆယ်တော့ စလစ်ကပ်ကိုတော့ ပိတ်တယ်လို့တော့ မပြောသေးဘူး။ သို့ပေမယ့် မော်တော်ယာဉ်နဲ့ပတ်သက်တဲ့ ပါမစ်လျှောက်ထားမှုတွေကို ခေတ္တရပ်ဆိုင်းတယ်ဆိုပြီး ရပ်ဆိုင်းပစ်လိုက်တယ်။ မနက်ဖြန် (ဒီဇင်ဘာ ၂၁) စလစ်ကားကို ပြန်ဖွင့် မဖွင့်ကိုတော့ အစ်ကိုတို့လည်း မသိသေးဘူး။ ဒါပေမဲ့ အဲ့ဒါကိုတော့ ပြန်ဖွင့်စေချင်တယ်။ တစ်ဦးချင်းကတော့ မတတ်နိုင်တော့ဘူးလေ။ အများနဲ့လည်း ဖြစ်နေတယ်။ တိုင်းပြည်ကလည်း ဒီကိစ္စလေးတစ်ခုတည်းနဲ့ လောဘ၊ ဒေါသတွေနဲ့ အကုန်လုံးက အလုအယက်လုပ်နေကြတော့ အန္တရာယ်လည်းများလာလို့ ပိတ်တယ်ဆိုတာ အစ်ကိုတို့လက်ခံပါတယ်။

ယာဉ်အိုယာဉ်ဟောင်းစလစ်နဲ့ သွင်းတဲ့ကားတွေကိုတော့ ခွင့်ပြုစေချင်တယ်။ ဒါဘယ်သူ့မှလည်း ထိခိုက်မှုမရှိဘူးလေ။ ဒါတွေ (လိုင်စင်လျှောက်ထားခွင့်)ကို နိုင်ငံတော်အစိုးရက ၂၃ ရက်နေ့နောက်ဆုံးလို့ ကြေညာထားတာလေ။ အကြောင်းအမျိုးမျိုးကြောင့် နှစ်ရက်၊ သုံးရက် စောပိတ်တာကို လက်ခံပါတယ်။ ဒါပေမဲ့ အစိုးရအနေနဲ့ ထိခိုက်မှုမရှိအောင်တော့ နည်းနည်းစဉ်းစားပေးရမှာပေါ့။ ဒီလိုရုတ်တရက်ကြီး အကုန်လုံးပိတ်လိုက်တာတော့ မကောင်းဘူးပေါ့။

လိုင်စင်တွေပိတ်မယ်ဆိုတာကို ဘာမှကြို မပြောပါဘူး။ Free Permit လျှောက်ထားခွင့်တွေကိုတော့ မနေ့တုန်းက လော်စပီကာနဲ့ မနေ့က ၆ နာရီ ပိတ်မယ်ဆိုတဲ့အကြောင်းကို လော်စပီကာနဲ့ ညနေ ၅ နာရီမှာ လိုက်ကြော်ငြာပေးတယ်။ စလစ်ကားတွေ ပိတ်တာကိုတော့ ဘာမှမကြော်ငြာပေးပါဘူး။ မော်တော်ယာဉ်လိုင်စင်လျှောက်ထားရတဲ့ One Stop Service နေရာတွေမှာလည်း ဘယ်သူမှမရှိဘူး။

ဒီလိုရက်ပိုင်းအတွင်း အပြောင်းအလဲလုပ်တာကို လူတိုင်းက ဝေဖန်နေကြပါတယ်။ မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒက လာမယ့်နှစ်အတွက် ပြောင်းလိုက်တာ ကြီးတယ်ပေါ့နော်။ ဈေးနှုန်းအဟာက များတယ်။ များတဲ့အခါကျတော့ ကားတင်သွင်းဖို့ လိုအပ်တဲ့သူတွေကတော့ နီးမှပဲလျှောက်မှာ။ လျှောက်လည်းလျှောက်ပေါ့။ အဲဒီလို လျှောက်တဲ့အခါမှာ မှတ်ပုံတင်အတု၊ သန်းခေါင်စာရင်းအတုနဲ့ လျှောက်တဲ့သူတွေရှိလို့ ပိတ်တယ်လို့ကြားတယ်။ အဲဒါတွေက တချို့လူတွေက ငွေများတဲ့ ငွေရှင်တွေက ကစားတဲ့သူတွေလည်းရှိတယ်။ ပါမစ်လျှောက်ပြီး ပြန်ရောင်းတာတွေလည်းရှိတယ်။ ဒါပေါ်မှာ မူတည်ပြီးသူတို့ (အစိုးရ) က လုပ်သွားတာ။ ဒီအပေါ်မှာ ကားသမားတွေက ခါးစည်းခံရတာ။

ဒီနှစ်က Individual (တစ်ဦးချင်း) သွင်းတဲ့သူတွေရော၊ အရောင်းစင်တာတွေအနေကိုရော ပါမစ်ကို လိုအပ်သလောက်မပေးဘူး။ ဘယ်လိုမှ မလောက်တဲ့အတွက်ကြောင့်မို့လို့ ဆိပ်ကမ်းမှာ ကားလေးတွေ လုံလောက်မှုရှိအောင်ဆိုပြီးတော့ လျှောက်တဲ့သူတွေလည်း ရှိတာပေါ့နော်။ တစ်ဦးချင်းအနေနဲ့ ဝင်လျှောက်တဲ့သူတွေလည်းရှိတာပေါ့။ အဲဒီအခါမှာ အခက်အခဲလေးတွေရှိတာပေါ့။ အဲဒီလို အခက်အခဲလေးတွေကို ပြေလည်အောင် ဖြေရှင်းတဲ့အခါကျမှ ငြိကုန်တဲ့အခါကျတော့ အကုန်လုံးက ရှန်းရင်းဆန်ခတ်တွေ ဖြစ်သွားတာပေါ့။ အဲဒါကြောင့် ကြေညာချက်တစ်ခု ထုတ်တော့မယ်ဆိုရင် လူတွေကို ဘယ်လို Change လုပ်ရမလဲပေါ့။ Change လုပ်တတ်ဖို့ပဲ အရေးကြီးပါတယ်။ ကြေညာတာက လွယ်လွယ်လေး။ နောက်နေ့ကျတော့ စီးပွားရေးသမားလက်ထဲ၊ ကစားတဲ့သူတွေလက်ထဲ ရောက်သွားစေတာပေါ့။ ဒီအစိုးရအနေနဲ့ ဒါတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်တတ်ဖို့။ နောက်ပြီးတော့ အမိန့်တစ်ခုထုတ်ခါနီးရင် ပြည်သူတွေကို ကြိုအသိပေးဖို့ကို ခဏခဏပြောနေတာပါပဲ။

## “ကားဈေးက ဒီထက်တက်ဖို့မရှိဘူး။ အချိန်အတိုင်းအတာ တစ်ခုအထိတော့ တက်သွားနိုင်တယ်။ အများကြီး အရင်လိုတော့ မကျတမ်း ဖြစ်ဖို့တော့ မရှိဘူး”

**ဦးမိုးကျော်စွာ(မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း- ဒုတိယဥက္ကဋ္ဌ)**


ဓာတ်ပုံ-UMKS Facebook

ဒီလိုပိတ်လိုက်တာကြောင့် လူတွေအများကြီး နစ်နာမယ်။ အများကြီးနစ်နာရမယ်ဆိုတာ လောဘကြီးတာတွေလည်း ပါတာပေါ့နော်။ ဝင်ပြီးတော့ ရိုးရိုးသားသားစီးဖို့အတွက် လုပ်တဲ့သူတွေလည်း နစ်နာမယ်ပေါ့နော်။ ဒါပေမဲ့လည်း ခက်တာက လောဘကြီးတဲ့သူရော၊ မကြီးတဲ့သူရော အကုန်ခံရတဲ့ ပွဲလို့မြင်ပါတယ်။ ပါမစ်အရောင်းအဝယ် ဈေးကွက်ဖြစ်တာကတော့ ရှေ့က လက်မြန်ခြေမြန်သမားတွေကတော့ လွတ်သွားမယ်။ နောက်ကနေပြီး လုပ်တဲ့သူတွေကတော့ ခံရမယ်။ အဖြေကတော့ ဒါပဲပေါ့။

ဒီလိုပိတ်လိုက်တဲ့ပုံစံထက် တခြားပုံစံကို သွားသင့်တယ်လို့ မြင်ပါတယ်။ ဒီဟာကကျတော့ တော်တော်များများလည်း နစ်နာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လောဘကြောင့်ပဲ လုပ်တယ်ပဲပြောပြော ကိုယ့်နိုင်ငံက လူတွေခံရတာလေ။ ကိုယ့်နိုင်ငံသားတွေ ခံရတာပေါ့နော်။ အဲဒါကတော့ စိတ်မကောင်းစရာပေါ့နော်။ ကျန်တာကတော့ ကိုယ့်ထက်တတ်လို့ အုပ်ချုပ်နေကြတာပဲလေ။ သူတို့သင့်တယ်ထင်လို့ လုပ်တာပဲလေ။

မသမာတဲ့နည်းနဲ့လုပ်တဲ့သူတွေကို ဖော်ထုတ်ပြီး ထိထိရောက်ရောက် အရေးယူတာတွေလုပ်သင့်သလို၊ နောက်တစ်ခုက ဒီလိုမသမာတဲ့နည်းနဲ့ လုပ်လို့မရအောင် အစတည်းက နည်းလမ်းကျစွာ ကြိုတင်ပြင်ဆင်မှုတွေ လုပ်သင့်တာပါ။ အခုကျမှဆိုတော့ အမိန့်ဆန်ဆန်၊ အာဏာဆန်ဆန် လုပ်တယ်လို့ မြင်တယ်ပေါ့နော်။ ဒီလိုလုပ်ရင် ဒီလိုဖြစ်လာနိုင်တယ်ဆိုတာကို ပြည်သူတွေထက် သူတို့က ပိုတွေးရမှာပါ။ အားလုံးကတော့ လုပ်စားစရာမရှိတော့ လုပ်ကြမှာပေါ့။ လောဘသားတွေချည်းပဲလေ။

ဒါကြောင့်မို့လို့ အခုလောလောဆယ်မှာတော့ ချက်ချင်းကားဈေးတွေတက်မယ်ကွာ။ ကျွန်တော်တစ်ခု ပြည်သူတွေကို ပြောချင်တာက အရမ်းကြီးတော့ လိုက်မဝယ်ကြပါနဲ့။ မလိုအပ်ဘဲ မဝယ်ပါနဲ့။ ကားဈေးက ဒီထက်တက်ဖို့မရှိဘူး။ အချိန်အတိုင်းအတာတစ်ခုအထိတော့ တက်သွားနိုင်တယ်။ အများကြီး အရင်လိုတော့ မကျတမ်း ဖြစ်ဖို့တော့ မရှိဘူး။ အဲဒီတော့ မလိုအပ်ရင်မဝယ်ပါနဲ့။ လိုအပ်တဲ့ဟာလောက်ပဲ ဝယ်ပါ။ အဲဒီလိုပဲ ပြည်သူတွေ တိုက်တွန်းချင်ပါတယ်။

## “ပထမကြေညာထားတဲ့အတိုင်းပဲ ဆောင်ရွက်ပေးသင့်တယ်လို့ မြင်ပါတယ်”

**ဦးကြည်သာဟန် (KL Seven မော်တော်ယာဉ်အရောင်းစင်တာ ပိုင်ရှင်)**


ဓာတ်ပုံ-UKTH Facebook

ပါမစ်ပိတ်လိုက်ပြီဆိုတာက Free permit ကို ၂၀၁၆ ခုနှစ်အတွက် လျှောက်ရမယ့် Free Permit တွေအကုန်လုံးကို ၂၀ ရက်နေ့ကနေ စပြီးတော့ လက်မခံတော့ဘူးလို့ ကြီးကြပ်ရေးကော်မတီ (မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ) က စာထုတ်ထားတာတော့ တွေ့တယ်။ ဒီလိုရက်ပိုင်းအတွင်းပဲ ပိတ်လိုက်တဲ့အတွက်ကြောင့် ပြည်သူတွေ ဒုက္ခရောက်ရတာပေါ့ဗျာ။ အခုဆိုလို့ရှိရင် ကျွန်တော်တို့ ကြေညာထားတဲ့အတိုင်းတော့ ဆောင်ရွက်ပေးနိုင်ရင်တော့ အကောင်းဆုံးဖြစ်မှာပေါ့။ တကယ်လို့ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာကို အသေးစိတ်ချပြရင်တော့ ပိုကောင်းတာပေါ့။ ဒီလိုကိစ္စတွေ ဖြစ်သွားရတာတော့ မှတ်ပုံတင်အတုတွေနဲ့ မှတ်ပုံတင်ငှားပြီး လုပ်စားတာကြောင့်လို့ ကျွန်တော်တို့လည်း သိရပါတယ်။ ဒါကတော့ မှန်ပါတယ်။ ဒါပေမဲ့ တကယ်တမ်း ကားသွင်းချင်တဲ့သူတွေကျတော့ ဒီနှစ်ထဲမှာသွင်းမှ သက်သာမှာလေ။ သူတို့တွေကျတော့ နယ်ကနေကိုယ်တိုင်လာပြီးတော့ အခုနေပြည်တော်လည်း ရောက်လည်းရောက်ရော ပိတ်သွားပြီဆိုတော့ သူတို့အတွက် အများကြီး ဒုက္ခရောက်တာပေါ့။ ပထမကြေညာထားတဲ့အတိုင်းပဲ ဆောင်ရွက်ပေးသင့်တယ်လို့ မြင်ပါတယ်။

ဈေးကွက်ကတော့ တစ်ရက်ထက်တစ်ရက် ဈေးတွေတက်နေတာပေါ့နော်။ လက်ရှိ Free Permit ကားတွေ ပိုဈေးတက်တာပေါ့။ တက်သွားတာကတော့ တစ်ရက်ကတော့ မှန်းလို့မရနိုင်ပါဘူး။ ဒီဇင်ဘာမတိုင်ခင်ကထက်တော့ တော်တော်လေးမြင့်သွားတယ်။ ဒီလိုမျိုးချက်ချင်းကြီး မူဝါဒပြောင်းလဲတယ်ဆိုတာ ကောင်းတဲ့ဘက်ကို ပြောင်းတယ်ဆိုတာကောင်းပါတယ်။ ပါမစ်ကို ဘယ်နေ့အထိ လျှောက်လို့ရတယ်ပြောပြီးတော့ ရုတ်တရက်ကြီးကြားထဲမှာ အဲဒီနေ့မတိုင်ခင်ပိတ်လိုက်တဲ့ဟာမျိုးကျတော့ ပြည်သူတွေအတွက် ဒုက္ခရောက်တဲ့အတွက် မလုပ်သင့်ပါဘူးလို့ မြင်ပါတယ်။ ဒီလိုမျိုးရုတ်တရက်ပိတ်လိုက်တာကြောင့် ဈေးကွက်ကတော့ကြီးကြီးမားမား ပြောင်းလဲသွားပါတယ်။ လက်ရှိဈေးကွက်အနေအထားအရ ၂၀၁၇ မှာ တင်သွင်းမယ့်ကားတွေက မော်ဒယ်လ်လည်းမြင့်သွားမယ်။ အခွန်တွေကလည်း ပိုဆောင်ရမယ်။ စလစ်တွေကလည်း ကပ်ရမှာဖြစ်တဲ့အတွက်ကြောင့် ဒီနှစ်မှာ တင်သွင်းခွင့်ရမယ့် Free permit တွေကို လိုက်ဝယ်ကြတယ်။ ဒီနှစ်မှာ တင်သွင်းခွင့်ရထားတဲ့ ၂၀၀၆၊ ၀၇ မော်ဒယ်လ်တွေ Wish တို့ Kluger တို့ Vanguard တို့ဈေးတွေ စလစ်ကားထဲမှာဆိုလည်း ဈေးတွေလှုပ်တာပေါ့နော်။ တကယ်တင်သွင်းမယ့်သူတွေကိုတော့ အကောင်းဆုံးထည့်သွင်း စဉ်းစားနိုင်ပါစေလို့ တာဝန်ရှိသူတွေကို ပြောချင်ပါတယ်။ ■

# သမ္မတရွေးချယ်ရေးအဖွဲ့၏မဲခွဲမှုတွင် ဒေါ်နယ်ထရမ့်အနိုင်ရရှိ၊ သမ္မတအဖြစ်အတည်ပြုနိုင်

**ဝါရှင်တန်၊ ဒီဇင်ဘာ ၂၀**

ဒေါ်နယ်ထရမ့်အား အိမ်ဖြူတော်သို့ မရောက်နိုင်အောင် နောက်ဆုံးအဆင့် ကြိုးပမ်းမှုများရှိခဲ့သော်လည်း အမေရိကန် သမ္မတရွေးချယ်ရေးအဖွဲ့က ၎င်းအားသမ္မတ အဖြစ် အတည်ပြုရွေးချယ်လိုက်ပြီဖြစ်သည် ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ရီပတ်ဘလစ်ကန် ထရမ့်သည် ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် သီတင်းခြောက်ပတ်အကြာတွင် အောင်ပွဲကို အတည်ပြုရန် လိုအပ်သော မဲ ၂၇၀ ကို ရရှိသွားပြီဖြစ်သည်။

အနိုင်ရသွားသော ထရမ့်က တိုင်းပြည်ကိုညီညွတ်စေရန်နှင့် အမေရိကန်အားလုံး၏ သမ္မတဖြစ်လာအောင် ကြိုးစားသွားမည်ဟု ကတိပေးပြောကြားသည်။

ရွေးချယ်ရေးအဖွဲ့ဝင်များသည် ထရမ့်ကို မထောက်ခံရန် တိုက်တွန်းသော အီးမေးလ်များနှင့် ဖုန်းများကို ပလူပျံအောင် လက်ခံရရှိခဲ့ကြသည်ဟု သိရှိရသည်။

အမေရိကန်ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် များသောအားဖြင့် ပုံစံတကျရှိသော်လည်း ယခုနှစ်တွင် ရုရှားဟက်ကာများက ကြားဖြတ်ဝင်ရောက်ရန် ကြိုးစားခဲ့သည်ဟူသော စွပ်စွဲချက်များကြောင့် လှုပ်လှုပ်ခတ်ခတ်ရှိခဲ့သည်။

ရွေးချယ်ရေးအဖွဲ့ဝင် ဒီမိုကရက် လေးဦးက မစ္စကလင်တန်ကို မဲပေးခဲ့ခြင်း မရှိဟု နယူးယောက်တိုင်းမ်က ရေးသားထားသည်။

ယခုရလဒ်ကို ဇန်နဝါရီလ ၆ ရက်တွင် ကွန်ဂရက်လွှတ်တော် အထူးပူးတွဲအစည်းအဝေး၌ တရားဝင်ကြေညာမည် ဖြစ်သည်။

ရလဒ်ထွက်ပေါ်လာပြီးနောက် ထရမ့်က "အမေရိကန်ပြည်ထောင်စုရဲ့နောက်တက်မယ့်သမ္မတအဖြစ် ကျုပ်ကို တစ်ခဲနက် မဲပေးခဲ့ကြတဲ့ အမေရိကန်ပြည်သူတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။



ဒေါ်နယ်ထရမ့်အတွက် အမေရိကန်သမ္မတဖြစ်ရန် အာမခံချက်ရသွားပြီဖြစ်လေသည်

ဒုတိယသမ္မတ မိုက်ပင့်စ်ကလည်း twitter တွင် ထရမ့်ကို ချီးကျူးဂုဏ်ပြုခဲ့သည်။

ထရမ့်ဆန့်ကျင်ရေးလှုပ်ရှားမှုသည် ရီပတ်ဘလစ်ကန် ရွေးချယ်ရေးအဖွဲ့ဝင်များအား ထရမ့်ကိုထောက်ခံခြင်းမပြုရန် တိုက်တွန်းစည်းရုံးရန် အထူးအားထုတ်ခဲ့ကြသည်။

အမေရိကန်ပြည်သူ သန်းပေါင်းများစွာက အွန်လိုင်းမှ မေတ္တာရပ်ခံသကဲ့သို့ နိုင်ငံတစ်ဝန်း ကက်ပီတော်အဆောက်အအုံများတွင် ထရမ့်ဆန့်ကျင်ရေး ဆန္ဒပြသူထောင်ပေါင်းများစွာ စုဝေးခဲ့ကြသည်။

အမှန်တကယ်တွင်မူ ထရမ့်ကို ဆန့်ကျင်သူများသည် အခွင့်အရေး များစွာမရှိပေ။ ထရမ့်ကို တားဆီးရန်အတွက် ရီပတ်ဘလစ်ကန် ရွေးချယ်ရေးအဖွဲ့ဝင် ၃၈ ဦးက မဲမပေးရန် လိုအပ်သည်။

သို့တိုင်အောင် နှောင့်နှေးရုံမျှသာရှိပြီး နောက်ဆုံးအနေနှင့် ကွန်ဂရက်တွင် မဲခွဲလျှင်လည်း ရီပတ်ဘလစ်ကန်များ လွှမ်းမိုးထားသော ကွန်ဂရက်က ထရမ့်ကိုသာ ရွေးချယ်ကြမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုထူထောင်ခဲ့သူများက သမ္မတရွေးချယ်ခွင့်ရှိသော ကွန်ဂရက်နှင့် ပြည်သူများအကြား အလျှော့အတင်းလုပ်ရန် သမ္မတရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နည်းစနစ်ပိုင်းအားဖြင့် အမေရိကန်ပြည်သူများက ရွေးကောက်ပွဲနေ့တွင် သမ္မတလောင်းများကိုမဟုတ်ဘဲ ရွေးချယ်ရေးအဖွဲ့ဝင်များကို မဲပေးကြရခြင်းဖြစ်သည်။

ထို့ကြောင့် ဟီလာရီကလင်တန်က လူထုမဲတွင် သုံးသန်းကျော် အသာရသော်လည်း ရွေးချယ်ရေးအဖွဲ့ဝင် အရေအတွက် ၃၀၆ ဦး ရရှိသောထရမ့်က အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ရွေးချယ်ရေးအဖွဲ့ဝင်များသည် များသောအားဖြင့် ရွေးကောက်ခံတာဝန်ရှိသူများ၊ ပါတီအမှုဆောင်များဖြစ်ကြပြီး ယေဘုယျအားဖြင့် လူထုကို အသိမပေးရပေ။ ရွေးချယ်ရေးအဖွဲ့ဝင် စုစုပေါင်း ၅၃၈ ဦးရှိပြီး သမ္မတလောင်းသည် အနိုင်ရရန် အတွက် အနည်းဆုံး အဖွဲ့ဝင်မဲ ၂၇၀ (တစ်ဝက် ထက် ၁ မဲပို) ရရှိရန်လိုအပ်သည်။

နိုဝင်ဘာလရွေးကောက်ပွဲတွင် ထရမ့်က ပြည်နယ် ၃၀ မှ ရွေးချယ်ရေးအဖွဲ့ဝင် ၃၀၆ ဦးကိုရရှိခဲ့ပြီး ထရမ့်ကို အတည်ပြုရန် ထိုရွေးချယ်ရေးအဖွဲ့ဝင်များက ထပ်မံမဲပေးခဲ့ကြခြင်းဖြစ်သည်။ ■ F-04

# ရွေးကောက်ပွဲကာလတွင်း ဟီလာရီကလင်တန်ကို မီဒီယာများ မျှတစွာရေးသားဖော်ပြမှုမရှိခဲ့ဟု အိုဘားမားပြောကြား

**ဝါရှင်တန်၊ ဒီဇင်ဘာ ၂၀**

၂၀၁၆ အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲကာလတွင် ဒီမိုကရက်တစ်ပါတီမှသမ္မတလောင်း ဟီလာရီကလင်တန်ကို မီဒီယာများက မျှတစွာရေးသားဖော်ပြခဲ့ခြင်းမရှိဟု သမ္မတဘားရက်အိုဘားမားက ထုတ်ဖော်ပြောဆိုလိုက်ကြောင်း Xinhua သတင်းဌာနက ရေးသားဖော်ပြသည်။

ရွေးကောက်ပွဲကာလ ရုရှားနိုင်ငံမှ ဟက်ကာများ၏ သတင်းအချက်အလက်ခိုးယူမှုများနှင့် အီးမေးလ်များဖောက်ထွင်းခံရမှုတို့ဖြစ်ပေါ်ခဲ့နေချိန်တွင် မီဒီယာများကလည်း ဟီလာရီကို ဘက်လိုက်မှု မရှိဘဲ မျှတစွာ ရေးသားမှုမပြုခဲ့ကြောင်း အိုဘားမားက ဆိုသည်။

"ဟီလာရီကလင်တန်ဟာ ရွေးကောက်ပွဲကာလမှာ ကောင်းစွာဆက်ဆံခံခဲ့ရတယ်လို့ ကျွန်တော်မထင်မိဘူး။ သူမနဲ့ပတ်သက်ပြီး မီဒီယာတွေရဲ့ရေးသားဖော်ပြချက်တွေကလည်း ပြဿနာရှိတယ်လို့ ထင်တယ်"ဟု မကြာမီ ရာထူးမှအနားယူရတော့မည်ဖြစ်သည့် အိုဘားမားက အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲတွင် သတင်းစာဆရာများကို အသိပေးပြောကြားသည်။

"လူတိုင်းလိုလိုက ဟီလာရီကလင်တန်ဟာ ဘာမှအကျိုးမဖြစ်နိုင်တဲ့သူတစ်ယောက်ပုံစံမျိုး ဖြစ်တယ်သဘောမျိုး အံ့သြတကြီးပြုမူပြခဲ့တာကို ကျွန်တော်နည်းနည်း သိချင်မိတယ်" ဟု အိုဘားမားက ရွေးကောက်ပွဲဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်မှုကို ထုတ်ဖော်ပြောဆိုသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲဟူသည် မည်မျှအတိုင်းအတာအထိ အရေးကြီးသည်ဟူသောအချက်ကို ထုတ်ဖော်ပြောဆိုစရာ မလိုဟု ထင်မြင်မိကြောင်း၊ အရေးကြီးကိစ္စရပ်များစွာမှာ လောင်းကြေးထပ်ရမည့်အနေအထားသို့ ရောက်ရှိနေချိန်တွင် ဟက်ကာများ၏ဖောက်ထွင်းမှုများက သမ္မတလောင်းများ၏ သရုပ်သဏ္ဌာန်ကို ပိုမိုကွဲပြားစေခဲ့ကြောင်း၊ အမေရိကန်နိုင်ငံရေးစနစ်ဟူသည် ယင်းသို့ လိုရာဆွဲ ခြယ်လှယ်၍ရလောက်အောင် အားနည်းချက်ရှိနေသလောဟု မေးစရာဖြစ်နေကြောင်း အိုဘားမားက ပြောကြားသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ အိုဘားမား ယခုလိုပြောဆိုသည့်အတိုင်း ဟီလာရီကလင်တန်ကိုယ်တိုင်လည်း မှတ်ချက်ပေးခဲ့ဖူးသည်။

ရုရှားသမ္မတပူတင်သည် မိမိအပေါ် ပုဂ္ဂိုလ်ရေးတိုက်ခိုက်သူဖြစ်သလို ရုရှားဟက်ကာများကလည်း အမေရိကန်ဒီမိုကရက်တစ်ပါတီ အမျိုးသားကော်မတီ၏ အီးမေးလ်စနစ်ကို တိုက်ခိုက်ကာ အချက်အလက်များ ဖောက်ယူသွားကြောင်း ဟီလာရီက ပြောကြားသည်။

"ဒါဟာ ကျွန်မကိုတိုက်ခိုက်တာတင်မဟုတ်ပါဘူး၊ ကျွန်မရဲ့မဲဆွယ်စည်းရုံးမှုတစ်ခုလုံးကိုပါတိုက်ခိုက်တာပါ။ နောက်ပြီးဒါဟာ ကျွန်မတို့တိုင်းပြည်တစ်ခုလုံးကို တိုက်ခိုက်တာပါ" ဟု ဟီလာရီက အလှူရှင်များအဖွဲ့နှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အမေရိကန်မီဒီယာများ၏ ဖော်ပြချက်အရ ရုရှားအစိုးရနှင့် ဆက်နွယ်မှုရှိသော ဟက်ကာများသည် ယမန်နှစ်ကတည်းက ဒီမိုကရက်တစ်ပါတီအမျိုးသားကော်မတီ၏ သတင်းအချက်အလက်များကို ဖောက်ထွင်းရယူရန် ကြိုးပမ်းခဲ့သည်ဟု ဖော်ပြကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်အထိ စုံစမ်းဖော်ထုတ်ပြီး ဇန်နဝါရီလ ၂၀ ရက်၊ သမ္မတရာထူးမှ တရားဝင်အနားယူမည့်နေ့မတိုင်မီ နိဂုံးချုပ်အစီရင်ခံတင်ပြရန် အိုဘားမားက အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများကို ညွှန်ကြားထားသည်။ ■ F-01

# ဘာလင်တွင် ခရစ္စမတ်ဈေးအား လော်ရီကားဝင်တိုက်မှုကြောင့် ၁၂ ဦး သေဆုံး

**ဘာလင်၊ ဒီဇင်ဘာ ၂၀**

ဂျာမနီနိုင်ငံ၏မြို့တော်ဖြစ်သော ဘာလင်မြို့လယ်ရှိ လူစည်ကားသော ခရစ္စမတ်ဈေးအား လော်ရီကားဝင်တိုက်မှုကြောင့် ၁၂ ဦးသေဆုံးပြီး ၄၈ ဦး ဒဏ်ရာရရှိသွားသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ယခုဖြစ်ရပ်တွင် တမင်ရည်ရွယ်တိုက်ခိုက်မှုဖြစ်ကြောင်း ညွှန်ပြနေသောအရာများစွာရှိသည်ဟု ဂျာမန်ပြည်ထဲရေးဝန်ကြီး သောမတ်စ်ဒီမေဇာရီက ပြောကြားသည်။

လော်ရီကားမောင်းသူကို ဖမ်းဆီးရမိထားပြီး ကားပေါ်တွင် လိုက်ပါလာသူမှာမူ ရရှိသောဒဏ်ရာများကြောင့် သေဆုံးသွားပြီဟု ရဲဌာနက twitter တွင်ပြောကြားသည်။

လူ ၅၀ ခန့်ကို ဆေးရုံတင်ထားရပြီး ၄ ဦးမှာ ဒဏ်ရာပြင်းထန်သည်။

Facebook ကလည်း ဘာလင်လူထုအတွက် အချင်းချင်း ဘေးကင်းကြောင်း အသိပေးနိုင်မည့် Safety Check စာမျက်နှာကို ပြုလုပ်ပေးထားသည်။

လော်ရီကားမောင်းသူသည် အာဖဂန်နစ္စတန် (သို့) ပါကစ္စတန်မှ ဂျာမနီသို့ ဖေဖော်ဝါရီလက ရောက်ရှိလာခဲ့သော ရွှေ့ပြောင်းနေထိုင်သူတစ်ဦးဖြစ်ပြီး ၎င်းအားအခင်းဖြစ်နေရာနှင့် တစ်မိုင်ခန့်အကွာရှိ ဘာလင်အောင်ပွဲရဗိမာန်အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းမှုပြုလုပ်နေသည်ဟု ရဲဌာန ပြောရေးဆိုခွင့်ရှိသူ ဝင်းဖရက်ဝန်ဇယ်က ပြောကြားသည်။

လော်ရီကားသည် ဘေးချင်းကပ် ပိုလန်နိုင်ငံတွင် မှတ်ပုံတင်ထားသော ကားဖြစ်ပြီး အနီးအနားရှိ ဆောက်လုပ်ရေးဆိုက်တစ်ခုမှ ခိုးလာခြင်းဖြစ်ဖွယ်ရှိသည်ဟု ရဲများကယုံကြည်ကြသည်။

ကားပေါ်တွင် လိုက်ပါပြီး သေဆုံးသွားသူမှာ ပိုလန်လူမျိုးဖြစ်သည်။ လော်ရီကားပိုင်ရှင် ပိုလန်လူမျိုး အေရီရယ်ဇူရောစကီးက တနင်္လာနေ့ညနေ ၄ နာရီနောက်ပိုင်းကတည်းက ယာဉ်မောင်းသူကို ဆက်သွယ်၍မရတော့ဟု ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီး ဒီမေဇာရီက အချက်အလက်များစွာက ညွှန်ပြနေသော်လည်း အသေးစိတ်စစ်ဆေးစရာများ ကျန်ရှိနေသောအချိန်တွင် မှန်းဆမှုကို အခြေခံ၍ တိုက်ခိုက်မှုဟူသော စကားလုံးကို မသုံးစွဲလိုကြောင်း ရှင်းလင်းပြောကြားသည်။

သံမဏိရက်မများ တင်ဆောင်လာသော လော်ရီကားသည် ညပိုင်း ၈း၁၄ နာရီ လူအစည်ကားဆုံးအချိန်တွင် ခရစ္စမတ်ဈေးအတွင်းသို့ ၅၀ - ၈၀ မီတာခန့် ဝင်ရောက်လာခဲ့ပြီး တိုးရစ်များ၊ ဒေသခံများ ပြည့်နေသော သစ်သားတဲများနှင့် စင်များကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

မျက်မြင်သက်သေ ဗြိတိသျှတိုးရစ် မိုက်ဖော့စ်ကမူ လော်ရီကားသည် တမင်ဝင်တိုက်ခြင်းဖြစ်ကြောင်းနှင့် ၎င်းကိုတိုက်မိရန် သုံးမီတာခန့်သာ လိုတော့ကြောင်း AFP သို့ ပြောကြားသည်။

သြစတြေးလျတိုးရစ် ထရစ်ရှာ အိုနီးလ်ကလည်း လော်ရီကားသည် ဈေးအတွင်းသို့ အရှိန်နှင့်ဝင်တိုက်ခဲ့ကြောင်း၊ မီးပျက်၍အမှောင်ကျသွားပြီး အရာရာပျက်စီးသွားကြောင်း၊ အားလုံး အံ့အားသင့်နေကြကြောင်း ABC သတင်းသို့ ပြောကြားသည်။

ဘာလင်ဖြစ်ရပ်ကို အကြမ်းဖက်တိုက်ခိုက်မှုဟု အမေရိကန်ပြည်ထောင်စုက သတ်မှတ်လိုက်ပြီး အကူအညီပေးမည်ဟု ကတိပြုထားသည်။ ■ F-04

# တူရကီဆိုင်ရာ ရုရှားသံအမတ် လုပ်ကြံခံရမှု

# နောက်ဆက်တွဲ ဖြစ်တန်စွမ်း ငါးပါး

**Special Feature by ZWN**

**ဒီ ဇင်ဘာလ ၁၉ ရက်နေ့ အန်ကာရာမြို့တော်တွင် ကျင်းပသော အနုပညာပြပွဲ၌ တူရကီနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အန်ဒရေကာလော့ဗ်ကို ရဲဝန်ထမ်း မက်ဗ်လုမာ့တ်အယ်လ်တီနက်စ်က ပစ်ခတ်လုပ်ကြံခဲ့သည်။**

သေနတ်သမားသည် သံအမတ်ကြီးကို မပစ်ခတ်မီ "အလက်ပိုအတွက် ခင်ဗျား ပေးဆပ်ရမယ်" ဟု အော်ဟစ်သွားခဲ့ကြောင်း သတင်းအချို့တွင်ဖော်ပြထားရာ ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ရှိ သူပုန်တပ်များကို ဝန်းရံတိုက်ခိုက်နေသည့် ဆီးရီးယားအစိုးရကို ကူညီပေးသော ရုရှားအပေါ် လက်တုံ့ပြန်မှုဟု ယူဆဖွယ်ရှိနေသည်။ အခြားတစ်ဖက်မှ ဆင်ခြင်ကြည့်လျှင်မူ ထိုသို့ထင်မြင်စေရန် အကွက်ဆင်ပုံဖော်ခြင်းလောဟု မေးခွန်းထုတ်စရာရှိနေသည်။

လက်ရှိအချိန်အထိ ရုရှားနှင့်တူရကီတို့ကတော့ လုပ်ကြံမှုမှာ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်မှုဟုသာ ထုတ်ပြန်ထားပြီး အမေရိကန်နိုင်ငံခြားရေးဌာနကလည်း နှစ်နိုင်ငံစလုံးကို အထောက်အပံ့များပေးအပ်ရန် အသင့်ရှိကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

ဘယ်လိုတုံ့ပြန်ကြမည်၊ ဘာဆက်မည်ဆိုသည်ကတော့ မရေရာသေး။ ယမန်နှစ်က အန်ကာရာနှင့် မော်စကိုအကြား ဆက်ဆံရေးတင်းမာလာခဲ့သလို ရာစုနှစ်ပေါင်းများစွာ သမိုင်းကြောင်းအရ အားပြိုင်မှုနှင့် အမုန်းတရားတို့ရှိနေပြီး ဆီးရီးယားပြည်တွင်းစစ် လူသတ်ပွဲကာလတွင် နှစ်ဖက်နိုင်ငံခြားရေးမူဝါဒများ ထိပ်တိုက်တိုးခဲ့ရာ အခြေအနေတင်းမာလာနိုင်သည့် အလားအလာများကို ထည့်သွင်းစဉ်းစားထားရန် လိုအပ်သည်။

**ဖြစ်တန်စွမ်း - ၁**

**ရုရှားဟက်ကာများက တူရကီကို ပစ်မှတ်ထားလာနိုင်သည်။**

ရုရှားသည် (အမေရိကန်ရွေးကောက်ပွဲကာလကဲ့သို့သော) အဆင်ပြေသည့် အချိန်ကိုက် ဆိုက်ဘာတိုက်ခိုက်မှုများဖြင့် အခြားနိုင်ငံများတွင် ပြည်တွင်းနိုင်ငံရေးပြဿနာများ ဖန်တီးခြင်းကို ခုံမင်သူဖြစ်သည်။

ယင်းသို့သော Hacking လုပ်မှုမျိုးကို တူရကီအစိုးရကိုယ်တိုင်လည်း မကြာသေးမီကပင် ကြုံခဲ့ရဖူးပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဝီကီလိခ်ဝက်ဘ်ဆိုက်က တူရကီစွမ်းအင်နှင့် သဘာဝရင်းမြစ်ရေးရာဝန်ကြီးလည်းဖြစ်၊ သမ္မတရီဆက်တာ ယစ်အာဒိုဂန်၏သမက်လည်းဖြစ်သော ဘီရတ်အယ်လ်ဘေရက်၏ အီးမေးလ် ၅၇,၀၀၀ ကျော်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ယခင်ကလည်း ဖောက်ထွင်းရရှိသော အီးမေးလ်းများထုတ်ပြန်မှုတွင် ရုရှားက ဝီကီလိခ်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ဖူးရာ ရုရှား၏ဆိုက်ဘာ အငှားလူမိုက်ဖြစ်လာသော Wikileak က တူရကီကို ပစ်မှတ်ထားလာနိုင်ပြီး သမ္မတ၏အဝန်းအဝိုင်းတွင်းမှလူများ၏ အတွင်းရေးများကို ပိုမိုဖွင့်ချလာနိုင်သည်။

**ဖြစ်တန်စွမ်း - ၂**

**ရုရှားနှင့် တူရကီအကြား ကျိုးပြတ်လွယ်သည့် ဆက်ဆံရေးပြိုလဲသွားပြီး တူရကီအပေါ် စီးပွားရေးအရ ဖိအားပေးမှုအသစ်များဆီသို့ ဦးတည်လာနိုင်သည်။**

၂၀၁၅ ခုနှစ် နိုဝင်ဘာတွင် တူရကီ F-16 တိုက်လေယာဉ်များက ဆီးရီးယားနယ်စပ်ရှိ ရုရှားဗုံးကြဲလေယာဉ်တစ်စင်းကို ပစ်ချခဲ့ချိန်တွင်




ယင်းသို့သော တုံ့ပြန်မှုမျိုးရှိခဲ့သည်။ ထိုစဉ်က ရုရှားသည် တူရကီကုန်စည်များကို အရေးယူပိတ်ဆို့ခဲ့ခြင်းကြောင့် တူရကီ၏ ရုရှားသို့ တင်ပို့မှု ဒေါ်လာ ၇၃၇ သန်းမျှ ကျဆင်းသွားခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်ဖွဲ့မှု၏ပြယုဂ်တစ်ခုဖြစ်သော Turkish Stream ဟုခေါ်သော သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးစီမံကိန်းကို ဆိုင်းငံ့ထားခဲ့သည်။ ၂၀၁၆ ဇွန်လတွင် တူရကီသမ္မတ အာဒိုဂန်က တောင်းပန်မှုမပြုမီအချိန်အထိ စီးပွားရေးဆက်ဆံမှု အခြေအနေဆိုးရွားနေခဲ့သည်။

**ဖြစ်တန်စွမ်း - ၃**

**လုပ်ကြံမှုကို အကြောင်းပြချက်အဖြစ် အသုံးချပြီး တူရကီတွင်ရော ရုရှားတွင်ပါ ဒီမိုကရေစီဘောင်ထဲမှ ဖိနှိပ်မှုများတိုးမြှင့်လာနိုင်သည်။**

ယခုနှစ် ဇူလိုင်လအတွင်း အာဏာသိမ်းရန်ကြိုးပမ်းမှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် အာဒိုဂန်သည် လူထောင်သောင်းချီ ဖမ်းဆီးခဲ့သည်။ ပူတင်သည် ချေချင်ညာတွင် အာဏာဖီဆန်မှုဟုမှတ်ယူသည့်ကိစ္စများကို အကြမ်းဖက်နှိမ်နင်းခြင်းဖြင့် နာမည်ရလာပြီး အာဏာရလာခဲ့သူဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ ယခုလုပ်ကြံမှုသည် ရုရှားရော တူရကီအရပ်ဘက်လူ့အဖွဲ့အစည်းအတွက် ကောင်းသည့်နိမိတ်လက္ခဏာတော့ မဟုတ်ပေ။

**ဖြစ်တန်စွမ်း - ၄**

**အလက်ပိုမှ အပစ်အခတ်ရပ်စဲရေးပျက်ပြားသွားနိုင်သည်။**

ရုရှားနှင့်တူရကီမှာ ဆီးရီးယားပြည်တွင်းစစ်၏တစ်ဖက်စီမှ ရပ်တည်သည့်နိုင်ငံများဖြစ်သလို သူပုန်များနှင့်အရပ်သားများ အလက်ပိုမှထွက်ခွာခွင့်ရရေး နောက်ဆုံးအကြိမ် ယာယီအပစ်အခတ်ရပ်စဲမှုမှာလည်း ၎င်းတို့နှစ်နိုင်ငံ ညှိနှိုင်းစီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ ယခုလုပ်ကြံမှုကြောင့် အပစ်အခတ်ရပ်စဲရေး ထပ်မံပျက်ပြားသွားနိုင်သလို ဆီးရီးယားနိုင်ငံတစ်ဝန်းတွင် တိုက်ပွဲများ ပြန်စလာနိုင်သည်။

ရုရှားတပ်များမှာ ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် ခြေကုပ်ယူထားရာ IS ထိန်းချုပ်ထားသော ဆီးရီးယား-တူရကီ နယ်စပ်မြို့များကို နယ်စပ်ဖြတ်ကျော်ဝင်တိုက်လေ့ရှိသည့် တူရကီတပ်များနှင့် မဝေးလှသည့်နေရာတွင် ရှိနေသည်။

**ဖြစ်တန်စွမ်း - ၅**

**ရုရှားက ကာ့ဒ်တို့ကို အသုံးချလာနိုင်သည်။**

တူရကီသည် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်ရာ ရုရှားသည်တူရကီနှင့် အလုံးစုံစစ်ပွဲမျိုးစတင်ရန် စဉ်းစားနိုင်ခြေ အလွန်နည်းပါးသည်။ တစ်နည်းဆိုရလျှင် လုပ်ကြံခံရသည့် သံအမတ်ကြီး ကာလော့ဗ်သည် ဒုတိယ ဖရန်စစ်ဖာဒီနန် ဖြစ်လာလိမ့်မည်မဟုတ်။ (ပထမကမ္ဘာစစ်သည် ဩစတြီးယားအိမ်ရှေ့မင်းသား ဖရန်စစ်ဖာဒီနန် လုပ်ကြံခံရခြင်းမှစခဲ့သည်)။ သို့သော်လည်း ရုရှားသည် မကျေမနပ်ဖြစ်နေကြသော တူရကီရှိ ကာ့ဒ်လူမျိုးများနှင့် သမိုင်းအစဉ်အလာအရ အဆက်အစပ်ရှိမှုကို အသုံးချလာနိုင်သည်။

ကာ့ဒ်စစ်သွေးကြွများကို ထောက်ပံ့ပေးခြင်း၊ ကာ့ဒ် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားစေရန် အားပေးလှုံ့ဆော်ပေးခြင်းများ ပြုလုပ်လာနိုင်သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့က တူရကီနိုင်ငံအလယ်ပိုင်းတွင် ကားဗုံးခွဲမှုဖြစ်ပွားခဲ့ရာ စစ်သား ၁၃ ဦး သေဆုံးပြီး ၅၅ ဦး ဒဏ်ရာရခဲ့သည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့ကလည်း အစ္စတန်ဘူလ်တွင် ဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ လူ ၃၉ ဦး သေဆုံးပြီး ၁၅၄ ဦး ဒဏ်ရာရခဲ့သည်။ ယင်းတိုက်ခိုက်မှုများမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း ကာ့ဒ်စစ်သွေးကြွအုပ်စုတစ်ခုက ထုတ်ပြန်ထားသည်။

**Ref:Foreign Policy**

## သိမ်းယူထားသည့် အမေရိကန်မောင်းသူမဲ့ ရေငုပ်သဘော်ာ တရုတ်ရေတပ် ပြန်လည်လွှဲပြောင်း

**ဘေဂျင်း၊ ဒီဇင်ဘာ ၂၀**

တောင်တရုတ်ပင်လယ်တွင်းရှိအငြင်းပွား ရေပြင်တွင်သိမ်းယူထားသည့် အမေရိကန်မောင်းသူမဲ့ ရေငုပ်သဘော်ာကို တရုတ်ရေတပ်က ပြန်လည်လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ ဆူးဘစ်ပင်လယ်အော် အနောက်မြောက်ဘက် ၉၂ ကီလိုမီတာအကွာခန့်တွင် မောင်းသူမဲ့ ရေငုပ်သဘော်ာငယ်ကို လွှဲပြောင်းပေးအပ်ခဲ့သည်ဟု တရုတ်အရာရှိများက ပြောကြားသည်။

နိုင်ငံများကြား ဆယ်စုနှစ်ပေါင်းများစွာ ပိုင်ဆိုင်မှုအငြင်းပွားနေသည့် အပြည်ပြည်ဆိုင်ရာရေပြင်တွင် မောင်းသူမဲ့ ရေငုပ်သဘော်ာကို တရုတ်က သိမ်းယူခဲ့ခြင်းဖြစ်ပြီး တောင်တရုတ်ပင်လယ်တွင်းရှိ ရေပြင်တွင် နိုင်ငံတကာဥပဒေ ခွင့်ပြုသရွေ့ ဆက်လက် ခုတ်မောင်းသွားလာနေဦးမည်ဟု အမေရိကန်ကထုတ်ပြန်ထားသည်။

"တရုတ်နှင့်အမေရိကန်အကြား ရင်းနှီးစွာ တိုင်ပင်ပြောကြားလိုက်ပြီးနောက် လွှဲပြောင်းမှု နေ့လယ်ပိုင်းမှာ ချောမွေ့စွာ ပြီးဆုံးသွားသည်" ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လူပါဝင်ခြင်းမရှိသည့် ရေအောက်ယာဉ် ( UUV ) ဟု ခေါ်ဆိုသည့် မောင်းသူမဲ့ ယာဉ်ငယ်သိပ္ပံဆိုင်ရာ သုတေသနများ လုပ်ဆောင်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ပင်လယ်ပြင်တွင် ရေတပ်များ ကျင့်သုံးရေး၊ ကျင့်ဝတ်များနှင့် မညီကြောင်း ပင်တာဂွန်စစ်ဌာနချုပ်က ထောက်ပြထားသည်။

တောင်တရုတ်ပင်လယ် တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်သည်ဟု တရုတ်က တောင်းဆိုထားပြီး အမေရိကန်မောင်းသူမဲ့ ရေငုပ်သဘော်ာကို ကြာသပတေးနေ့တွင် ဆူဘစ်ပင်လယ်အော် အနောက်မြောက်ဘက် ၉၂ ကီလိုမီတာအကွာတွင် တရုတ်ရေတပ်က သိမ်းယူလိုက်ခြင်းဖြစ်သည်။

သွားလာခုတ်မောင်းနေသည့် ရေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မောင်းသူမဲ့ရေငုပ်သဘော်ာကို သိမ်းယူစစ်ဆေးခြင်းဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးက ထုတ်ပြန်ထားသည်။

လက်ရှိဖြစ်စဉ်သည် ဖိလစ်ပိုင် သီးသန့်စီးပွားရေးဇုန်တွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တွက်ချက်မှုလွဲမှားမှုများကြောင့် ဖိလစ်ပိုင်ကုန်းမကြီးအနီးတွင် ထိပ်တိုက်ရင်ဆိုင်မှုများ ပေါ်ပေါက်လာနိုင်ခြေ တိုးပွားလာသည်ဟု ဖိလစ်ပိုင်က သတိပေးထားသည်။

ထို့ပြင် အဆိုပါဖြစ်ရပ်ကြောင့် တောင်တရုတ်ပင်လယ်တွင်း တရုတ်စစ်အင်အား တည်ဆောက်မှုကို အမေရိကန် စိုးရိမ်မှုတိုးပွားလာနိုင်သည်ဟု လေ့လာသုံးသပ်သူများက မှတ်ချက်ပြုထားသည်။ ■F-05

# ရောဝတီတိုင်း ဘတ်ဂျက်လွှတ်တော်ကိုယ်စားလှယ်များ ဝေဖန်

**ပုသိမ်၊ ဒီဇင်ဘာ ၂၀**

ရောဝတီတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)သို့ တင်ပြခဲ့သော တိုင်းအစိုးရ အဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ ပြည်သူ့အကျိုးပြု လုပ်ငန်းများထက် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းအကြီးအကဲများ၏အသုံးအဆောင် များ ဖြည့်တင်းရေးကိုသာ ရေးဆွဲထားကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် များက လွှတ်တော်အစည်းအဝေးတွင် ဝေဖန် ထောက်ပြကြသည်။

ချောင်း၊ မြောင်းကောမှုများ မဆယ် ပေးခြင်းကြောင့် စိုက်ပျိုးရေ မရသော တောင်သူများ၏ အခက်အခဲ၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေး နဲ့ ပညာရေးတို့တွင် ပြည်သူများ နောက်ကျ နေရခြင်း၊ အမိုးအကာမလုံသော ဝန်ထမ်း အိမ်ရာတွင် နေထိုင်ရသော ဝန်ထမ်းများ ၏ အခက်အခဲ၊ ဝန်ထမ်းအိမ်ရာ မရှိသဖြင့် အခြားတွင် ငှားရမ်းနေထိုင်ရသော ဝန်ထမ်း များ၏ အခက်အခဲများအတွက် ဘတ်ဂျက် ကိုဦးစားပေးရေးဆွဲစေလိုကြောင်း ဝါးခယ်မ မြို့နယ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါ်မြင့်မြင့်စန်းက ဝေဖန် ထောက်ပြသည်။

"ဘတ်ဂျက်တစ်ခုကို ကြည့်ခြင်း အားဖြင့် ပြည်သူ့အစိုးရဟုတ်၊ မဟုတ် ဆိုတာ သိသာနိုင်ပါတယ်၊ ပြည်သူတွေ အတွက်ရှေးရှုတဲ့ ဘတ်ဂျက်ကို ရေးဆွဲသင့် တယ်"ဟု ၎င်းက ပြောဆိုသည်။

၂၀၁၇-၂၀၁၈ ရောဝတီတိုင်းအစိုးရ ရဲ့ဘတ်ဂျက်တွင် ဌာနဆိုင်ရာအရာရှိများ ၏ အသုံးအဆောင် ပရိဘောဂတွေကိုသာ ဖြည့်တင်းရန် ရေးဆွဲထားမှုများပြီး ပြည်သူ များနှင့် တိုက်ရိုက် သက်ဆိုင်သော အကျိုးပြု လုပ်ငန်း အနည်းငယ်သာ ပါဝင်ကြောင်း၊ မကြာမီ နွေရာသီ ရောက်လာပါက သောက် သုံးရေ အခက်အခဲ ကြုံတွေ့နိုင်သော ဒေသ များအတွက် ဆောင်ရွက်မည့် အစီအစဉ် အသုံးစရိတ်ကို ရေးဆွဲခြင်း မရှိဘဲ ဌာန ဆိုင်ရာများ၏ အသုံးအဆောင်များ ဖြည့်တင်း ရေးကို ရေးဆွဲခြင်းမှာ ပြည်သူကို လျစ်လျူ ရှုနေသကဲ့သို့ ဖြစ်ကြောင်း မြောင်းမြမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မှ တိုင်းဒေ သကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး က ပြောပြသည်။

"တိုင်းအစိုးရအဖွဲ့ အတွင်းရေးမှူး (တိုင်းထွေ/အုပ်ဦးစီးမှူး)နေအိမ်မျက်နှာ ကြက်ပြုပြင်ဖို့ဆိုပြီး ကျပ်သိန်း ၃၃၀ တောင်းခံ ထားတယ်၊ ဒါဟာ တိုက်အိမ်တစ်လုံး၊ ဝန်ထမ်း အိမ်ရာတစ်ခု ဆောက်နိုင်တဲ့ ပမာဏဖြစ် ပါတယ်၊ ဌာနဆိုင်ရာ တွေက ဒီလိုတွေတောင်း နေတာဟာ ကျွန်မတို့အတွက် အခက်အခဲ ဖြစ်နေပါတယ်"ဟု ၎င်းက ထောက်ပြသည်။

အရေးပေါ်အစည်းအဝေးကို ဒီဇင်ဘာ လ ၁၂ရက်နေ့တွင် ခေါ်ယူခဲ့ပြီး တိုင်းအစိုးရ က တင်ပြလာသော ၂၀၁၇-၂၀၁၈ ဘတ်ဂျက် လျာထားမှုကိုကော်မတီကိုစိစစ်ရန်လွှဲအပ်ကာ ဒီဇင်ဘာလ ၁၉ရက်နေ့တွင် ပြန်တင် ရမည် ဖြစ်ကြောင်း၊ ကော်မတီအနေနှင့် စစ်ဆေး ရန် အချိန်မရသဖြင့် သက်ဆိုင်ရာ ဌာနများ ကို ခေါ်ယူကာ ရှင်းလင်းခိုင်းရကြောင်း၊ သုံးငွေစာရင်းတွင် ပြောင်းရ ပြင်ရ လျှော့ချ ရခြင်းများလည်းရှိကြောင်း တိုင်းဒေသကြီး လွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ကုန်သွယ်လုပ် ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သူထွေး က ပြောကြားသည်။

"တချို့ဌာနဆိုင်ရာတွေက လွှတ် တော်ကိုယ်စားလှယ်တွေနဲ့ပူးပေါင်းဆောင် ရွက်ထားတော့ သိပ်မရှင်းရဘူး၊ တချို့ဌာန တွေက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မပူးပေါင်းဘဲ ရေးဆွဲထားတော့ လွှတ်တော် ကိုယ်စားလှယ်တွေလည်း မသိ၊ တကယ် လုပ်ရမည့် လုပ်ငန်းက မပါတာတွေ ဖြစ် တယ်၊ လျှော့ချတဲ့အခါမှာ အစိုးရအသုံး စရိတ်ထဲက ကျပ် ၁၇၇ ဒသမ ၉၉၆သန်း ကို လျှော့ချပြီးတော့ သောက်ရေတွင်း ၁၈ တွင်း၊ သောက်ရေကန် ၁၈ ကန်နဲ့ Pump House ၁၈ခုတို့ကို ဆောင်ရွက် ပေးဖို့ ပြောင်းလဲလိုက်ရတာတွေရှိတယ်" ဟု ၎င်းက ရှင်းပြသည်။

၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ရသုံးမှန်း ခြေငွေစာရင်းတွင် ဦးစီးဌာန အဖွဲ့အစည်း ၂၄ ခု၏ ရငွေ/သုံးငွေများကို ထည့်သွင်း ရေးဆွဲထားကြောင်း၊ ခန့်မှန်းရငွေတွင် ကျပ်သန်း ၂၂,၁၈၀ ဒသမ ၉၉၁ဖြစ်ပြီး အသုံးစရိတ်မှာ(သာမန်+ငွေလုံးငွေရင်း) ကျပ်သန်း ၁၃၉,၇၇၇ ဒသမ ၉၇၆ ဖြစ်ကာ လိုငွေမှာ ကျပ်သန်း ၁၁၇,၅၉၆ ဒသမ ၉၈၅ ရှိကြောင်း၊ လိုငွေကို ပြည်ထောင်စုမှ ဖြည့်တင်းပေးပြီး တိုင်းအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘတ်ဂျက် တင်ပြလာမှုအပေါ် ပြည်သူ့ငွေစာရင်းကော်မတီမှ လေ့လာတွေ့ ရှိချက်(၁၁)ချက်၊အကြံပြုချက်(၈) ချက် ဖြင့် အစီရင်ခံစာ ပြန်လည်တင်ပြလာမှု အပေါ် လွှတ်တော်ကိုယ်စားလှယ် ၄ ဦး ဆွေးနွေးပြီးနောက် တိုင်းလွှတ်တော်က ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အတည်ပြု ခဲ့သည်။ ■ **R-11**



ဓာတ်ပုံ – ဓေယျာကို

# တောင်ငူဒေသထွက် ပန်းမုန်လာ ဈေးကောင်းရ

**တောင်ငူ၊ ဒီဇင်ဘာ ၂၀**

တောင်ငူမြို့ ကုန်စိမ်းဈေးကွက်သို့ ဒီဇင်ဘာ ပထမအပတ်မှ စတင်ဝင်ရောက် လာသောဒေသထွက် ပန်းမုန်လာမှာ ယခုနှစ်တွင် ဈေးကောင်း ရရှိကြောင်း စိုက်ပျိုးသူ တောင်သူများထံမှ သိရသည်။

ယခင်နှစ်က ပန်းမုန်လာအပွင့် ၁၀၀ ပါ ခြင်းတစ်ခြင်းလျှင် ကျပ်တစ် သောင်းခွဲသာ ဈေးရရှိသော်လည်း ယခုနှစ် ရာသီအစတွင် ကျပ်နှစ်သောင်းခန့် ပေါက် ဈေး ရရှိကြောင်း၊ တောင်ငူဒေသထွက် ပန်းမုန်လာများကို ဒေသတွင်းသာမက နေပြည်တော်၊ ပဲခူး၊ ရန်ကုန်တို့ကိုလည်း တင်ပို့ကြောင်း တောင်ငူမြို့ခံ ကုန်စိမ်းပွဲရုံ ပိုင်ရှင်ကြီးတစ်ဦးက ပြောကြားသည်။

"ပန်းမုန်လာ ဈေးကောင်းပေမယ့် ဆေးဖိုးနဲ့ လုပ်အားခစရိတ်မြင့်တော့ရရ စားစားပါပဲဗျာ၊ ဈေးကောင်းတယ်ဆိုပေမယ့် ကုန်စိမ်းဒိုင်က ပေးတဲ့ ဈေးကပေါက်ဈေး လို့ပြောနေတဲ့ ဈေးမဟုတ်ဘူး၊ ပေါက်ဈေး က ၂၀၀ ဆိုပေမယ့် တောင်သူကို တစ်ပွင့် ၁၅၀လောက်ပဲ ပေးကြတာ" ဟု အုတ်တွင်း မြို့ ခပေါင်းချောင်းဘေးရှိ ကိုင်းစိုက် တောင်သူ တစ်ဦးက ပြောကြားသည်။

ယခုရက်ပိုင်းတွင် ကုန်စိမ်းဒိုင်များ က ပန်းမုန်လာ တစ်ပွင့်လျှင် အရွယ်အစား အလိုက် ကျပ် ၁၅၀ မှ ကျပ် ၂၂၀ ခန့်အထိ ပေးကာ ဝယ်ယူပြီး လက်လီ ရောင်းချနေ သူများအနေနှင့် အပွင့်ကြီး တစ်ပွင့်လျှင် ကျပ် ၃၀၀မှ ၃၅၀ အထိ ရောင်းချပြီး အပွင့်မလှသော ပန်းမုန်လာ တစ်ပွင့်လျှင် ၂၀၀ အောက်သို့ ရောင်းချနေကြောင်း တောင်ငူမြို့ထီးနီကုန်းဈေးတွင် ကုန်စိမ်း ရောင်းချသူ တစ်ဦးက ပြောကြားသည်။

တောင်ငူမြို့အမှတ် ၁၉ ရပ်ကွက် ညောင်ပင်လေးဈေးကုန်စိမ်းပွဲရုံများသို့ ထန်းတပင်၊ အုတ်တွင်း၊ တပ်ကုန်း၊ ဘိုင်းဒါး မြို့နယ်များမှပန်းမုန်လာပွင့်ရေ တစ်သိန်းနီးပါး ခန့်မှာ နေ့စဉ်ဝင်ရောက်ကြောင်း တောင်ငူ ကုန်စိမ်းဈေးကွက်ထံမှ သိရသည်။■ **R-15**

## NEWS IN BRIEF

### ကလေးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ထားမည်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ် ကို ၂၀၁၇ ခုနှစ်ဇန်နဝါရီလတွင် ထားရှိမည်ဖြစ်ကြောင်း ဧမျိုးဆက် ငြိမ်းချမ်းရေး နှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ကလေးမြို့မှ အဖွဲ့ဝင်ဦးသောင်းနိုင်သူကပြောကြားသည်။

ဗိုလ်ချုပ်ကြေးရုပ်ကို ကျပ်သိန်း ၂၀၀ ဖြင့်သွန်းလုပ်ခဲ့ပြီး ကြေးရုပ်ထားရှိ ရန် မြေနေရာပြုပြင်မှုကို ဒီဇင်ဘာ ၁၉ ရက် နေ့တွင် စတင်ဆောင်ရွက်နေကြောင်း ၎င်းက ပြောဆိုသည်။

ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဘောလုံးပြိုင်ပွဲ မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း၊ အခြားသော အားကစားများ ထည့်သွင်းလိုပါက ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေး ကော်မတီ(ယာယီ)နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ၎င်းထံမှ သိရသည်။

"ဗိုလ်ချုပ်ကြေးရုပ် ထားရှိမယ့် နေရာက စွန့်လွှတ်မြေပေါ်မှာဖြစ်နေတယ်၊ မူလပိုင်ရှင်တွေဆီကနေ ဒါကြောင့် မူလပိုင်ရှင်တွေဆီကနေ တရားဝင် ခွင့်ပြုချက် ရပြီးမှ ထားမယ်ဆိုရင် ပိုကောင်းတယ်" ဟု ကလေးမြို့ဒေသခံ ဦးကြည်ရအောင် က ပြောဆိုသည်။ ■

### တာချီလိတ်တွင် မော်တော်ယာဉ် သစ်ပင်ဝင်တိုက်ရာမှ ထိုင်းနိုင်ငံသား တစ်ဦးသေ

ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့ဟွေခိုက်ရွာ ဘုန်းတော်ကြီး ကျောင်းရှေ့တွင် ဒီဇင်ဘာ၁၉ရက် နံနက် ၂နာရီခွဲခန့်က Vigo ခဲရောင် မော်တော် ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိရာမှ ထိုင်း နိုင်ငံသားတစ်ဦး သေဆုံးခဲ့ကြောင်း တာချီ လိတ်မြို့ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ် ဖွဲ့စုမှူးရုံးထံမှ သိရသည်။

အသက် ၃၈ နှစ်အရွယ် ထိုင်းနိုင်ငံသားဇနီးမောင်နှံနှစ်ဦး စီးနင်းလာသော Vigo ခဲရောင်ယာဉ်မှာ တာချီလိတ်မြို့မှ မယ်ယန်းရွာသို့မောင်းနှင်လာစဉ်လမ်းခု လတ်တွင် အရှိန်လွန်ကာ လမ်းညာဘက်ဘေးရှိ သစ်ပင်ကို ဝင်ရောက်တိုက်မိ ခဲ့ကြောင်း၊ ယာဉ်မောင်းနှင်သူ Mr.LTTHINET သေဆုံးခဲ့ပြီး ၎င်း၏ဇနီး Mis. APHON PADEE မှာ ဒဏ်ရာများရရှိခဲ့သဖြင့် တာချီလိတ် ပြည်သူ့ဆေးရုံ တွင် ဆေးကုသနေကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသော ယာဉ် မောင်းသူကို ရာဇသတ် ကြီးပုဒ်မ-၃၃၈/၃၀၄(က)ဖြင့် အမှုဖွင့် ထားကြောင်း ကျိုင်းတုံမြို့ ပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် စိုင်းဖြိုးသီဟထွန်းက ပြောကြားသည်။ ■ **R - 16**

# မိတ္ထီလာတွင် တရားသောစစ် ထောက်ခံပွဲ လူတစ်ထောင်ကျော်ဖြင့် ကျင်းပမည်

**မိတ္ထီလာ၊ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် လာမည့်ဒီဇင်ဘာလ ၂၂ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် တပ်မတော်၏ တရားသောစစ် အောင်မြင်စေကြောင်း ထောက်ခံခြင်းအထိမ်းအမှတ် မြို့တွင်း စီတန်းလှည့်လည်ခြင်းနှင့် ဟောပြောပွဲ တစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ ပွဲဖြစ်မြောက်ရေးဦးဆောင်သူ ဦးဝင်းဇော်က ပြောကြားသည်။

"ခွင့်ပြုမိန့်က မနေ့က ဒီဇင်ဘာလ ၁၉ ရက် ညနေကရတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါထောက်ခံပွဲကို မြင်းခြံလမ်းနှင့် စည်းခုံကြီးကန်ပတ်လမ်းထိပ်ရှိ မဂ္ဂင်လမ်း နန်းတော်ရှေ့တွင် စုရပ်အဖြစ်ထားမည် ဖြစ်ပြီး မြင်းခြံလမ်းတစ်လျှောက် နာရီစင်၊ ယင်းမှတစ်ဆင့် ရုပ်ရှင်ရုံလမ်း၊ မီးသတ်ရေစင်မှ တော်ဝင်နန်းလမ်းဆုံအတိုင်း ရန်ကုန် မန္တလေးလမ်းပေါ်တက်၍ နာရီစင်သို့ မြို့တစ်ပတ်ပတ်ကြမည်ဖြစ်ကြောင်း အဆိုပါပွဲစီစဉ်သူများထံမှ သိရသည်။

မူလစုရပ်တွင် နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးတပ်မတော်သားများနှင့် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ သတ်ဖြတ်ခြင်းခံရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တိုင်းရင်းသားပြည်သူများကိုအလေးပြုကာ နှစ်မိနစ်ခန့်ငြိမ်သက်ပြီးမှ ဟောပြောပွဲပြုလုပ်မည်ဖြစ်ကြောင်း၊ ယင်းနောက် ကြွေးကြော်သံငါးရပ်ဖြင့် အလံများ၊ ဆိုင်းဘုတ်များကိုကိုင်ဆောင် လှည့်လည်မည်ဖြစ်ကြောင်း ဦးဝင်းဇော်က ရှင်းပြသည်။

"ဒေါ်ခင်ဝိုင်းကြည်လည်းလာမယ်။ ဘူးလက် ဦးလှဆွေလည်းလာမယ်။ ဩဝါဒသည်တော်အဖြစ်တက်မှာ နှုတ်ခွန်းဆက်စကားတွေလည်း ပြောကြလိမ့်မယ်။ ဟောတာတော့ မဟောတော့ဘူး။ ရန်ကုန်-မန္တလေးကအဖွဲ့တွေ အများကြီးလာမယ်" ဟု ၎င်းက ဆိုသည်။

တပ်မတော်သည် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်သည်ကို လူအများသိရှိရန် တပ်မတော်၏အမျိုးသားရပ်တည်ချက်ကိုထောက်ခံရန် တပ်မတော်သားတို့၏ အသက်စွန့်တာဝန်ထမ်းဆောင်နေမှုအပေါ်အသိအမှတ်ပြုရန်နှင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးကဏ္ဍတွင် ပါဝင်နေမှုကို ထောက်ခံရန်အစရှိသည့် ရည်ရွယ်ချက် ၇ ရပ်ဖြင့်အဆိုပါပွဲကိုကျင်းပခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ စုံစမ်းသိရှိရသည်။

အလားတူ ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၈ရက် နေ့ကလည်း ရန်ကုန်မြို့တော်တွင် တပ်မတော်၏ တရားသောစစ် အောင်မြင်စေကြောင်း ထောက်ခံ ဟောပြောပွဲကျင်းပခဲ့ပြီး လူရာချီ၍တက်ရောက်ခဲ့ကြသည်။

■ R-01

The VOICE CARTOON





ဓာတ်ပုံ – ရန်နိုင်

ကွမ်းလက်ကားအရောင်းဆိုင်ကို တွေ့ရစဉ်

# ကျိုင်းတုံ၌ ကွမ်းဈေးနှစ်ဆနီးပါးမြင့်တက်

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဒီဇင်ဘာလ တတိယပတ်တွင် ကွမ်းဈေးနှစ်ဆနီးပါး မြင့်တက်နေကြောင်း ယင်းမြို့ရှိ ကွမ်းနှင့် ကွမ်းပစ္စည်း အရောင်းဆိုင်များနှင့် ကွမ်းယာ ရောင်းချသူများထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသော ကွမ်းရွက်များကို မှာယူရောင်းချနေသော ကျိုင်းတုံမြို့တွင် ကွမ်းအဝင်နည်းပါးခဲ့သဖြင့် နိုဝင်ဘာလကုန်ပိုင်းမှ စတင်ကာ တစ်ပိဿာလျှင် သုံးထောင်ကျပ်မှ တဖြည်းဖြည်း မြင့်တက်လာရာမှ လက်ရှိတွင် တစ်ပိဿာလျှင် ကျပ် ရှစ်ထောင်အထိ မြင့်တက်လာသည်။

"မန္တလေးဘက်မှာ ရာသီမဟုတ် မိုးရွာခဲ့လို့ကွမ်းခြံတွေပျက်ပြီး အထွက်နည်းလို့ ကွမ်းမဝင်တော့တာကြောင့် ဈေးတက်ကုန်တာ၊ အခုဆို ကွမ်းနုဝါက လုံးဝကို မဝင်တော့ဘဲ ရန်ကုန်ကွမ်းလို့ခေါ်တဲ့ နည်းနည်းညံ့တဲ့ ကွမ်းတွေပဲ ဝင်တော့တာဒါတောင် မှာသလောက် မရတော့ဘူး" ဟု မိဘမေတ္တာကွမ်းနှင့် ကွမ်းပစ္စည်းလက်ကားအရောင်းဆိုင်ရှင် ဦးကျော်ဇင်အောင်က ပြောကြားသည်။

ကျိုင်းတုံမြို့အပါအဝင် ပြည်နယ်အတွင်းရှိမြို့နယ်များတွင် ကွမ်း စိုက်ပျိုးဖြစ်ထွန်းမှု မရှိကြောင်း၊ ရာသီအလိုက် ကွမ်းဈေးအတက်အကျရှိရာ မိုးရာသီမှလွဲကာနွေရာသီနှင့် ဆောင်းရာသီ၌ ကွမ်းဈေးများ တက်တတ်ပြီး တစ်ပိဿာလျှင် ကျပ်တစ်သောင်းကျော်အထိ မြင့်တက်ဖူးကြောင်း ကွမ်းလက်ကား အရောင်းဆိုင်များထံမှ သိရသည်။

■ R-16

# ကျောက်ပန်းတောင်းတွင် မြို့နယ်တရားသူကြီး၏ဆုံးဖြတ်မှုကို ကန့်ကွက်ကြောင်း တစ်ကိုယ်တော်ဆန္ဒပြ

**ကျောက်ပန်းတောင်း၊ ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်တရားသူကြီး၏ ဆုံးဖြတ်လုပ်ဆောင်မှုကို ရှုတ်ချကန့်ကွက်သည်ဟုဆိုကာ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက် ၁၀နာရီခန့်က မြို့ခံ ဦးမင်းဇော်ဦးက တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ယင်းမြို့ မြို့မရဲစခန်းထံမှ သိရသည်။

ယင်းသို့ဆန္ဒထုတ်ဖော်ရခြင်းမှာ ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အိမ်ဝိုင်းမြေကွက်အမှတ် အ/၇၇ ကို ပိုင်ဆိုင်ကြောင်း အငြင်းပွားမှုအတွက် မြို့နယ်တရားသူကြီးဦးတင်ဝင်း၏ လုပ်ဆောင်ချက်အပေါ် လက်ခံကျေနပ်နိုင်ခြင်းမရှိသည်ကို ပြသသည့်အနေနှင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်သူ ဦးမင်းဇော်ဦးက ပြောဆိုသည်။

"အခုပြဿနာက မြေကွက်က တစ်ခုတည်း ပုံစံ ၁၀၅ က နှစ်ခုဖြစ်နေတယ်။ ဒီကစလာတာ" ဟု ၎င်းက ဆိုသည်။

အဆိုပါမြေကွက်ကို ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၂၂ရက်နေ့က ကျောက်ပန်းတောင်းမြို့ တောင်မြို့ရပ်ကွက်နေ ဦးသံလုံးဆီမှ ဝယ်ယူခဲ့ပြီး ယင်းအချိန်က ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်လည်းသိရှိထားကြောင်း ဦးမင်းဇော်ဦးက မီဒီယာများကိုရှင်းပြသည်။

အဆိုပါ အ/၇၇မြေကွက်ကို အမျိုးသမီးတစ်ဦးက ဦးခင်မောင်ထွန်းထံမှဝယ်ခဲ့ရသည်ဟုဆိုကာ ကိုမင်းဇော်ဦး၏ဖခင် ဦးအောင်ပျော့ကို အိမ်၊ ခြံ၊ မြေ လက်ရောက်ရယူလိုမှုဖြင့် ကျောက်ပန်းတောင်း မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။

တရားစွဲဆိုခံရသူဦးအောင်ပျော့က ယင်းမြေကွက်မှာ ၎င်းပိုင်ဆိုင်ခြင်းမရှိဘဲ သားဖြစ်သူ ဦးမင်းဇော်ဦးသာ ပိုင်ဆိုင်ကြောင်း ထွက်ဆိုထားကြောင်း ဦးမင်းဇော်ဦးက ဆိုသည်။

ကိုမင်းဇော်ဦး၏လက်ဝယ်ရှိသည့် မြေစာရင်းပုံစံ ၁၀၅သည် ဦးသံလုံးအမည်ဖြင့် ၁၉၉၇ ခုနှစ်က မြေစာရင်းဝန်ထမ်း ဦးငါးမောင်က ထုတ်ပေးထားခြင်းဖြစ်ပြီး၊ အခြားတစ်ဖက်မှ တရားစွဲဆိုထားသူ အမျိုးသမီး၏ လက်ဝယ်ရှိသည့် မြေစာရင်းပုံစံ ၁၀၅ မှာ ၂၀၁၅ ခုနှစ်မှသာ မြို့နယ်မြေစာရင်းရုံးမှ ဝန်ထမ်းတစ်ဦးက ထုတ်ပေးထားခြင်းဖြစ်ကြောင်း ကာယကံရှင်ဦးမင်းဇော်ဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

ယင်းမြေကွက်ပေါ် ရှိအဆောက်အအုံကို နိုဝင်ဘာလ ၁၆ ရက်နေ့နှင့် ဒီဇင်ဘာလ ၈ ရက်နေ့ကတစ်ကြိမ် မြို့နယ်တရားရုံးစာရေးက ဖျက်သိမ်းရန် လာရောက်ခဲ့ရာ အ/၇၇မြေကွက်နှင့်ပတ်သက်သည့်အထောက်အထားများကို ပြသ၍ ကန့်ကွက်ခဲ့ရပြီး ယင်းကန့်ကွက်ချက်များကို မြို့နယ်တရားသူကြီးက လက်မခံခဲ့ကြောင်း၊ ယင်းကဲ့သို့ လက်ဝယ်ပိုင်ဆိုင်ထားသူ၏ သက်သေခံ အထောက်အထားများကို လက်မခံဘဲ ဆုံးဖြတ်ခဲ့သည့် မြို့နယ်တရားသူကြီး၏ လုပ်ဆောင်ချက်အပေါ် လက်မခံနိုင်သည့်အတွက် ယခုကဲ့သို့ ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဦးမင်းဇော်ဦးက ရှင်းပြသည်။

ယင်းသို့ဆန္ဒဖော်ထုတ်ခြင်း အပေါ် ၎င်းအနေနှင့် မည်သို့မျှ သဘောမထားကြောင်း၊ အမှုကိုစစ်ဆေးဆောင်ရွက်စဉ်ကလည်း နှစ်ဖက်ရှေ့နေဖြင့် တရားမျှတစွာဖြေရှင်းခွင့်ပေးခဲ့ပြီး ၎င်းအနေနှင့် ဘက်လိုက်မှုကင်းရှင်းစွာဖြင့် ပြဋ္ဌာန်းဥပဒေများနှင့်အညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်တရားသူကြီး ဦးတင်ဝင်း က ပြောကြားသည်။

■ R-02

# ဖားကန့်တွင် ရေမဆေးကျောက်ရှာဖွေသူတစ်ဦး သေနတ်ဖြင့်ပစ်ခံရ

မြစ်ကြီးနား၊ ဒီဇင်ဘာ ၂၀

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု၊ ငိုးပင်းကျေးရွာရှိ ဝေအောင်ကမ္ဘာကုမ္ပဏီ လုပ်ကွက်အတွင်း ရေမဆေးကျောက် ရှာဖွေသူတစ်ဦး ဒီဇင်ဘာလ ၁၆ ရက်နေ့က သေနတ်ဖြင့်ပစ်ခံရကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ ကုမ္ပဏီလုပ်ကွက်အတွင်း အောင်မြင့်မြတ်နှင့်အတူ သူငယ်ချင်း ခြောက်ဦး ရေမဆေးကျောက်ဝင်ရောက်ရှာဖွေနေစဉ် ၎င်းတို့၏ အရှေ့ဘက် ကိုက် ၅၀ ခန့်အကွာသို့ အမည်မသိ လူ ၁၀ဦးခန့် ရောက်ရှိလာပြီး သေနတ်ဖြင့်ခြောက်ချက်ခန့်ပစ်ခတ်ခဲ့ရာ အောင်မြင့်မြတ်၏ ဝဲဘက်ပေါင်တွင် ဒဏ်ရာရရှိခဲ့ရာ လုံးခင်းတိုက်နယ်ဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ) အဖြစ်ဆေးကုသမှုခံယူနေကြောင်း ယင်းရုံးထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံးခင်းရဲစခန်းက(ပ)၆၂/၂၀၁၆ရာဇသတ်ကြီးပုဒ်မ ၃၀၇အရအမှုဖွင့်၍ သေနတ်ဖြင့် ပစ်ခတ်သူများကို စုံစမ်းလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

ပြီးခဲ့သည့်ဒီဇင်ဘာလ ၃ ရက်နေ့ကလည်း ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငိုးပင်းကျေးရွာရှိ ကုဋေမော်လင်း လက်ဝင်းကျောက်စိမ်း လုပ်ကွက် ကုမ္ပဏီအတွင်း လုံခြုံရေးအစောင့်များနှင့်ရေမဆေးကျောက်ရှာဖွေသူများအကြား ပဋိပက္ခဖြစ်ခဲ့ရာ ရေမဆေးကျောက်ရှာဖွေသူတစ်ဦး သေနတ်ထိမှန် သေဆုံးခဲ့ရသည်။ ■ R-06

# နာဂဒေသ ပန်ဆောင်တွင် သောက်သုံးရေ ရှားပါး

ကလေး၊ ဒီဇင်ဘာ ၂၀

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ပန်ဆောင်မြို့ရှိ လူသုံးထောင်ခန့်နေထိုင်သော ရပ်ကွက်သုံးခုတွင် ဒေသခံများ အသုံးပြုနေသော စိမ့်စမ်းရေတွင်းများ ခန်းခြောက်လာနေသဖြင့် သောက်သုံးရေ ရှားပါးမှုနှင့် စတင် ရင်ဆိုင်နေရကြောင်း ပန်ဆောင်မြို့ ဒေသခံ ဦးမိုင်တိုင်ခုတ်လိုက ပြောကြားသည်။



ဓာတ်ပုံ – ငြိမ်းသူမင်း

ပင်လယ်ရေမျက်နှာပြင် အထက် ပေပေါင်း ၃၀၀၀ ကျော်တွင် တည်ရှိသော ပန်ဆောင်မြို့တွင် ဒေသခံများက တောင်တန်းများကြားမှ စိမ့်ကျလာသော စိမ့်စမ်းရေများကို ပိုက်များဖြင့် သွယ်တန်းကာ ရေကန်အတွင်း စုဆောင်းကာ အသုံးပြုရကြောင်း၊ စိမ့်စမ်းရေများ ခန်းခြောက်သည့် ကာလ ဖြစ်သော ဒီဇင်ဘာလမှ စတင်ကာ သောက်သုံးရေ ရှားပါးမှုနှင့် ကြုံတွေ့လာရသဖြင့် မြို့နှင့် နေ့တစ်ဝက် နီးပါး ခြေလျင်လျှောက်ရသော တကင်းချောင်းမှ ရေကို ခပ်ယူကာ အသုံးပြုနေရကြောင်း ၎င်းက ပြောဆိုသည်။

"အနားမှာရှိတဲ့ စိမ့်စမ်းရေတွင်းတွေက ရေနည်းနည်းပဲ ရှိတော့ မနက်အစောကြီး ဘယ်သူမှ မနိုးခင် တိတ်တိတ်လေးထပြီး သောက်ရေခပ်ကြရတယ်၊ တစ်ယောက်နှစ်ယောက်ခပ်လိုက်ရင်ရေကကုန်သွားပြီး ဒေသခံတွေက ရေကို ရေလိုသုံးချင်ကြတယ်"ဟု ၎င်းက ပြောဆိုသည်။

ပန်ဆောင်မြို့တွင် လူဦးရေ တစ်သောင်းခွဲကျော်နေထိုင်ပြီး တောင်တန်းပေါ်တွင်တည်ရှိသည့် မြို့နယ်တစ်ခုဖြစ်သောကြောင့် သောက်သုံးရေ ရရှိရေးအတွက် မြေအောက်ရေကို တူးဖော်အသုံးပြုရန် စက်ယန္တရားများ မရှိခြင်း၊ နည်းပညာပိုင်း အားနည်းသဖြင့် ရေတွင်းတူးရန် အခက်အခဲရှိနေခြင်း၊ ပန်ဆောင်မြို့နှင့် ၁၅ မိုင်အကွာရှိ ထုံတန်းချောင်းမှ ပန်ဆောင် မြို့သို့ ရေကို သွယ်တန်းပါက ဒေသခံများ အသုံးပြုနိုင်သောကြောင့် ယခင်အစိုးရလက်ထက် တင်ပြခဲ့မှုတွင် စီမံကိန်း ကုန်ကျစရိတ်များပြီး လူနည်းနည်းသာ အကျိုးရှိနိုင်သည်ဟုဆိုကာ မလုပ်ပေးခဲ့ခြင်းတို့ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ကျွန်တော်တို့ ဒေသက ရေနဲ့ဝေးသွားတာ တစ်ခုပဲ ၊ ရေခပ်ရတာ နီးအောင်ဆိုပြီး လူနေတဲ့နေရာကိုတွေကို ပိုက်တွေနဲ့ သွယ်ပေးတာပေါ့၊ တောသူတောင်သားတွေက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အပိုင်းမှာ အားနည်းတော့ တစ်နှစ်ထက်တစ်နှစ် ရေရှားပါးလာတာ အမှန်ပါပဲ"ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဦးလော်ယုံ က ပြောဆိုသည်။

■ R- 20

# ကလေးလုပ်သားလျှော့ချရေးနှင့် လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ ဆွေးနွေး

တောင်ကြီး၊ ဒီဇင်ဘာ ၂၀

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကလေးလုပ်သားလျှော့ချရေးနှင့် လူကုန်ကူးမှုကာကွယ် တားဆီးရေးဆိုင်ရာ ဆွေးနွေးပွဲကို တောင်ကြီးမြို့တွင်ကျင်းပခဲ့ကြောင်း ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းတာဝန်ခံ ဦးကျော်ရဲထွန်းက ပြောကြားသည်။

ယင်းသို့ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိသော်လည်း ဘာသာစကား အခက်အခဲရှိနေ၍ ထိရောက်မှု မရှိသေးကြောင်း ရှမ်းပြည်နယ် လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဦးက ပြောဆိုသည်။

မြန်မာနိုင်ငံ၌ ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးများမှာ လေးသန်းခန့်ရှိကြောင်း၊ ယင်းကလေးငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် အလုပ်လုပ်ကိုင်နေရကြောင်း ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုပြုလုပ်နေသည့်ရတနာမေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေကဆိုသည်။

ကျောင်းပြင်ပရောက်ရှိနေပြီး အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်များမှာ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်တွင် အများဆုံးလုပ်ကိုင်နေရကြောင်း အဆိုပါအဖွဲ့ စီမံကိန်းမန်နေဂျာ နော်ဂျူးလာသန်းက ပြောကြားသည်။ ■ R-10

# သာပေါင်းရှိ ကျေးရွာပိုင် ဘောလုံးကွင်း၊ ကျွန်းစိုက်ခင်း ပြန်လည်ရရှိရေး တောင်းဆို

ပုသိမ်၊ ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လေ့ကြီးတက် ကျေးရွာအုပ်စု၏ ကြက်သွန်ကွင်း ကျေးရွာရှိ အများပိုင် ကျေးလက်ဘောလုံးကွင်းနှင့်ကျွန်းစိုက်ခင်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် အများပိုင် မြေယာအဖြစ်ပြန်လည်ချပေးနိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ထပ်မံ တောင်းဆိုကြောင်း လေ့ကြီးတက်ကျေးရွာအုပ်စု အများပိုင် ဘောလုံးကွင်းနှင့် ကျွန်းစိုက်ခင်း ပြန်လည် ရရှိရေး ကော်မတီထံမှ သိရှိရသည်။

၂၀၁၀ မတိုင်မီ ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းက အဆိုပါ ကျေးလက်ဘောလုံးကွင်းနှင့် ကျွန်းစိုက်ခင်းကို ကိုယ်ကျိုးအတွက် ရောင်းချခဲ့ပြီး ၂၀၁၀မှ ၂၀၁၅ ခုနှစ်အထိ တာဝန်ရှိဌာနဆိုင်ရာ အကြီးအကဲများက ဂရန်စည်းမျဉ်း မကိုက်ညီသော ဂရန် ပုံစံ ၁၀၅ နှင့် ပုံစံ လရ ၃၅ ခ တို့ကို ချထားပေးခဲ့ကြောင်း၊ ထို မြေပေါ်ရှိ ကျွန်းပင် ၄၀၀ ဝန်းကျင်ကို မြေဝယ်ထားသူက ၂၀၁၄ နှင့် ၂၀၁၆ခုနှစ်တို့တွင် ခုတ်လှဲခဲ့ကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်မှုများကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တိုင်းအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများထံ အကြိမ်ကြိမ်တင်ပြ တောင်းဆိုခဲ့သော်လည်း ထိရောက်စွာ ဆောင်ရွက်ပေးခြင်း မရှိသဖြင့် ဒီဇင်ဘာ ၁၉ ရက်နေ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ထပ်မံတောင်းဆိုရခြင်း ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရှိရသည်။

"ကျေးရွာပိုင် ကျွန်းစိုက်ခင်း ခုတ်လှဲဖျက်ဆီးသူကို ရွာသားတွေကိုယ်စား ကော်မတီက တရားစွဲတယ်၊ ရဲကကျင့် ၂၀၂ နှင့် စစ်ဆေးတင်ပြတယ်၊ ရဲကလည်း သက်သေ အထောက်အထား ခိုင်လုံစွာနဲ့ တင်ပြတယ်။ ဒါကို မြို့နယ်တရားရုံးက ပယ်ချလို့ ဒီဇင်ဘာလလယ်လောက်က ပုသိမ်ခရိုင် တရားရုံးကို အယူခံတက်ထားတယ်၊ ပြည်သူအများ ပိုင်ဆိုင်မှုကို အနိုင်အထက်ရယူထားတယ်၊ ဖျက်ဆီးခံရတယ်၊ ဒီအတွက် ဥပဒေရဲ့ တရားမျှတမှုကို ရရှိလိုပါတယ်"ဟု ယင်းကော်မတီ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အောင်က ပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် ကျေးရွာနေ အမျိုးသမီး တစ်ဦးက ယင်းမြေပေါ်မှ ကျွန်းပင် ၂၀၀ခန့် ကိုခုတ်လှဲကာ ခြံခတ်ခဲ့ကြောင်း၊ ဒေသခံများ တိုင်ကြားခဲ့သဖြင့် မကျူးကျော်ရန်၊ အပင်များကို မခုတ်လှဲရန် အုပ်ချုပ်ရေးအဖွဲ့က စာထုတ်တားမြစ်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လက ကျန်ကျွန်းပင်များကို စက်များဖြင့် ခုတ်လှဲဖျက်ဆီးပြီး အစိုးရသစ်မှ လုပ်ပိုင်ခွင့်ပြုလိုက်သည်ဆိုကာ အဆောက်အအုံ များဆောက်လုပ်လာကြောင်း၊ တစ်ရွာတည်းသားချင်း မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရန် တာဝန်ရှိသူများထံ တင်ပြထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောဆိုသည်။

"အရင်တုန်းက ဒီမြေတွေက ပိုင်ဆိုင်မှုမပြနိုင်တဲ့မြေတွေပါ၊ ကျွန်မက ဗိုလ်မှူးကြီး တစ်ယောက်ရဲ့ဇနီးဆီက တရားဝင် ဝယ်ယူပြီး ပုံစံ ၁၀၅ ပုံစံ လရ ၃၀ ခ တို့နဲ့ လက်ဝယ်ပိုင်ဆိုင်မှုရထားတာပါ၊ ဝယ်ယူတုန်းက ဘောလုံးကွင်း ဂိုးတိုင် ရှိခဲ့ဖူးတယ်၊ ကျွန်းပင်တွေကို ကျွန်မ မခုတ်ခဲ့ဘူး"ဟု မြေလက်ဝယ်ပိုင်ဆိုင်ထားသူ ဟု ဆိုသော ဒေါ်ခင်မျိုးအေး ကပြောကြားသည်။

ပုသိမ်-သာပေါင်း ကားလမ်းအနောက်ဘက်ခြမ်းရှိ ကွင်းအမှတ် ၇၁၁ တွင် ပါဝင်သော ၃ ဧကခန့်ကို ကျေးရွာဘောလုံးကွင်း လုပ်ရန်အတွက် ကြက်သွန်ကွင်း ရွာသား ဦးကျော်ရန် က ၁၉၆၃ ခုနှစ်ဝန်းကျင်က လှူဒါန်းခဲ့ကြောင်း၊ ၁၉၈၆ ခုနှစ်တွင် ပုသိမ် - သာပေါင်း ကားလမ်းဖောက်လုပ်ရာ ဘောလုံးကွင်းမြေအချို့ပါသွားသဖြင့် ဘောလုံးကွင်းငယ်အဖြစ် သတ်မှတ်ထားရှိခဲ့ကြောင်း၊ ၂၀၀၈/၂၀၀၉ ခုနှစ်တွင် သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ ထိုမြေ၏ တစ်ဧကခန့်တွင် ကျေးရွာပိုင် ကျွန်းစိုက်ခင်းကိုစိုက်ပျိုးခဲ့ကြောင်း ကျေးရွာအုပ်ချုပ်မှူးရုံးထံမှ သိရှိရသည်။

■ R-12

# ဇီးကုန်းကျေးရွာအုပ်စုကို မြို့အဖြစ်သတ်မှတ်

ရွှေဘို၊ ဒီဇင်ဘာ ၂၀

ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာအုပ်စုကိုမြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကန့်ဘလူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တိုင်းဒေသကြီး အမှတ် ၃ ဦးဝင်းအောင်က ပြောကြားသည်။

အဆိုပါမြို့နယ် ဇီးကုန်းကျေးရွာအုပ်စုသုံးစုကို ပယ်ဖျက်၍ ရပ်ကွက် ၆ ခု ပါဝင်သည့် မြို့အဖြစ် ပြင်ဆင်ဖွဲ့စည်းသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ရန်ကြီးအောင် ရပ်ကွက် ၂၊ အောင်သိဒ္ဓိ ရပ်ကွက်၊ ရန်နိုင်အေး ရပ်ကွက်၊ ချမ်းအေးသာယာ ရပ်ကွက်၊ နဂါးပေါ်ရပ်ကွက်နှင့် လက်ဆည် ရပ်ကွက် ၆ ရပ်ကွက်တို့ပါဝင်ပြီး စံပါယ်နံ့သာ အုပ်စုတွင်လည်း ရွာ ၆ ရွာကို တိုးချဲ့သတ်မှတ်လိုက်ကြောင်း ၎င်းကပြောဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇီးကုန်းမြို့အဖြစ်သတ်မှတ်လိုက်သည့်အပြင် စစ်ကိုင်းမြို့နယ်အတွင်းရှိဆားတောင်ကျေးရွာ အုပ်စု ၁၁ စုကိုလည်း ပယ်ဖျက်၍ ရပ်ကွက် ၁၁ ခုပါ ဆားတောင်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း ဒေသခံများထံမှ သိရသည်။

"မြို့တစ်မြို့မှာ ရှိသင့်ရှိအပ်တဲ့ အင်္ဂါရပ်နဲ့ညီဖို့ရာတော့ အများကြီးလိုမယ်လို့ ယူဆမိတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့လိုမယ်"ဟု မြို့မိမြို့ဖ တစ်ဦးဖြစ်သူ ဆရာမျိုးဝင်းမောင်က ဆိုသည်။ ■ R-09

## မွေးစားမည်ဟုဆိုကာခေါ်ယူထားသည့် မိန်းကလေးအား ရိုက်နှက်ပြီး အဓမ္မပြုကျင့်သူကို အလုပ်နှင့် ထောင်ဒဏ် ၂၁ နှစ် ချမှတ်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

အသက် ၁၂ နှစ်အရွယ် မိန်းကလေးအား ရိုက်နှက်ပြီး အဓမ္မပြုကျင့်ခဲ့သူ အသက် ၂၀ အရွယ် အမျိုးသားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက အနောက်ပိုင်းခရိုင် တရားရုံးက အလုပ်နှင့် ထောင်ဒဏ် ၂၁ နှစ် ကျခံစေရန် အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

ဒဂုံမြို့နယ်၊ ပြည်လမ်းအရှေ့ ရပ်ကွက်၊ ပြည်ထောင်စုရိပ်သာဝင်းတွင် နေထိုင်သော အသက် ၂၀ အရွယ် ရဲထက်ဆိုသူသည် မွေးစားမည်ဟုဆိုကာ ခေါ်ယူထားသည့် မိန်းကလေးကိုညစ်ညမ်း ခွေများပြသကာ အဓမ္မပြုကျင့်ခဲ့ခြင်း၊ တုတ်ဖြင့် ရိုက်နှက်ခြင်း၊ ဆေးလိပ်တိုမီးဖြင့် တို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၃ ဖြင့် ၁၁ လ၊ ရာဇသတ်ကြီးပုဒ်မ ၂၉၃ ဖြင့် ၁ လ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အနောက်ပိုင်းခရိုင် တရားရုံးထံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"တရားလိုပြသက်သေတွေအားလုံး ရဲ့ ထွက်ဆိုချက်၊ အဓမ္မပြုကျင့်ခံရပါ တယ်ဆိုတဲ့ မိန်းကလေးရဲ့ထွက်ဆိုချက် တွေအပေါ် သုံးသပ်တယ်၊ သက်သေ ဆေးစာပြန်ကြားချက်နဲ့ မှုခင်းဆရာဝန် စစ်ဆေးချက်တွေအရ အဓမ္မပြုကျင့်ခဲ့ တယ်ဆိုတာ ထင်ရှားလို့ ထောင်ဒဏ် ချမှတ်ခဲ့တာပါ၊ မိဘက ဘယ်လိုပဲ သဘောတူခွင့်ပြုပါစေ အသက် ၁၆ နှစ် အောက် မိန်းကလေးကို အဓမ္မပြုကျင့် တဲ့အတွက် အမြင့်ဆုံးပြစ်ဒဏ် ချမှတ်လိုက်ခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဓမ္မပြုကျင့်ခံရသူ မိန်းကလေးမှာ ပဲခူးမြို့နယ်၊ ဘုရားကြီး ကျွန်းတောကျေးရွာတွင် နေထိုင်ရာမှ အမွေစား အမွေခံအဖြစ် မွေးစားမည်ဟုဆိုကာ ခေါ်ဆောင်ခြင်းခံခဲ့ရပြီး ကျောင်းနေခွင့်မရခြင်း၊ အိမ်အကူလုပ်ငန်းများ လုပ်ကိုင်ရခြင်း၊ ရိုက်နှက်နှိပ်စက်ခံရခြင်း၊ အဓမ္မပြုကျင့်ခံရခြင်းများကြောင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့က ထွက်ပြေးခဲ့ပြီး ဗဟန်းတောရကျောင်းတိုက်တွင် သီလရှင်ဝတ်ပေးရန် ပြင်ဆင်နေစဉ် မေးမြန်းရာမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ဒဂုံမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

■ J -16

## ဗိုလ်မှူးကျော်နုမော်နေအိမ် မိန်းကလေးနှိပ်စက်ခံရမှု အပြီးသတ် အမိန့်ချမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ဗိုလ်မှူး ကျော်နုမော်နေအိမ်၌ အသက် ရှစ်နှစ်အရွယ် မိန်းကလေး ရိုက်နှက် နှိပ်စက်ခံရမှုကိုဒီဇင်ဘာ ၃၀ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်မည် ဖြစ်ကြောင်း ဗဟန်းမြို့နယ်တရားရုံးထံမှ သိရှိရသည်။

ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ဗိုလ်မှူးကျော်နုမော် နေအိမ်တွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့က အသက် ၈ နှစ်အရွယ်ခန့်မိန်းကလေး တစ်ဦးကို နေပူထဲတွင် ကိုယ်လုံးတည်း ချွတ်ပြီး ကြိုးတုပ်ရိုက်နှက်နေသည့် သတင်းနှင့် ဓာတ်ပုံကို လူမှုကွန်ရက်စာမျက်နှာ Facebook ပေါ်တွင် တွေ့ရှိရာမှတာဝန်ရှိသူများကဝင်ရောက်စစ်ဆေးခဲ့ပြီး ကလေးသူငယ်ဆိုင်ရာဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ်တရားရုံးထံမှ သိရှိရသည်။

"ဒီနေ့ နှစ်ဖက်ရှေ့နေတွေ အပြီးသတ်လျှောက်လဲချက်တင်တာ၊ ဒီဇင်ဘာ ၃၀ ရက်နေ့မှာအပြီးသတ်အမိန့်ချဖို့ ပြန်ချိန်းထားပါတယ်" ဟု ဗဟန်းမြို့နယ်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသက် ၈ နှစ်အရွယ်မိန်းကလေးကိုနှိပ်စက်မှုဖြင့် တရားစွဲဆိုခံရသူမှာ တောင်ငူမြို့နယ်၊ ထန်းသုံးပင်ကျေးရွာတွင် နေထိုင်သောအသက် ၄၂ နှစ်အရွယ် ဒေါ်သန်းနွဲ့ ဖြစ်ပြီး ဗိုလ်မှူးကျော်နုမော် နေအိမ်၌ နေအိမ်အကူလုပ်ကိုင်နေစဉ် ယင်းအမျိုးသမီး၏ တူမဟုဆိုသော မစုဝေကို နေအိမ်ခြံဝင်း နေပူထဲတွင် ကြိုးတုပ်ရိုက်နှက်နှိပ်စက်မှုဖြင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်ကြောင်း ယင်းမြို့နယ်တရားရုံးထံမှ သိရှိရသည်။

တရားစွဲဆိုခံရသောအိမ်အကူ ဒေါ်သန်းနွဲ့နှင့် ရိုက်နှက်နှိပ်စက်ခံရသည်ဟုဆိုသော မစုဝေတို့အား အိမ်ရှင်ဖြစ်သူ ဗိုလ်မှူးကျော်နုမော်၏ ဇနီးက ရဲစခန်းတွင် ခေါ်ဆောင်အပ်နှံပေးခဲ့ပြီး ယင်းဖြစ်စဉ်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးကျော်နုမော်မှာ တာဝန်ရှိသည်ဟုဆိုကာ တပ်မတော်မှ ထုတ်ပယ်ခံလိုက်ရသည်။

■ J-16

## မြောက်ဒဂုံတွင် အငှားယာဉ်မောင်း၏ လက်ကိုင်ဖုန်းလုယူပြေးသူ နှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းနှင့် ဦးပြုံးချိုလမ်းထောင့်တွင် ဒီဇင်ဘာလ ၁၈ ရက် နံနက် ၁ နာရီက အငှားယာဉ်မောင်းထံမှ လက်ကိုင်ဖုန်းလုယူထွက်ပြေးသော အမျိုးသားနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူနှစ်ဦးမှာ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်တွင် နေထိုင်သော အသက် ၂၅ နှစ် ဇော်မျိုးထွန်းနှင့် အသက် ၂၆ နှစ် သီဟအောင်တို့ဖြစ်ပြီး ယင်းနေ့က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၄၆ ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းတွင် ရပ်ထားသည့် Probox အငှားယာဉ်ပေါ်တက်ပြီး ယာဉ်မောင်း၏ Huawei G 730 အမျိုး အစားလက်ကိုင်ဖုန်းကို လုယူထွက်ပြေးခဲ့သည်။

"အငှားယာဉ်မောင်းက အိပ်ငိုက်နေလို့လမ်းဘေးကားရပ်ပြီး ခဏနားနေချိန် သူတို့နှစ်ယောက်က ရောက်လာပြီး ကားအားလားမေးတယ်၊ ပြီးတော့ကားထဲ ဝင်ထိုင်ပြီး ဒိုင်ခွက်ပေါ်မှာ တင်ထားတဲ့ လက်ကိုင်ဖုန်းကို လုယူထွက်ပြေးခဲ့တာ၊ ဖုန်းလုခံရကြောင်း လှည့်ကင်းရဲတပ်ဖွဲ့ထံ တိုင်ကြားခဲ့လို့ လိုက်ရှာရာက သူတို့နှစ်ယောက်ကို လက်ကိုင်ဖုန်းနဲ့အတူ ဖမ်းမိခဲ့တာပါ"ဟု ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိ တစ်ဦးက ပြောကြားသည်။

ယင်းအမျိုးသားနှစ်ဦးကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မ ရဲစခန်းက (ပ) ၂၁၈၀/ ၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့် အရေးယူထားပြီး နိုဝင်ဘာလ ကုန်ပိုင်းက ယင်းမြို့နယ်တွင် ဆိုင်ကယ်ဖြင့် လှည့်လည်လုယက်မှု ကျူးလွန်နေသော ဂိုဏ်းအဖွဲ့မှ အမျိုးသား ၁၄ ဦးကို ရဲတပ်ဖွဲ့က ဖမ်းမိခဲ့သည်။

■ S-03

## လူသတ်မှု ကျူးလွန်သည်ဟု သံသယရှိသော ဗြိတိန်နိုင်ငံသားကို ထိုင်းရဲတပ်ဖွဲ့ နှင့် အင်တာပိုနှင့်ပါ ချိတ်ဆက်ရှာဖွေ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့လယ်ရှိ တိုက်ခန်းတစ်ခုတွင် ဗြိတိန်နိုင်ငံသား အမျိုးသားတစ်ဦး အသတ်ခံရမှုတွင် လူသတ်မှု ကျူးလွန်သည်ဟု သံသယရှိသော ဗြိတိန်နိုင်ငံသားကို ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့နှင့် အင်တာပိုတို့နှင့်ပါချိတ်ဆက်ပြီး စုံစမ်းရှာဖွေနေဆဲဖြစ်ကြောင်း အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ထံမှ သိရသည်။

နိုဝင်ဘာလ ၆ ရက် နံနက်ပိုင်းက ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း (အလယ်) ရှိ ပထမထပ်တိုက်ခန်းတစ်ခုတွင် ဖူးရောင်ညိုမည်းစွဲဒဏ်ရာများဖြင့် သေဆုံးနေသည့် ဗြိတိန်နိုင်ငံခြားသား အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ပြီး ယင်းတိုက်ခန်းတွင်နေထိုင်သော ဗြိတိန်နိုင်ငံသား အမျိုးသားမှာ ထွက်ပြေး တိမ်းရှောင်ခဲ့သောကြောင့် ၎င်းကို တွေ့ရှိရန် ရဲတပ်ဖွဲ့က ပြည်ပနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် ချိတ်ဆက်၍ စုံစမ်းရှာဖွေခဲ့သည်။

"အလောင်းမတွေ့ခင် တစ်ရက်အလိုမှာ ၃၈ လမ်းတိုက်ခန်းမှာ နေထိုင်တဲ့ ဗြိတိန်နိုင်ငံသားက ထိုင်းနိုင်ငံကိုလေကြောင်း ခရီးစဉ်နဲ့ ထွက်ခွာသွားတယ်၊ တိမ်းရှောင်သွားတဲ့ ဗြိတိန်နိုင်ငံသားကို လူသတ်မှုနဲ့ ပတ်သက်ပြီး သံသယရှိနေတာကြောင့် စစ်ဆေးနိုင်ဖို့ သံရုံးထံ အကူအညီတောင်းထားတယ်၊ အိမ်နီးချင်းနိုင်ငံက ရဲတပ်ဖွဲ့တွေဆီပါ သူ့ကိုယ်ရေးအချက်အလက်နဲ့ ဓာတ်ပုံတွေ ပေးပို့ထားတယ်၊ ဒါပေမဲ့ အခုထိ သူ့ကို ရှာမတွေ့သေးဘူး" ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံးသူ ဗြိတိန်နိုင်ငံသားမှာ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာတွင် နေထိုင်သူဖြစ်ပြီး ရန်ကုန်မြို့ရှိ International School တစ်ခုမှ ကျောင်းဆရာတစ်ဦးဖြစ်ကြောင်း၊ ၎င်းမှ မသေဆုံးခင် ယင်းကျောင်းမှ ကျောင်းဆရာဖြစ်သူ ဗြိတိန်နိုင်ငံသား အမျိုးသား နေထိုင်သည့် ၃၈ လမ်း တိုက်ခန်းသို့ အလည်သွားရောက်ရာမှ အသတ်ခံရကြောင်း ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

"လူသတ်မှုမဖြစ်ခင် သူတို့နှစ်ယောက် ပါတီတစ်ခုသွားခဲ့တယ်၊ အရက်သေစာသောက်စားပြီး သေဆုံးသူက ထွက်ပြေးတိမ်းရှောင်သွားတဲ့ ဗြိတိန်နိုင်ငံသားရဲ့ တိုက်ခန်းမှာ လိုက်အိပ်တယ်၊ တိုက်ခန်းထဲမှ သူတို့နှစ်ယောက် အော်ဟစ်ပြောဆိုပြီး လုံးထွေးသတ်ပုတ်တဲ့အသံတွေကို ပတ်ဝန်းကျင်နေသူတွေက ကြားခဲ့ပြီး နိုဝင်ဘာလ ၅ ရက်နေ့မှာ သူက ထိုင်းနိုင်ငံကို လေယာဉ်နဲ့ ထွက်ခွာသွားတယ်၊ ကနဦးစစ်ဆေးချက်တွေအရ လူသတ်မှုကျူးလွန်သူဟာ ထွက်ပြေးတိမ်းရှောင်နေသူ ဖြစ်နိုင်ကြောင်း ယူဆရတယ်၊ ဒါကြောင့် သက်သေခိုင်လုံအောင် တည်ဆောက်နေပြီး သူ့ကို တရားခံပြေးအဖြစ် ကြေညာသွားမယ်၊ ပြီးရင် ဖမ်းဆီးပေးဖို့ အင်တာပိုအဖွဲ့ကို အကူအညီတောင်းသွားမယ်" ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ ဗြိတိန်နိုင်ငံခြားသား အမျိုးသားတစ်ဦး အသတ်ခံရမှုကို ကျောက်တံတား မြို့မရဲစခန်းက (ပ) ၂၄၅/ ၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးနေပြီး ယခုနှစ် ရန်ကုန်တိုင်းဒေသကြီးတွင် ဇန်နဝါရီလမှဒီဇင်ဘာလ ၁၅ ရက်နေ့အထိ လူသတ်မှုပေါင်း ၁၄၀ ကျော် ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

■ S-03

The VOICE Daily

CARTOON



# တိုယိုတာမဲခေါင်ပြိုင်ပွဲဝင် ရတနာပုံအသင်းတွင် စာချုပ် မချုပ်ရသေးသည့် ပြည်ပကစားသမားများ ပါဝင်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

ရတနာပုံအသင်းအနေနှင့် တိုယိုတာမဲခေါင် ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရန်အတွက် စာချုပ်ချုပ်ဆိုရခြင်း မရှိသေးသည့် ပြည်ပကစားသမားများကို ခေါ်ယူသွားကြောင်း ယင်းအသင်းထံမှသိရသည်။

ရတနာပုံအသင်းသည် ၂၀၁၆ ခုနှစ် တိုယိုတာမဲခေါင် ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်အဖြစ် ဗီယက်နမ်ကလပ် SHB Da Nang အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာမည်ဖြစ်သည်။

"ပြည်ပကစားသမားတွေကို ခေါ်ယူသွားမှာပါ။ အသင်းအနေနဲ့ အပြီးသတ်စာချုပ် ချုပ်ထားတာမရှိပါဘူး။ အခုအချိန်အထိ ပြည်ပကစားသမားခေါ်ယူမှု မလုပ်ရသေးပါဘူး။ ဒီပွဲပြီးမှ စာချုပ် ချုပ်ဖြစ်ပါမယ်။ အပြောင်းအလဲတွေလည်း ဖြစ်သွားနိုင်ပါတယ်"ဟု ရတနာပုံအသင်း ပြန်ကြားရေးတာဝန်ခံ ဦးအတာဦးက ပြောကြားသည်။

ရတနာပုံအသင်းသည် ၂၀၁၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုရယူနိုင်ခဲ့သောကြောင့် တိုယိုတာမဲခေါင်ကလပ်ချန်ပီယံရှစ် ပြိုင်ပွဲအပြင် အာရှချန်ပီယံလိဂ် ခြေစစ်ပွဲကိုလည်း ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

တိုယိုတာမဲခေါင်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ ပထမအဆင့်တွင် ဗီယက်နမ်ကလပ် SHB Da Nang အသင်း၊ လာအိုကလပ် Lanexang United နှင့် ရတနာပုံအသင်းတို့ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ပါက ကမ္ဘောဒီးယားကလပ် Boeung Ket Angkor အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရတနာပုံအသင်းအနေနှင့် အုပ်စုဒုတိယပွဲစဉ်အဖြစ် လာအိုကလပ် Lanexang United အသင်းကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

■ J-15

# ဗီယက်နမ်သတင်းစာဖလား လူငယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် မြန်မာ ယူ-၂၁ အသင်း ဂိုးပြတ်ရှုံးနိမ့်

**ဟိုချီမင်းစီးတီး၊ ဒီဇင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဗီယက်နမ်သတင်းစာဖလား လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စု(က) ဒုတိယပွဲစဉ်အဖြစ် မြန်မာ ယူ-၂၁ အသင်းနှင့် ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ယိုကိုဟားမား ယူ-၂၁အသင်းက လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားခဲ့ကြောင်း Bongdanet က ဖော်ပြထားသည်။

မြန်မာ ယူ-၂၁ အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် အိမ်ရှင် ဗီယက်နမ် ယူ-၂၁ အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး လက်ရှိအုပ်စုရပ်တည်မှု အခြေအနေအရ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ် ယူ-၂၁ နှင့် ယိုကိုဟားမား ယူ-၂၁ တို့ပွဲစဉ်၌ ဗီယက်နမ် ယူ-၂၁ အသင်းက လေးဂိုးပြတ်နှင့်အထက် ရှုံးနိမ့်မှသာလျှင် မြန်မာ ယူ-၂၁ အသင်းက ဆီမီးဖိုင်နယ်တက်ခွင့်ကို ရရှိနိုင်တော့မည်ဖြစ်သည်။

ဗီယက်နမ်သတင်းစာဖလား လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို အသင်းသုံးသင်းစီ ပါဝင်သည့် အုပ်စုနှစ်ခုဖြင့် ကျင်းပခြင်းဖြစ်ပြီး အုပ်စုပထမနှင့် ဒုတိယရရှိသည့် အသင်းများမှာ ဆီမီးဖိုင်နယ်အဆင့်သို့ ဆက်လက်တက်ရောက်ခွင့် ရရှိကြလိမ့်မည်ဖြစ်သည်။

အုပ်စု(ခ)တွင် ထိုင်းယူ-၂၁၊ ဗီယက်နမ်ကလပ် ဟောင်အန်းဂီယာလိုင် ယူ-၂၁နှင့် တောင်ကိုရီးယားကလပ် ဂန်းဝန် ယူ-၂၁ အသင်းတို့ပါဝင်ပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ထိုင်း ယူ-၂၁ က ဂန်းဝန် ယူ-၂၁ ကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

■ E-11

## ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

| | |
|---|---|
| **၂၂-၁၂-၂၀၁၆(ကြာသပတေးနေ့) အီတလီစီးရီးအေ ပွဲစဉ်(၁၈)** | |
| နံနက် ၂း၁၅ နာရီ | အင်တာမီလန် - လာဇီယို |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၆)** | |
| နံနက် ၁း၃၀ နာရီ | ဘိုင်ယန်မြူးနစ် - လိုက်ပ်ဇစ်ဂ် |
| နံနက် ၁း၃၀ နာရီ | ဟာသာဘာလင် - ဒရမ်းစတတ်ဒ် |
| နံနက် ၁း၃၀ နာရီ | ကိုလုံး - လေဗာကူဆင် |
| နံနက် ၁း၃၀ နာရီ | အင်ဂေါလ်စတတ်ဒ် - ဖရိုင်းဘတ် |
| နံနက် ၁း၃၀ နာရီ | ဟော့ဖ်ဖန်ဟိမ်း - ဝါဒါဘရီမင် |
| **ပြင်သစ်လီဂူး ပွဲစဉ်(၁၉)** | |
| နံနက် ၂း၂၀ နာရီ | စိန့်အက်တီယန် - နန့်စီ |
| နံနက် ၂း၂၀ နာရီ | ဘော်ဒိုး - နိုက်စ် |
| နံနက် ၂း၂၀ နာရီ | လိုင်လီ - ရန်းနက်စ် |
| နံနက် ၂း၂၀ နာရီ | လိုင်ယွန် - အန်ဂျားစ် |
| နံနက် ၂း၂၀ နာရီ | ပီအက်စ်ဂျီ - လိုရီးယန့် |
| နံနက် ၂း၂၀ နာရီ | ဘတ်စ်တီးယား - မာဆေး |
| နံနက် ၂း၂၀ နာရီ | ဒီဂျွန် - တူးလော့စ် |
| နံနက် ၂း၂၀ နာရီ | မိုနာကို - ကာအန် |
| နံနက် ၂း၂၀ နာရီ | နန်တက်စ် - မောင့်ပဲလီယာ |
| နံနက် ၂း၂၀ နာရီ | မက်ဇ် - ဂူအင်ဂမ့် |
| **စပိန်ဘုရင့်ဖလား ၃၂ သင်းအဆင့်ပွဲစဉ်များ(ဒုတိယအကျော့)** | |
| နံနက် ၀၀း၃၀ နာရီ | ဆီဗီလာ - ဖော်မင်တီရာ |
| နံနက် ၀၀း၃၀ နာရီ | အိုင်ဘား - စပို့တင်းဂီဂျွန် |
| နံနက် ၂း၃၀ နာရီ | အိုဆာဆူနာ - ဂရန်နာဒါ |
| နံနက် ၂း၃၀ နာရီ | ဗလင်စီယာ - လီဂါနက်စ် |
| နံနက် ၂း၃၀ နာရီ | ဒီပို့တီဗို - ဘက်တစ် |
| နံနက် ၃း၃၀ နာရီ | ဘာစီလိုနာ - ဟာကျူလက်စ် |



Daily Mail

# အာဆင်နယ်သို့ ပြောင်းရွှေ့ခွင့် ရလိုကြောင်း ပါယက် ဝန်ခံ

**လန်ဒန်၊ ဒီဇင်ဘာ ၂၀**

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါယက်သည် ၎င်းအနေနှင့် အာဆင်နယ်ထံသို့ ပြောင်းရွှေ့ကစားခွင့်ရနိုင်ရန် အလွန်အမင်း ဆန္ဒပြင်းပြလျက်ရှိကြောင်း ဖွင့်ဟဝန်ခံလိုက်ပြီး ဝက်စ်ဟမ်းကို စွန့်ခွာဖြစ်ခဲ့ပါက ချန်ပီယံလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့်အတွက် အာမခံချက်ရှိနိုင်မည့် အသင်းမျိုးကိုသာ ရွေးချယ်ဖြစ်လိမ့်မည်ဟုလည်း ပါယက်က အသိပေးသွားခဲ့သေးကြောင်း Sky Sports က ဖော်ပြထားသည်။

ပါယက်သည် ၎င်းမှာ အာဆင်နယ်နှင့် ကောင်းစွာအံဝင်နိုင်မည့်ကစားသမားမျိုးဖြစ်သည်ဟု အခိုင်အမာယုံကြည်ထားပြီး နည်းပြအာစင်ဝင်းဂါးကမူ ၎င်းကို ခေါ်ယူရန်အတွက် ကမ်းလှမ်းခြင်းလုံးဝမရှိခဲ့ကြောင်းလည်း ပါယက်က ပြောကြားထားသည်။

ပါယက်သည် အာဆင်နယ်က ၎င်းကိုခေါ်ယူရန် ကမ်းလှမ်းဆက်သွယ်လာလိမ့်မည်ဟု မျှော်လင့်ထားဆဲဖြစ်ပြီး ၎င်းအနေနှင့် အပြောင်းအရွှေ့ကိစ္စများကို ဆွေးနွေးရန် အသင်းတိုင်းအတွက် တံခါးဖွင့်ပေးထားကြောင်း ပါယက်က အသိပေးထားသေးသည်။

RMC သတင်းဌာနနှင့်တွေ့ဆုံခဲ့ရာတွင် ပါယက်က "နည်းပြအာစင်ဝင်းဂါးက ကျွန်တော်ဟာ အာဆင်နယ်ရဲ့ပျောက်ဆုံးနေတဲ့အပိုင်းအစတစ်ခုဖြစ်တယ်လို့ မှတ်ချက်ပေးတဲ့သတင်းတွေကို မကြာခဏဖတ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ခေါ်ယူမယ့် ဆက်သွယ်ကမ်းလှမ်းမှုမျိုးကိုတော့ သူက မလုပ်ဖူးခဲ့ပါဘူး။ လက်ရှိအချိန်မှာ ဝက်စ်ဟမ်းအတွက် အာရုံစိုက်ထားပေမယ့် တစ်ဖက်မှာ အပြောင်းအရွှေ့အတွက်လည်း ကျွန်တော်က တံခါးဖွင့်ထားပါတယ်။ အကျပ်အတည်းတွေရင်ဆိုင်နေရတဲ့ ဝက်စ်ဟမ်းအတွက် ကျွန်တော် အကောင်းဆုံး ပေးဆပ်ကစားသွားမှာပါ။ ဝက်စ်ဟမ်းကို စွန့်ခွာဖြစ်ခဲ့ရင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် အာမခံချက်ရှိတဲ့အသင်းဆီကို ကျွန်တော် ပြောင်းရွှေ့ကစားချင်ပါတယ်။ ချန်ပီယံလိဂ်မှာ မာဆေးနဲ့အတူ ကစားခွင့်ရခဲ့တဲ့အချိန်တွေကို ကျွန်တော် အရမ်းသတိရနေမိတာ အမှန်ပါပဲ"ဟု ပြောကြားသွားခဲ့သည်။

မန်ယူနည်းပြ မော်ရင်ညိုသည် အသင်းကွင်းလယ်တွင် ပေါ့ဂ်ဘာနှင့်တွဲဖက်ရန်အတွက် ပါယက်ကိုခေါ်ယူရန် စိတ်ဝင်စားမှုများရှိနေပြီး ဝက်စ်ဟမ်းနှင့် ပါယက်အကြားတွင် စာချုပ်သက်တမ်းငါးနှစ် ကျန်နေသေးသည့်အတွက် ၎င်း၏တန်ကြေးမှာ အတိုင်းအတာတစ်ရပ်အထိ မြင့်မားဖွယ်ရှိကြောင်း ခန့်မှန်းချက်များလည်း ထွက်ပေါ်နေသည်။ ဝက်စ်ဟမ်းသည် တန်းဆင်းအန္တရာယ်နှင့်ကြုံခဲ့ရလျှင်မူ ပါယက်ကို ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းတည်းဖြင့် အသင်းပြောင်းခွင့်ပေးမည်ဟု သဘောတူညီထားသည်။

■ E-11

# ဝင်ဘယ်လ်ဒန်ချန်ပီယံဟောင်း ကေဗီတိုဗာ ဓားထိုးခံရ

**ပရပ်ဂ်၊ ဒီဇင်ဘာ ၂၀**

ဝင်ဘယ်လ်ဒန် ဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့ဖူးသည့် ချက်တင်းနစ်မယ် ကေဗီတိုဗာသည် အိမ်ဖောက်ထွင်းသူက သူမကို ဓားဖြင့်ထိုးခဲ့သည့်အတွက် ဘယ်ဘက်လက်တွင် ထိခိုက်ဒဏ်ရာရကာ ဆေးကုသမှုခံနေရကြောင်း Sportmail က ဖော်ပြထားသည်။

ကေဗီတိုဗာသည် ချက်နိုင်ငံအရှေ့ပိုင်း ပရော့စ်တီဂျော့ဗ်မြို့ရှိ သူမနေအိမ်တွင် ယခုဖြစ်ရပ်ဆိုးနှင့် ရင်ဆိုင်လိုက်ရခြင်းဖြစ်ပြီး နေအိမ်ကိုဖောက်ထွင်းဝင်ရောက်လာသူက ၎င်းကိုမြင်တွေ့သွားခဲ့သည့် ကေဗီတိုဗာကို ဓားထုတ်၍ အန္တရာယ်ပြုခဲ့ခြင်းဖြစ်သည်ဟု သူမ၏ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ကာရယ်လ်တက်ဂျကယ်လ်က အသိပေးထားသည်။

တက်ဂျကယ်လ်သည် ကေဗီတိုဗာ၏ ဒဏ်ရာမှာ အသက်အန္တရာယ်စိုးရိမ်စရာ မရှိကြောင်းလည်း ရှင်းပြသွားခဲ့ပြီး ယင်းဖောက်ထွင်းမှုမှာ ယမန်နေ့(ဒီဇင်ဘာ ၂၀ ရက်)နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ချက်ရဲတပ်ဖွဲ့က အတည်ပြုထားပြီလည်းဖြစ်သည်။

ကေဗီတိုဗာသည် လက်ရှိတွင် ခြေဖဝါးဒဏ်ရာကြောင့် အနားယူနေရပြီး ဒဏ်ရာအနည်းငယ်ပြင်းထန်သည့်အတွက် လာမည့်ဇန်နဝါရီလတွင်ကျင်းပမည့် ဟုပ်မန်းဖလားပြိုင်ပွဲတွင် ချက်လက်ရွေးစင် တင်းနစ်အသင်းကို သူမအနေနှင့် ကိုယ်စားပြု ကစားပေးနိုင်တော့မည်မဟုတ်ကြောင်းလည်း ကေဗီတိုဗာက အသိပေးထားသည်။

ကေဗီတိုဗာသည် လက်ရှိ ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းတွင် သူမ၏ချစ်သူ ချက်လက်ရွေးစင် ရေခဲပြင်ဟော်ကီကစားသမား ရာဒက်ခ်မိုင်ဒယ်လ်နှင့် လမ်းခွဲခဲ့ပြီး ကေဗီတိုဗာ၏ကြွယ်ဝမှုမှာ ပေါင် ၁၂ သန်းဝန်းကျင်ရှိကြောင်း အားကစားလောက လေ့လာရေးစစ်တမ်းများက ဖော်ပြထားသည်။

■ E-11








# ဆင်စွယ်နှင့် ဝေလငါးအသားရောင်းချခြင်းကို ရပ်တန့်ပေးရန် ရာကူတန်ကို ဘာစီလိုနာ တောင်းဆို

**ဘာစီလိုနာ၊ ဒီဇင်ဘာ ၂၀**

ဘာစီလိုနာအသင်းတာဝန်ရှိသူများသည် ၎င်းတို့၏စပွန်ဆာမိတ်ဖက်သစ်ဖြစ်လာသည့် ဂျပန်နိုင်ငံအခြေစိုက် စီးပွားရေးလုပ်ငန်းစု ရာကူတန်ကို အွန်လိုင်းကတစ်ဆင့် ဆင်စွယ်နှင့် ဝေလငါးအသားများရောင်းချနေခြင်းကို ရပ်တန့်ပေးပါရန် တောင်းဆိုလိုက်ကြောင်း AS က ဖော်ပြထားသည်။

ဘာစီလိုနာအသင်းနှင့် ကာတာလေကြောင်းလိုင်းအကြားတွင် ချုပ်ဆိုထားသည့်စပွန်ဆာစာချုပ်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကာ လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီ စတင်ချိန်တွင် ရာကူတန်နှင့် ဘာစီလိုနာတို့ လက်မှတ်ရေးထိုးထားသည့် စပွန်ဆာစာချုပ်သစ်က စတင်အသက်ဝင်လာတော့မည်ဖြစ်သည်။

ရာကူတန်သည် ဂျပန်နိုင်ငံတွင် အကြီးမားဆုံးသော ဈေးကွက်ဝေစုကို ပိုင်ဆိုင်ရရှိထားသည့် အွန်လိုင်းစီးပွားရေးလုပ်ငန်းစုကြီးဖြစ်ကာ ဆင်စွယ်နှင့် ဝေလငါးအသားတို့ကို အွန်လိုင်းကတစ်ဆင့် ရာကူတန်ရောင်းချခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီလည်းဖြစ်သည်။

ရာကူတန်သည် လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအေဂျင်စီများ၊ တောရိုင်းနှင့် ရေနေသတ္တဝါများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများက ပိုင်းဝန်းကန့်ကွက်သည့်အတွက် ဝေလငါးနှင့် လင်းပိုင်အသားများ ရောင်းချခြင်းတို့ကို ရပ်တန့်တော့မည်ဟု ကတိပေးခဲ့သော်လည်း ယင်းကတိကို စောင့်ထိန်းခြင်းမရှိဘဲ လက်ရှိအချိန်တိုင်သည်အထိ ဝေလငါးနှင့်လင်းပိုင်အသားများရောင်းချခြင်းလုပ်ငန်းကို ရာကူတန်က ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သည်။

ဝေလငါးနှင့် လင်းပိုင်အသားများရောင်းချခြင်းသည် ဂျပန်နိုင်ငံတွင် တရားဝင်လုပ်ငန်းတစ်ခုဖြစ်ပြီး ဆင်စွယ်ကုန်ကူးခြင်းကိုမူ ဂျပန်အစိုးရအာဏာပိုင်များက တရားမဝင်လုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။

ရာကူတန်သည် ဆင်စွယ်ကိုတိုက်ရိုက်ရောင်းချခြင်းမဟုတ်ဘဲ ဆင်စွယ်ဖြင့်ဖန်တီးထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများကို အဓိကထား ရောင်းချနေခြင်းဖြစ်ပြီး ဘာစီလိုနာက ဖိအားပေးတောင်းဆိုလိုက်သည့်အတွက် ဆင်စွယ်နှင့် ဝေလငါးအသားများရောင်းချနေခြင်းကို ရာကူတန်က ရပ်တန့်ပေးနိုင်သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအေဂျင်စီများက မျှော်လင့်ထားကြသည်။

■ E-11

# ဂျူဗင်တပ်နှင့် ဘိုနူချီတို့ ငါးနှစ်သက်တမ်းစာချုပ်သစ် လက်မှတ်ရေးထိုး

**တူရင်၊ ဒီဇင်ဘာ ၂၀**

ဂျူဗင်တပ်အသင်းနောက်ခံကစားသမား ဘိုနူချီသည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုး၍ လာမည့်ဇန်နဝါရီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ချယ်လ်ဆီးထံသို့ ပြောင်းရွှေ့ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေခြင်းကို အဆုံးသတ်ပစ်လိုက်ပြီဖြစ်ကြောင်း Sport mail က ဖော်ပြထားသည်။


Sportsmail

အသက် ၂၉ နှစ်အရွယ်ရှိ ဘိုနူချီသည် ဂျူဗင်တပ်နှင့်အတူ စီးရီးအေပြိုင်ပွဲတွင် ငါးကြိမ်တိုင် ချန်ပီယံဖြစ်ခဲ့ဖူးကာ အဆိုပါ ငါးကြိမ်အနက် သုံးကြိမ်ကို နည်းပြကွန်တီလက်အောက်တွင် ဘိုနူချီကို ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကွန်တီသည် ချယ်လ်ဆီးအသင်းကို စတင်တာဝန်ယူချိန်ကတည်းကပင် ဘိုနူချီကို ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေများအရ လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် ခံစစ်ကိုအား ဖြည့်ရန်အတွက် အခြားသောကစားသမားတစ်ဦးကိုသာ ကွန်တီက ပြောင်းလဲပစ်မှတ်ထား ရှာဖွေသွားရတော့မည်လည်းဖြစ်သည်။

ဘိုနူချီသည် ဂျူဗင်တပ်အသင်းကို ကိုယ်စားပြု၍ စီးရီးအေပွဲစဉ်ပေါင်း ၂၉၀ ပါဝင်ကစားပေးခဲ့ပြီးဖြစ်ကာ ယခုချုပ်ဆိုလိုက်သည့်စာချုပ်သစ်အရ ဘိုနူချီမှာ လာမည့် ၂၀၂၁ ခုနှစ်တိုင်သည်အထိ ဂျူဗင်တပ်ထံတွင် ဆက်ရှိသွားတော့မည်ဖြစ်သည်။

ကွန်တီသည် အသက်အရွယ်နှင့် ကြံ့ခိုင်မှုအခြေအနေများအရ လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် ကစားသမားဘဝက အနားယူဖွယ်ရှိနေပြီဖြစ်သော တယ်ရီ၏နေရာတွင် အစားဖြည့်ရန် ဘိုနူချီကို အလိုရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ ဈေးကွက်ဖွင့်လှစ်ချိန်၌ အသင်းကွင်းလယ်ကို အင်အားဖြည့်တင်းရန်အတွက် ပီအက်စ်ဂျီကွင်းလယ်လူ ဗာရတ်တီကိုခေါ်ယူရန် ကွန်တီက ပြင်ဆင်နေပြီလည်းဖြစ်သည်။

■ E-11

# ဖယ်လိုင်နီကို မန်ယူ သက်တမ်းတိုးဖွယ်မရှိ၊ အေစီမီလန်နှင့် အင်တာမီလန်တို့ ကမ်းလှမ်းဆက်သွယ်

**မန်ချက်စတာ၊ ဒီဇင်ဘာ ၂၀**

မန်ယူအသင်းတာဝန်ရှိသူများသည် ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို သက်တမ်းတိုးဖွယ်မရှိတော့ဘဲ သင့်တော်သည့်ကမ်းလှမ်းမှုတစ်ရပ် ရရှိမည်ဆိုပါက အငှား သို့မဟုတ် အပြီးသတ်ရောင်းချလိုက်ဖွယ်ရှိနေပြီဖြစ်ကြောင်း Channel4 က ဖော်ပြထားသည်။

ဖယ်လိုင်နီသည် လွန်ခဲ့သည့်တနင်္လာနေ့၌ ၎င်း၏အမြွှာအစ်ကိုဖြစ်သူ မန်ဆောအပါအဝင် မန်ယူအသင်းဖော်များနှင့်အတူ အီတလီနိုင်ငံ မီလန်မြို့သို့ရောက်ရှိနေခဲ့ပြီး ၎င်းကိုခေါ်ယူရန် မီလန်မြို့ခံ စီးရီးအေကလပ်အသင်းများဖြစ်ကြသည့် အေစီမီလန်နှင့် အင်တာမီလန်တို့က မန်ယူထံသို့ ကမ်းလှမ်းဆက်သွယ်နေကြောင်း သတင်းများလည်းထွက်နေသည်။

မန်ယူနှင့် ဖယ်လိုင်နီအကြားရှိ စာချုပ်သည် သက်တမ်းအားဖြင့် ၁၈ လသာကျန်ရှိတော့ကာ လက်ရှိဘောလုံးရာသီ အစောပိုင်းကာလများတွင် နည်းပြမော်ရင်ညိုက ၎င်းကို အသင်းပွဲထွက်လူစာရင်း၌ နေရာပေးခဲ့သေးသော်လည်း ယခုတွင်မူ အမှားများ ဆက်တိုက်ကျူးလွန်လာခဲ့သည့်အတွက် ဖယ်လိုင်နီ၏ပွဲထွက်ခွင့် အာမခံချက်မှာ ပျောက်ဆုံးသွားခဲ့ရပြီဖြစ်သည်။

အေစီမီလန်သည် ယမန်နှစ်ဘောလုံးရာသီကတည်းကပင် ဖယ်လိုင်နီကို ခေါ်ယူရန် ကြိုးပမ်းနေခဲ့ခြင်းဖြစ်ကာ အေစီမီလန်နှင့် အင်တာမီလန်တို့အတွက် ဖယ်လိုင်နီကိုခေါ်ယူရေးတွင် အဓိကအတားအဆီးသဖွယ်ဖြစ်နေသည်မှာ မန်ယူထံတွင် ၎င်းရရှိနေသော တစ်ပတ်လုပ်ခလစာ ပေါင် ၁၂၀,၀၀၀ ပင်ဖြစ်သည်။

ဖယ်လိုင်နီသည် အဲဗာတန်နှင့် မန်ယူတို့ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ၎င်း၏အမှားကြောင့် အဲဗာတန်အသင်း ချေပဂိုးရရှိစေမည့် ပင်နယ်တီကိုခွင့်ပြုလိုက်ရသည့်အတွက် မန်ယူပရိသတ်များ၏ လှောင်ပြောင်မှုများဖြင့် ရင်ဆိုင်နေရကာ ဖယ်လိုင်နီကို ရောင်းထုတ်မည် သို့မဟုတ် ဆက်ထိန်းထားမည်ကို နည်းပြမော်ရင်ညိုက ယတိပြတ်ဆုံးဖြတ်ခြင်းမရှိသေးသော်လည်း သင့်တင့်မျှတသည့် ပြောင်းရွှေ့ကြေးမျိုးကို ရရှိမည်ဆိုပါက လူသစ်ဝယ်ယူရန်အတွက် ဖယ်လိုင်နီကို မော်ရင်ညိုက လက်လွှတ်လိုက်ဖွယ်ရှိနေသည်။

■ E-11



# မြန်မာအားကစားအဖွဲ့များ တရုတ်နိုင်ငံတွင် လေ့ကျင့်ရန် နှစ်နိုင်ငံညှိနှိုင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

မလေးရှားနိုင်ငံတွင် ကျင်းပမည့် ၂၉ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် လေ့ကျင့်ပြင်ဆင်သည့်အနေနှင့် တရုတ်နိုင်ငံတွင် မြန်မာအားကစားအဖွဲ့များ ပူးတွဲလေ့ကျင့်ရန် နှစ်နိုင်ငံညှိနှိုင်းထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနထံမှ သိရသည်။

မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့များအနေနှင့် ပြိုင်ပွဲအကြို ပြင်ဆင်သည့်အနေနှင့် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံဘက်က အကြောင်းပြန်ကြားမှုကို စောင့်ဆိုင်းနေသည်ဟု အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောကြားသည်။

“မြန်မာအားကစားအဖွဲ့တွေ စခန်းဝင်လေ့ကျင့်နိုင်ဖို့ တရုတ်နိုင်ငံဘက်ကို တောင်းဆိုထားပါတယ်။ အရင်နှစ်တွေကလည်း ကူညီပေးထားဖူးတယ်ဆိုတော့ အားကစားနည်း ခုနစ်မျိုးလောက် စေလွှတ်ဖို့စီစဉ်ထားတယ်”ဟု ၎င်းကပြောဆိုသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနှင့် ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ သေနတ်ပစ်၊ အလေးမ အစရှိသည့် အားကစားနည်းများကို စေလွှတ်လေ့ကျင့်စေရန် စီစဉ်ထားကြောင်း၊ ယင်းတို့အနက် သေနတ်ပစ်အားကစားနည်းကိုတရုတ်နိုင်ငံက လက်ခံထားကြောင်း အဆိုပါဝန်ကြီးဌာနထံမှ သိရသည်။

တရုတ်နိုင်ငံအနေနှင့် ယခင်နှစ်များက နည်းပြများစေလွှတ်၍ မြန်မာကစားသမားများကို လေ့ကျင့်ပေးမှုများ ပြုလုပ်ခြင်းဖြင့် ကူညီပေးခဲ့ဖူးသောကြောင့် အခြားအားကစားနည်းများကိုလည်း စေလွှတ်လေ့ကျင့်နိုင်ရန် အားကစားနှင့်ကာယပညာဦးစီးဌာနက စီစဉ်နေခြင်းဖြစ်သည်။

မြန်မာအားကစားအဖွဲ့များအနေနှင့် နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ ၂၀၁၃ ခုနှစ် ဆီးဂိမ်းမတိုင်မီကတည်းက ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေနှင့် အားကစားလောကတွင် အာရှအဆင့်သာမက ကမ္ဘာ့ထိပ်သီးအဆင့်ရှိနေရာ ၂၀၁၆ ခုနှစ် ဘရာဇီး အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၆ ခုအပါအဝင် ဆုတံဆိပ် ၇၀ ရရှိခဲ့ပြီး နိုင်ငံအလိုက် တတိယနေရာရရှိခဲ့သလို ၂၀၁၄ ခုနှစ်က တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ် ၁၅၁ ခုအပါအဝင် ဆုတံဆိပ် ၃၄၅ ခု ရရှိကာ နိုင်ငံအလိုက် ပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

■ J-04

# လင်ဒီလော့ဖ်ကိုခေါ်ယူရန် မန်ယူ တရားဝင်ဆွေးနွေး

**မန်ချက်စတာ၊ ဒီဇင်ဘာ ၂၀**

မန်ယူအသင်းတာဝန်ရှိသူများသည် လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် အသင်းခံစစ်ကို အင်အားဖြည့်တင်းရန်အတွက် အသက် ၂၂ နှစ်အရွယ် ဘင်ဖီကာနောက်ခံကစားသမား လင်ဒီလော့ဖ်ကို ခေါ်ယူရန် တရားဝင်ဆွေးနွေးမှုများ စတင်လိုက်ပြီဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။

မန်ယူ အမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝါးဒ်သည် ဘင်ဖီကာအသင်းတာဝန်ရှိသူများကို အသင်းအခြေစိုက်ရာ မန်ချက်စတာမြို့သို့ ဖိတ်ကြား၍ လင်ဒီလော့ဖ်အပြောင်းအရွှေ့အတွက် ဆွေးနွေးနေခြင်းဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကြားတွင် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၃၈ သန်းဝန်းကျင်ဖြင့် သဘောတူညီမှုရရှိရန် နီးစပ်မှုများ ရှိနေပြီလည်းဖြစ်သည်။

မန်ယူနည်းပြ မော်ရင်ညိုသည် လက်ရှိဘောလုံးရာသီ စတင်ချိန်ကတည်းကပင် အသင်းကင်းထောက်များကို ဘင်ဖီကာအသင်း ပွဲစဉ်များသို့စေလွှတ်၍ လင်ဒီလော့ဖ်၏ခြေစွမ်းကို စောင့်ကြည့်အကဲခတ်စေခဲ့ပြီး အသင်းကင်းထောက်များက လင်ဒီလော့ဖ်၏ခြေစွမ်းမှာ မန်ယူနှင့် အံဝင်နိုင်ကြောင်း ထောက်ခံလိုက်အပြီးတွင် အပြောင်းအရွှေ့အတွက် ဆွေးနွေးမှုများ စတင်ရန် မော်ရင်ညိုက အက်ဒ်ဝုဒ်ဝါးဒ်ကို အသိပေးလိုက်ခြင်းဖြစ်သည်။

မော်ရင်ညိုသည် လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် မန်ယူ၏ပထမဦးစားပေးပစ်မှတ်မှာ လင်ဒီလော့ဖ်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံထားပြီး လင်ဒီလော့ဖ်၏နောက်တွင် ဒုတိယဦးစားပေးအဖြစ် မော်ရင်ညိုပစ်မှတ်ထားလျက်ရှိသည်မှာ ဆောက်သမ်တန်ခံစစ်မှူး ဖွန်တီဖြစ်သည်။

မော်ရင်ညိုသည် လာမည့်ဇန်နဝါရီလ၌ ဘေလ်လီကို အာဖရိကနိုင်ငံများဖလားပွဲ ပါဝင်ကစားရန်အတွက် အိုင်ဗရီကို့စ်လက်ရွေးစင်အသင်းထံ စေလွှတ်ပေးရလိမ့်မည်ဖြစ်ကာ ယင်းအတွက် ဗဟိုခံစစ်မှူးသစ်တစ်ဦး မလွဲမသွေ ခေါ်ယူအားဖြည့်ရမည့် အခြေအနေကိုမန်ယူက ရင်ဆိုင်လာခဲ့ရခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် ၎င်းတို့နှင့် စာချုပ်သက်တမ်း ၁၈ လသာကျန်ရှိတော့သည့် ဖွန်တီကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၅ သန်းရရှိပါက လက်လွှတ်ပေးမည်ဖြစ်ကြောင်း အသိပေးထားပြီဖြစ်ကာ ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း အသင်းရှိ ပိုလျှံကစားသမားအချို့ကိုလည်း မော်ရင်ညိုက ရောင်းထုတ်ရန် ပြင်ဆင်နေပြီဖြစ်သည်။

မော်ရင်ညိုသည် လာမည့်ကစားသမားအပြောင်းအရွှေ့ဈေးကွက်နှစ်ခုအတွင်း၌ မန်ယူကို အပြီးသတ်စုဖွဲ့တည်ဆောက်သွားမည်ဟု အသိပေးပြောကြားထားကာ မန်ယူကစားသမားနှစ်ဦးဖြစ်သည့် ရှနိုက်ဒါလင်နှင့် ဒီပေးတို့ကို ခေါ်ယူရန် အဲဗာတန်က ဆက်သွယ်ကမ်းလှမ်းလျက်ရှိသည်။ ■ E-11



# လာမည့် အမေရိကန်ရာသီကြိုခြေစမ်းခရီးတွင် မန်ယူနှင့် မန်စီးတီးတို့ ထိပ်တိုက်တွေ့ဖွယ်ရှိ

**နယူးယောက်၊ ဒီဇင်ဘာ ၂၀**

မန်ချက်စတာမြို့ခံ ဒါဘီပြိုင်ဘက်များဖြစ်ကြသည့် မန်ယူနှင့် မန်စီးတီးတို့သည် လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီအတွက် အမေရိကန်ပြည်ထောင်စုသို့ ရာသီကြို ခြေစမ်းခရီးသွားရောက်ရန် စီစဉ်ထားပြီး အင်္ဂလန်နိုင်ငံ ပြင်ပတွင် ပထမဆုံးအကြိမ်အဖြစ်ယှဉ်ပြိုင်မည့် မန်ချက်စတာဒါဘီပွဲစဉ်ကို အဆိုပါခရီးစဉ်အတွင်း မြင်တွေ့ရဖွယ်ရှိနိုင်ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူသည် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင်လည်း အမေရိကန်ပြည်ထောင်စုသို့သွားရောက်၍ ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ဖူးကာ လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီအတွက် ရာသီကြိုကာလ လေ့ကျင့်မှုများကိုအမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တွင် လုပ်ဆောင်ရန် မန်ယူအသင်းတာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းမှုများ စတင်နေပြီဖြစ်သည်။

မန်ယူသည် လက်ရှိ ၂၀၁၆-၁၇ ဘောလုံးရာသီအတွက် ရာသီကြိုခြေစမ်းခရီးအဖြစ် တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်၍ ဒေါ့မွန်နှင့် အပြည်ပြည်ဆိုင်ရာချန်ပီယံဖလား ရာသီကြိုခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ကာ အဆိုပါပွဲစဉ်၌ ဒေါ့မွန်က မန်ယူကို လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူသွားခဲ့သည်။

တရုတ်နိုင်ငံတွင်ကျင်းပခဲ့သည့် အဆိုပါ အပြည်ပြည်ဆိုင်ရာချန်ပီယံဖလား ရာသီကြို ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မန်ယူ၊ မန်စီးတီးနှင့် ဒေါ့မွန်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကာ ဘေဂျင်းမြို့ရှိ ငှက်သိုက်အားကစားကွင်းကြီးတွင် ကျင်းပရန် စီစဉ်ထားခဲ့သော မန်ယူနှင့် မန်စီးတီးတို့၏မန်ချက်စတာဒါဘီပွဲစဉ်မှာမူ ရာသီဥတုဆိုးရွားလွန်းသည့် အခြေအနေကြောင့် ပွဲပျက်သွားခဲ့ရသည်။

မန်စီးတီးအသင်းသည်လည်း လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် အမေရိကန်ပြည်ထောင်စုသို့ ရာသီကြိုခြေစမ်းခရီးသွားရောက်ရန်အတွက် အပြည်ပြည်ဆိုင်ရာချန်ပီယံဖလား ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဆွေးနွေးမှုများရှိနေပြီး အကယ်၍ နှစ်ဦးနှစ်ဖက် အပြီးသတ်သဘောတူညီမှုရခဲ့မည်ဆိုပါက မြောက်အမေရိကနှင့် ဥရောပဇုန်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ချန်ပီယံဖလားပြိုင်ပွဲ၌ မန်ယူနှင့် မန်စီးတီးတို့အားပြိုင်မည့် ရာသီကြို မန်ချက်စတာဒါဘီပွဲစဉ်ကို မြင်တွေ့ကြရတော့မည်ဖြစ်သည်။ ■ E-11



AP

# စင်ကာပူလေ့လျော်အသင်း မြန်မာနိုင်ငံတွင် ဆယ်ရက်ကြာလေ့ကျင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

အာရှ ထိပ်သီးအဆင့်ရှိသည့် မြန်မာလှေလှော်အားကစားအဖွဲ့နှင့် ဆယ်ရက်ကြာပူးတွဲလေ့ကျင့်ရန် စင်ကာပူအမျိုးသမီး ရိုးရာလှေလှော်အသင်းသည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာလ ၁၉ရက်နေ့က ရောက်ရှိလာကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ထံမှ သိရသည်။

စင်ကာပူအမျိုးသမီးအသင်းအနေနှင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပမည့် ၁၈ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ကျင်းပမည့် အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲတို့အတွက် လာရောက်လေ့ကျင့်ခြင်းဖြစ်သည်ဟု အားကစားနှင့်ကာယပညာဦးစီးဌာနကလည်း ထုတ်ပြန်ထားသည်။

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရယူနိုင်ခြင်းမရှိသေးသည့် စင်ကာပူလှေလှော်အားကစားအဖွဲ့အနေနှင့် အတွေ့အကြုံရရှိစေရန်နှင့် ဆုတံဆိပ်များ ရယူနိုင်ရန် မြန်မာ့လက်ရွေးစင် လှေလှော်အားကစားအဖွဲ့နှင့် ပူးတွဲလေ့ကျင့်ခြင်းဖြစ်သည်။

အဆိုပါ စင်ကာပူအမျိုးသမီးလှေလှော်အားကစားအဖွဲ့တွင် ကစားသမား ၂၆ ဦးပါဝင်လာပြီး ဒီဇင်ဘာလ ၁၉ ရက်မှ ၂၉ ရက်နေ့အထိ ရန်ကုန်မြို့ရှိအင်းလျားကန်တွင် လေ့ကျင့်မည်ဖြစ်သည်။

စင်ကာပူလှေလှော်အားကစားအဖွဲ့အနေနှင့် ရိုးရာလှေလှော်အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ခြင်းမရှိသေးဘဲ အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၂၈ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ကြေးတံဆိပ် ငါးခုသာရရှိခဲ့သည်။ ■ J-04

# ဆုကြေးငွေများရရှိသည့်အတွက် နိုင်ဂျီးရီးယားအမျိုးသမီးအသင်း သပိတ်မှောက်မှု အဆုံးသတ်

**အဘူဂျာ၊ ဒီဇင်ဘာ ၂၀**

နိုင်ဂျီးရီးယားလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၎င်းတို့တောင်းဆိုထားသည့် ဆုကြေးငွေများကို လက်ခံရရှိခဲ့ပြီဖြစ်၍ ထိုင်သပိတ်မှောက်မှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။

နိုင်ဂျီးရီးယားလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၁၆ ခုနှစ် အာဖရိကနိုင်ငံများဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့်အတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၃,၆၅၀ စီ ဆုကြေးငွေရလိုကြောင်း နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ကြပြီး ၎င်းတို့၏တောင်းဆိုချက်ကို ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများဘက်က အကြောင်းပြန်ကြားခြင်းမရှိခဲ့သည့်အတွက် နိုင်ဂျီးရီးယားလက်ရွေးစင်အမျိုးသမီး ကစားသမားများက ၎င်းတို့နေထိုင်ရန် စီစဉ်ပေးထားသည့် ဟိုတယ်တွင် ထိုင်သပိတ်ဆင်နွှဲလိုက်ကြခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ကင်မရွန်းနိုင်ငံတွင် ကျင်းပပြီးစီးသွားခဲ့သည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိမ်ရှင် ကင်မရွန်းလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူ၍ ဆုဖလားဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကာ နိုင်ဂျီးရီးယားလက်ရွေးစင်အမျိုးသမီးကစားသမားများ၏ဆုကြေးငွေတောင်းဆိုမှုကို အကြောင်းမပြန်နိုင်ခဲ့သည်မှာ နိုင်ငံတွင်းရှိ ဘဏ်များအားလုံးက သီတင်းတစ်ပတ်ကြာ အလုပ်မလုပ်ခဲ့၍ ဖြစ်ကြောင်း နိုင်ဂျီးရီးယားဘောလုံးအဖွဲ့ချုပ် မီဒီယာအရာရှိ ရီမီဆူလိုလာက ရှင်းပြသွားခဲ့သည်။

နိုင်ဂျီးရီးယားလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဒီဇင်ဘာလ ၆ ရက်နေ့ကစတင်၍ ထိုင်သပိတ်ဆင်နွှဲခဲ့ခြင်းဖြစ်ကာ နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့ရှိ လွှတ်တော်ရှေ့သို့ သွားရောက်၍လည်း ၎င်းတို့က သပိတ်မှောက်ခဲ့ကြသေးသည်။

နိုင်ဂျီးရီးယားအစိုးရအာဏာပိုင်များသည် အဆုံးသတ်တွင် နှစ်ပတ်လည်ဘဏ္ဍာရေးအသုံးစရိတ်စာရင်း၌ ဘောလုံးအဖွဲ့ချုပ်အတွက် အောင်ပွဲရ အမျိုးသမီးလက်ရွေးစင် ဘောလုံးသမားများကို ဆုကြေးငွေပေးချေရန် အမေရိကန်ဒေါ်လာ ၁ဒသမ ၂ သန်း ဘတ်ဂျက်ခွင့်ပြုလိုက်ပြီး ၎င်းတို့အနေနှင့် တောင်းဆိုသည့်ဆုကြေးငွေများရရှိခဲ့ပြီဖြစ်၍ သပိတ်ကိုအဆုံးသတ်ကာ တည်းခိုရာဟိုတယ်မှနေ၍ ထွက်ခွာခဲ့ပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားလက်ရွေးစင်အမျိုးသမီးဘောလုံးသမားများက အတည်ပြုထားကြပြီလည်းဖြစ်သည်။



BBC

နိုင်ဂျီးရီးယားလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် အာဖရိကနိုင်ငံများဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် အအောင်မြင်ဆုံး အသင်းအဖြစ် စံချိန်စိုက်ထူထားပြီး ယင်းပြိုင်ပွဲတွင် နိုင်ဂျီးရီးယားလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ချန်ပီယံဖြစ်ခဲ့သည်မှာ ရှစ်ကြိမ်တိုင် ရှိသွားခဲ့ပြီလည်းဖြစ်သည်။ ■ E-11




ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဓာတ်ပုံပြပွဲကျင်းပနေသည့် ပန်းချီပြခန်းတွင်း လဲကျသွားသော သံအမတ်ကြီးနှင့် ပစ်ခတ်သူ တူရကီရဲတပ်ဖွဲ့ဝင်

# ရုရှားသံအမတ်ကို တူရကီရဲ ပစ်သတ်

**အန်ကာရာ၊ ဒီဇင်ဘာ ၂၀**

ဆီးရီးယားနိုင်ငံ အလက်ပိုတွင် ရုရှားနိုင်ငံပါဝင်ပတ်သက်မှုကို ဆန္ဒပြသည့်အနေနှင့် တူရကီနိုင်ငံ အန်ကာရာမြို့ရှိ ပန်းချီပြခန်းတစ်ခုတွင် ရုရှားသံအမတ်ကြီးကို တူရကီရဲတစ်ဦးက ပစ်သတ်ခဲ့သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ပစ်သတ်သူသည် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် မက်ဗလတ်မတ်အိုင်ဒင်တပ်စ် ၂၂ နှစ်ဖြစ်ပြီး အုပ်စုတစ်ခုခုနှင့် ဆက်နွယ်မှု ရှိ၊ မရှိကို မသိရသေးပေ။ ဆီးရီးယားသမ္မတ အာဆတ်ကို ရုရှားက ကူညီနေခြင်းကို တူရကီတွင် ကန့်ကွက်ဆန္ဒပြခဲ့ကြပြီး နောက်တစ်ရက်တွင် ပစ်သတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တူရကီသမ္မတအာဒိုဂန်က ရုရှားသမ္မတပူတင်ထံ ဖုန်းဆက်၍ ယခုဖြစ်ရပ်သည် နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး အောင်မြင်မှုမရှိကြောင်း ပြောကြားခဲ့သည်။

သမ္မတပူတင်ကလည်း ယခုဖြစ်ရပ်သည် ဆီးရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံပုံမှန်ဆက်ဆံရေးတို့ကို ပျက်ပြားစေရန် ရည်ရွယ်သော ရန်စတိုက်ခိုက်မှုဖြစ်သည်ဟု မှတ်ချက်ပေးပြောဆိုသည်။

အမှုကိုလေ့လာရန် ရုရှားစုံစမ်းရေးအဖွဲ့ တူရကီသို့ သွားမည်ဟု ပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ပြောကြားသည်။

ရုရှားသံအမတ် အသတ်ခံရမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်ပြီး အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း "စဉ်းစားဉာဏ် မရှိသော အကြမ်းဖက်လုပ်ရပ်ကြောင့် ထိတ်လန့်မိသည်" ဟုပြောကြားသည်။

အလက်ပိုမြို့မှ အခြေအနေနှင့် ပတ်သက်၍ ယခုရက်ပိုင်းတွင် ဆန္ဒပြပွဲများ ဖြစ်ပေါ်နေသော်လည်း အပစ်အခတ်ရပ်စဲရေးအတွက် တူရကီနှင့် ရုရှားအစိုးရတို့ ညှိနှိုင်းဆောင်ရွက်ပေးနေကြသည်။

တိုက်ခိုက်မှုမဖြစ်ပွားမီက ရုရှား၊ တူရကီ၊ အီရန်နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကို အင်္ဂါနေ့တွင် မော်စကို၌ ကျင်းပရန် စီစဉ်ထားပြီးဖြစ်သည်။

ယခုလူသတ်မှုကို အမေရိကန်၊ ယူကေ(ဗြိတိန်)၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးများက ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြသည်။

ရုရှားသံအမတ်ကြီးသည် 'ရုရှားအပေါ် တူရကီတို့၏အမြင်' ဟု အမည်ပေးထားသော ဓာတ်ပုံပြပွဲတွင် အမှာစကားပြောကြားနေစဉ် သေနတ်ဖြင့် ပစ်ခံရခြင်းဖြစ်သည်။

အနောက်တိုင်းဝတ်စုံကိုစမတ်ကျကျဝတ်စားထားသော သေနတ်သမားက ပစ္စတိုဖြင့်ပစ်ခတ်ကာ "အလက်ပိုကို မမေ့ကြနဲ့၊ အလ္လာဟူကဘား" စသည်ဖြင့် အာရပ်စကားဖြင့် အော်ဟစ်ခဲ့သည်ကို ဗီဒီယိုများတွင် တွေ့မြင်ရသည်။ ၎င်းသည်လည်း ရဲများ၏ပစ်ခတ်မှုကြောင့် သေဆုံးသွားသည်။

သံအမတ်ကြီး ကာလော့ဗ်ကို ဆေးရုံသို့ ပို့ခဲ့သော်လည်း အသက်မမီတော့ပေ။

ကာလော့ဗ် ၆၂ နှစ်သည် ၁၉၈၀ ခုနှစ်များက မြောက်ကိုရီးယားတွင် ဆိုဗီယက်သံအမတ်အဖြစ် တာဝန်ယူခဲ့ဖူးသော စစ်မှုထမ်းဟောင်း သံတမန်တစ်ဦးဖြစ်သည်။

ယခုဖြစ်ရပ်အတွက် တူရကီက ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးကာ ကျူးလွန်မှုနောက်ကွယ်မှ တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူသွားမည်ဟု အာမခံချက် ပေးထားသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ပြောကြားသည်။




ပစ်ခတ်မှုဖြစ်ပွားစဉ် ပန်းချီပြခန်းတွင်း ထိတ်လန့်နေသူများ

■ F-04

## ALSO IN NEWS

### ချက်ကိုပေးရမယ့်အကြွေး ဒေါ်လာ ၂၇၆ သန်းအတွက် ရမ်အရက်တွေ ယူမလားလို့ ကျူးဘားကမ်းလှမ်း

ကျူးဘားနိုင်ငံဟာ ချက်သမ္မတနိုင်ငံကို ချေးငွေအချို့အတွက် ပြန်ပေးစရာ ဒေါ်လာသန်းပေါင်းများစွာ အကြွေးတင်နေပါတယ်။ ဒါပေမဲ့ ကွန်မြူနစ်အစိုးရဟာ အကြွေးတင် ခံချင်ပုံမရပါဘူး။ ပိုက်ဆံအစား ရမ်အရက်တွေယူမလားလို့ ကမ်းလှမ်းလိုက်ပါသတဲ့လေ။

ကျူးဘားဟာ ရမ်အရက်ကောင်းတွေထွက်တာမို့ နာမည်ကြီးပါတယ်။ ကျူးဘားရဲ့လူကြိုက်များ ရမ်အရက်တွေကို ပြန်လည်ပေးအပ်မယ်လို့ ကမ်းလှမ်းခံရကြောင်း ချက်သမ္မတနိုင်ငံရဲ့အစိုးရအရာရှိတွေက ပြောကြားပါတယ်။

မကြာသေးခင်ကပြုလုပ်ခဲ့တဲ့ ညှိနှိုင်းဆွေးနွေးပွဲတွေအပြီးမှာ ကြွေးပြန်ယူဖို့အတွက် နီးစပ်မှုတွေရှိလာခဲ့ပါတယ်။

အဲဒီ ဒေါ်လာ ၂၇၆ သန်းဖိုး ရမ်အရက်တွေကို ချက်က လက်ခံမယ်ဆိုရင်တော့ သူတို့နိုင်ငံအတွက် ရာစုနှစ်တစ်ခုစာလောက် အရက်ကတော့ လုံလောက်သွားမှာဖြစ်ပါတယ်။ ငွေကြေးအနေနဲ့ လက်ခံဖို့ရာကို ပိုနှစ်သက်ပါတယ်လို့ ချက်အစိုးရကတော့ ပြောထားပါတယ်။

ကျူးဘားဟာ ချက်ကို အကြွေးတွေ တဖြည်းဖြည်းတင်နေတာ စစ်အေးခေတ်ကတည်းက ဖြစ်ပါတယ်။ ကျူးဘားမှာ ပေးစရာပိုက်ဆံတော့ အများကြီးမရှိပါဘူး။ ဒါပေမဲ့ တခြားပေးစရာတွေတော့ ရှိပါတယ်။ ရမ်လည်းရှိတယ်။ ဆေးဝါးပစ္စည်းတွေလည်း ကျူးဘားက ထွက်ပါသေးတယ်။ ■F-02

### ဝေလနယ်ရဲ့သိုးကောင်ရေဟာ လူဦးရေထက် သုံးဆများပြား

ဝေလနိုင်ငံဟာ လူဦးရေနည်းတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နောက်ဆုံးရတဲ့ ကိန်းဂဏန်းတွေအရ ဝေလမှာ သိုးကောင်ရေဟာ လူဦးရေရဲ့သုံးဆဖြစ်နေပါပြီတဲ့။ ပြီးခဲ့တဲ့ခုနစ်နှစ်အတွင်းမှာပဲ သိုးကောင်ရေ ၂ သန်းလောက် ထပ်တိုးလာခဲ့တယ်လို့ စိုက်ပျိုးရေးဌာနက သတင်းထုတ်ပြန်ထားပါတယ်။

ဝေလမှာ ပြည်သူသုံးသန်းကျော်ရှိပြီး သိုးကတော့ ၉ ဒသမ ၈၁ သန်း ရှိပါတယ်တဲ့။ ဝေလနိုင်ငံရဲ့ သိုးကောင်ရေဟာ ၁၉၉၀ ကာလတွေက ၁၂ သန်းအထိ ရောက်သွားခဲ့ဖူးပါတယ်။

သိုးကောင်ရေ များပြားလာတာမို့ ဝေလနိုင်ငံရဲ့ထုတ်လုပ်ရေးကဏ္ဍအတွက် အောင်မြင်မှုရှိလာတာလို့ဆိုနိုင်တယ်လို့ အသားထုတ်လုပ်ရေးလုပ်ငန်းရဲ့သတင်းထုတ်ပြန်ရေးမှူး ဂွန်ရစ်ချက်စ် က ပြောကြားထားပါတယ်။

"ဝေလနိုင်ငံရဲ့ သိုးသားထုတ်လုပ်ရေးလုပ်ငန်းအတွက်တော့ စိန်ခေါ်မှုတွေ ရှိနေဆဲဖြစ်ပါတယ်"လို့ မစ္စတာရစ်ချက်က ဆိုပါတယ်။

ထုတ်လုပ်သူတွေ ဈေးကောင်းရဖို့ အရေးကြီးတယ်လို့လည်း သူက ဆိုပါသေးတယ်။ ဝေလနိုင်ငံရဲ့မြေမျက်နှာသွင်ပြင်ဟာ သိုးတွေကျက်စားတဲ့ စားကျက်မြေတွေ အလွန်များလို့ အဆင်ပြေပါတယ်။ ■ F-02

